# ကြေးမုံ
The Mirror Daily
၁၉၅၇ ခုနှစ် ဧပြီ ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957


**ဂုဏ်တော်ထူးနှင့် ပြည့်စုံတော်မူ**

မြတ်စွာဘုရားသည် စိုးရိမ်ကြောင့်ကြမှုမရှိဘဲ အလွန်ချမ်းသာစွာ အသက်မွေးနိုင်ကုန်၏။ ဆွမ်းအာဟာရ မရသော်လည်း အာဘဿရဘုံရှိ ဗြဟ္မာကြီးများကဲ့သို့ ပီတိ ဟူသောအစာကို စားသုံး၍ နေနိုင်ကုန်၏။ (ထိုသို့ဂုဏ်တော်ထူးနှင့် ပြည့်စုံတော်မူပေသော မြတ်စွာဘုရားအား ရည်မှန်း၍ ပူဇော်ကန်တော့ရာ၏)

သုခဝဂ်(ဓမ္မပဒ-၂၀၀)


၁၃၈၀ ပြည့်နှစ် တပို့တွဲလပြည့်ကျော် ၃ ရက်၊ သောကြာနေ့။ Friday 22 February 2019 ၉၅၇၀


# နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် ချင်းပြည်နယ်အတွင်းရှိ အုပ်ချုပ်ရေး၊ ဥပဒေပြုရေးနှင့် တရားစီရင်ရေးမဏ္ဍိုင်တို့မှ တာဝန်ရှိသူများနှင့် တွေ့ဆုံ

ဟားခါး ဖေဖော်ဝါရီ ၂၁

**နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်သည် နံနက် ၁၀ နာရီတွင် ဟားခါးမြို့ မြို့တော်ခန်းမ၌ ချင်းပြည်နယ်အစိုးရအဖွဲ့၊ ပြည်နယ်လွှတ်တော်၊ ပြည်နယ်တရားလွှတ်တော်နှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်များမှ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် တွေ့ဆုံသည်။**

တွေ့ဆုံစဉ် နိုင်ငံတော်သမ္မတက မိမိတို့နိုင်ငံတွင် ဒီမိုကရေစီဖက်ဒရယ် ပြည်ထောင်စု တည်ဆောက်ရေးအတွက် တာဝန်ရှိသည့်ပုဂ္ဂိုလ်အားလုံးက တက်ညီလက်ညီ သန္နိဋ္ဌာန်ချ၍ ဆောင်ရွက်လျက်ရှိပါကြောင်း၊ ထိုသို့ဆောင်ရွက်သည့်အခါ အစိုးရအဖွဲ့တစ်ဖွဲ့တည်းဖြင့် ပြုပြင်ပြောင်းလဲရေး ဆောင်ရွက်နိုင်မည် မဟုတ်ပါကြောင်း၊ ပြုပြင်ပြောင်းလဲရာတွင် ဌာနဆိုင်ရာအဖွဲ့အစည်း အသီးသီးတွင်လည်း တာဝန်ရှိကြပါကြောင်း။

**အခွင့်အလမ်းကောင်းဖြစ်**

မိမိတို့နိုင်ငံသည် ခေတ်ဟောင်းစနစ်ဟောင်းမှ ခေတ်သစ်စနစ်သစ် ဒီမိုကရေစီ အသွင်ကူးပြောင်းရေးကာလကို စတင်၍ခြေလှမ်းနေကြခြင်း ဖြစ်ပါကြောင်း၊ တချို့မှာ ပြုပြင်ပြောင်းလဲရေးအတွက် စိုးရိမ်ခြင်းများ ရှိပါကြောင်း၊ ပြုပြင်ပြောင်းလဲရေးသည် ရန်သူမဟုတ်ပါကြောင်း၊ မိတ်ဆွေကောင်းတစ်ဦး ဖြစ်ပါကြောင်း၊ မိမိတို့နိုင်ငံနှင့် နိုင်ငံသူနိုင်ငံသားများအတွက် အခွင့်အခါကောင်း၊ အခွင့်အလမ်းကောင်းဖြစ်သည်ကို ဌာနဆိုင်ရာအသီးသီးက သိရှိစေလိုပါကြောင်း။

**တက်ညီလက်ညီပြောင်းလဲ**

အများအားဖြင့် နိုင်ငံသူ နိုင်ငံသားများ ထင်မြင်ကြသည်မှာ အစိုးရအဖွဲ့ပြောင်းပါက ပြုပြင်ပြောင်းလဲမှုဖြစ်သည်ဟု ထင်ကြပါကြောင်း၊ အမှန်တကယ်မှာ အစိုးရအဖွဲ့ ပြုပြင်ပြောင်းလဲခြင်း ပြုလုပ်ရုံသာမက အဆင့်ဆင့်သော ဌာနဆိုင်ရာ အဖွဲ့အစည်းအသီးသီးက လိုက်ပါ

**စာမျက်နှာ ၃ ကော်လံ ၁ သို့ ✪**




နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် ဟားခါးမြို့ မြို့တော်ခန်းမ၌ ကျင်းပသည့် တွေ့ဆုံပွဲသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။




## ၂၀၁၉ ခုနှစ်၊ (၇၄) နှစ်မြောက် တပ်မတော်နေ့ ဦးတည်ချက်များ

(က) အမျိုးသားရေးမူဝါဒဖြစ်သော ဒို့တာဝန်အရေးသုံးပါးနှင့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေး၊ ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ် ကာကွယ်စောင့်ရှောက်ရေးတို့ကို အဓိကထားဆောင်ရွက်ရေး။

( ခ ) သမိုင်းကြောင်းအရ နိုင်ငံတော်၏ ပကတိလိုအပ်ချက်ဖြစ်သည့် တည်ငြိမ်အေးချမ်းရေး၊ စည်းလုံးညီညွတ်ရေး၊ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးတို့အား တပ်မတော်၏ ရပ်တည်ချက်အဖြစ် စဉ်ဆက်မပြတ် ခံယူလုပ်ဆောင်ရေး။

( ဂ ) ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသောပြည်ထောင်စုအဖြစ် တည်ဆောက်ရာတွင် မဖြစ်မနေလိုအပ်သော ထာဝရငြိမ်းချမ်းရေးရရှိရန်အတွက် ဒို့တာဝန်အရေးသုံးပါးကို အခြေခံသော ငြိမ်းချမ်းရေးမူဝါဒ (၆)ရပ်ဖြင့် တပ်မတော်မှ ခိုင်ခိုင်မာမာဆောင်ရွက်ရေး။

(ဃ) နိုင်ငံတော်၏ ပိုင်နက်နယ်မြေနှင့် အချုပ်အခြာအာဏာကို ထိရောက်စွာ ကာကွယ်စောင့်ရှောက်နိုင်မည့် စွမ်းရည်ထက်မြက်သည့် တပ်မတော် တည်ဆောက်ရေး။

## ကြေးမုံ

### ကြိုတင်ကာကွယ်ခြင်းဖြင့် စောင့်ရှောက်

ခန္ဓာရှိလျှင် ဒုက္ခနှင့်မကင်းနိုင်ဟု တရားတော်တွင်ဆိုသကဲ့သို့ ဒုက္ခအမျိုးမျိုးတို့အနက် ၉၆ ပါးသော အနာရောဂါတို့သည် လူသတ္တဝါတို့ကို တစ်မျိုးမဟုတ်တစ်မျိုး နှိပ်စက်နိုင်ပေသည်။ အနာရောဂါအမျိုးမျိုးတို့တွင် မကူးစက်နိုင်သောရောဂါနှင့် ကူးစက်နိုင်သောရောဂါဟူ၍ရှိရာ ယခုကဲ့သို့ ဆောင်းမှနွေသို့ အကူးအပြောင်းကာလတွင် ကူးစက်တတ်သောရောဂါများကို အထူးသတိပြုရမည်ဖြစ်သည်။

ရာသီအကူးအပြောင်းတွင် လူ၊ တိရစ္ဆာန်တို့၌ ကူးစက်ရောဂါ တစ်မျိုးမဟုတ်တစ်မျိုး ဖြစ်ပွားတတ်သည်။ ယခုကာလတွင် လူတို့၌ ဝက်သက်ရောဂါဖြစ်ပွားနေပြီး တိရစ္ဆာန်များတွင် ဖြစ်ပွားနေကျ ကြက်ငှက်တုပ်ကွေးရောဂါတို့အပြင် အာဖရိကဝက်အပြင်းဖျားရောဂါပါ ဖြစ်ပွားနေသဖြင့် ဖြစ်ပွားရာဒေသများတွင် ထိရောက်စွာကုသနှိမ်နင်း ဆောင်ရွက်နေပြီး မဖြစ်ပွားသေးသောဒေသများသို့ ကူးစက်ခြင်းမရှိနိုင်အောင် ကြိုတင်ကာကွယ်တားဆီးနေပေသည်။

ရာသီအလိုက်ဖြစ်ပွားသည့် ဝက်သက်ရောဂါသည် ဝက်သက်ဗိုင်းရပ်စ်ပိုးကြောင့် ဖြစ်ပွားသည့် အလွန်ကူးစက်မြန်သောရောဂါဖြစ်ပြီး ကလေးငယ်များအား ကူးစက်မြန်သဖြင့် အထူးဂရုစိုက်ကာကွယ်စောင့်ရှောက်ပေးရမည်ဖြစ်သည်။ တစ်ဦးနှင့်တစ်ဦး ကူးစက်နိုင်သည့်ရောဂါဖြစ်၍ နှာချေခြင်း၊ ချောင်းဆိုးခြင်း၊ ရောဂါရှိသူနှင့် နီးကပ်စွာနေထိုင်ခြင်းတို့ကို သတိထားရမည်ဖြစ်သည်။ ပထမဆုံးရောဂါလက္ခဏာမှာ တစ်ရက်မှ ခုနစ်ရက်အတွင်း အပြင်းဖျားပြီး နှာရည်ယိုခြင်း၊ ချောင်းဆိုးခြင်း၊ မျက်မြေးရောင်ခြင်းနှင့် ပါးစောင်တွင် သေးငယ်သော အဖြူစက်ပေါ်လာသည်။

ဝက်သက်ရောဂါနှင့် အဆုတ်ရောင်ရောဂါ တွဲ၍ဖြစ်ပွားခြင်းသည် ကလေးသေဆုံးမှုမြင့်မားစေသည်ကို သတိထားရမည်ဖြစ်သည်။ ကူးစက်မြန်ရောဂါဖြစ်ပြီး အထူးသဖြင့် အာဟာရချို့တဲ့သည့် ကလေးငယ်များတွင် ရောဂါပြင်းထန်ကာ နောက်ဆက်တွဲရောဂါများ ဖြစ်ပွားနိုင်ခြင်း၊ ခန္ဓာကိုယ်နှင့်ဉာဏ်ရည်ဖွံ့ဖြိုးမှု ကျဆင်းနိုင်သည့်အပြင် အသက်သေဆုံးသည်အထိဖြစ်ပွားနိုင်ပြီး ထိုရောဂါကို အလျင်အမြန်ကုသခြင်း၊ ကာကွယ်ဆေးထိုးနှံခြင်းဖြင့်သာ ကာကွယ်နိုင်သည်။

ဝက်သက်နှင့် ဂျိုက်သိုးရောဂါ ကာကွယ်ဆေးအစုလိုက်ထိုးနှံခြင်းကို ရန်ကုန်တိုင်းဒေသကြီး ခုနစ်မြို့နယ်မှ ကလေးငယ် ခြောက်သိန်းခန့်အတွက် ကာကွယ်ဆေးအပိုဆောင်း အစုလိုက်ထိုးနှံရန် နိုင်ငံခြားငွေအမြောက်အမြား အကုန်အကျခံကာ ဆောင်ရွက်ပေးလျက်ရှိသည်။ အဆိုပါမြို့နယ်များတွင် အသက် ၁၅ နှစ်အောက် ကလေးငယ်များအား ယခုလ ဖေဖော်ဝါရီ ၁၇ ရက်မှ ၂၈ ရက်အထိ ထိုးနှံပေးလျက်ရှိရာတွင် ပါဝင်ဆောင်ရွက်ကြရမည်ဖြစ်သည်။

ယခုရာသီတွင် တိရစ္ဆာန်များအနေဖြင့် ကြက်ငှက်တုပ်ကွေးရောဂါများ ဖြစ်ပွားလေ့ရှိပြီး လက်ရှိကာလအထိ နိုင်ငံပေါင်း ၁၆ နိုင်ငံ၌ ရောဂါဖြစ်ပွားခဲ့သည်။ နိုင်ငံအသီးသီးတွင် ကြက်ငှက်တုပ်ကွေးရောဂါသည် ရာသီမရွေး ဖြစ်ပွားနိုင်သဖြင့် မြန်မာနိုင်ငံအနေဖြင့်လည်း ကြက်၊ ဘဲ၊ ငုံးခြံများတွင် ဇီဝလုံခြုံမှုကို စနစ်တကျမြှင့်တင်ရန် လိုအပ်သည်။ ရောဂါမဖြစ်ပွားစေရေးအတွက် ဆေးဖျန်းခြင်း၊ တိရစ္ဆာန်များကို သန့်ရှင်းစွာကိုင်တွယ်ခြင်း၊ အသား၊ ဥတို့ကို သေချာစွာချက်ပြုတ်ပြီးမှ စားသုံးခြင်းတို့ကို ပြုလုပ်ရမည်ဖြစ်သည်။

ယခုအခါ အာဖရိကဝက်အပြင်းဖျားရောဂါများ ဖြစ်ပွားလျက်ရှိရာ မြန်မာနိုင်ငံနှင့် နယ်နိမိတ်ချင်းထိစပ်လျက်ရှိသည့် ယူနန်ပြည်နယ်အပါအဝင် တရုတ်နိုင်ငံ အလယ်ပိုင်း၊ အရှေ့ပိုင်းနှင့် အရှေ့မြောက်ပိုင်းတွင် ရောဂါပျံ့နှံ့ဖြစ်ပွားခဲ့ပြီး ဝက်ကောင်ရေ တစ်သန်းနီးပါးကို သုတ်သင်ရှင်းလင်းခဲ့ရာ မြန်မာနိုင်ငံသို့ ထိုရောဂါများ ကူးစက်မပြန့်ပွားရေး၊ မြန်မာနိုင်ငံရှိ ဝက်များကို သတိပြုစစ်ဆေးရေး၊ အစားအသောက်များကို လုံခြုံစိတ်ချမှုစားသုံးရေးတို့ကို အထူးလိုက်နာရန်လိုအပ်သည်။

သို့ဖြစ်ရာ ယခုကာလတွင် လူနှင့် တိရစ္ဆာန်များတွင် ဖြစ်ပွားလေ့ရှိသော ရောဂါများကူးစက်ပျံ့နှံ့ဖြစ်ပွားခြင်း မရှိစေရန်အတွက် ကျန်းမာရေးဌာနနှင့် သက်ဆိုင်ရာဌာနများ၏ လမ်းညွှန်မှာကြားချက်များနှင့်အညီ ပြည်သူများ လိုက်နာဆောင်ရွက်ကြရန် တိုက်တွန်းအပ်ပါသည်။ ။

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

## သီရိလင်္ကာနိုင်ငံ၏ တရားစီရင်ရေးဆိုင်ရာ လွတ်လပ်မှုနှင့် တာဝန်ခံမှု အလုပ်ရုံဆွေးနွေးပွဲ ကျင်းပ




**နေပြည်တော် ဖေဖော်ဝါရီ ၂၁**

နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာခုံရုံး၏ သုတေသနလုပ်ငန်းများ ဆောင်ရွက်ရာတွင် အတွေ့အကြုံနှင့် အသိပညာများ တိုးပွားလာစေရန်၊ သီရိလင်္ကာနိုင်ငံ၏ တရားစီရင်ရေးဆိုင်ရာ လွတ်လပ်မှု၊ တာဝန်ခံမှုတို့နှင့် ပတ်သက်၍ အသိအမြင်၊ ဗဟုသုတများ ကျယ်ပြန့်လာစေရန်၊ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ အတွေးအခေါ်များ မြင့်မားလာစေရန် ရည်ရွယ်၍ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာခုံရုံးနှင့် International Institute For Democracy and Electoral Assistance (IDEA) တို့ပူးပေါင်း၍ "သီရိလင်္ကာနိုင်ငံ၏ တရားစီရင်ရေးဆိုင်ရာ လွတ်လပ်မှုနှင့် တာဝန်ခံမှု" အလုပ်ရုံဆွေးနွေးပွဲကို ယမန်နေ့ နံနက် ၉ နာရီတွင် နေပြည်တော်ရှိ သင်္ဂဟဟိုတယ်၌ ကျင်းပသည်။

**အမှာစကားပြောကြား**

အလုပ်ရုံဆွေးနွေးပွဲတွင် နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာခုံရုံးအဖွဲ့ဝင် ဦးကျော်ဆန်းက အဖွင့်အမှာစကား ပြောကြားပြီး International IDEA မှ ဌာနေကိုယ်စားလှယ် Mr. Mark Mc Dowell က ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားသည်။

**ရှင်းလင်းဆွေးနွေး**

ထို့နောက် အလုပ်ရုံဆွေးနွေးပွဲကို အစီအစဉ်အတိုင်း ဆက်လက်ကျင်းပရာ အီဒင်ဘရာတက္ကသိုလ် ဥပဒေပညာဌာနမှ ကထိက၊ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ အီဒင်ဘရာစင်တာ၏ ညွှန်ကြားရေးမှူး Dr. Asanga Welikala က သီရိလင်္ကာနိုင်ငံ၏ တရားစီရင်ရေးဆိုင်ရာ လွတ်လပ်မှုနှင့် တာဝန်ခံမှုခေါင်းစဉ်ဖြင့် ဆွေးနွေးသည်။ ဆွေးနွေးချက်များနှင့်ပတ်သက်၍ တက်ရောက်လာသူများက သိရှိလိုသည်များကို မေးမြန်းဖြည့်စွက်ဆွေးနွေးခဲ့ကြသည်။

ထို့နောက် နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာ ခုံရုံးအဖွဲ့ဝင် ဦးကျော်ဆန်းက အလုပ်ရုံဆွေးနွေးပွဲ ကျင်းပခြင်းနှင့်စပ်လျဉ်း၍ ကျေးဇူးတင်စကား ပြောကြားသည်။

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲသို့ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာခုံရုံး အဖွဲ့ဝင်များဖြစ်ကြသော ဦးတင်မောင်မြင့်၊ ဦးခင်မောင်ချို၊ ဦးကျော်ဆန်း၊ ညွှန်ကြားရေးမှူးချုပ်၊ ရုံးအဖွဲ့မှူး၊ ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် ခုံရုံးသုတေသနအဖွဲ့မှ အရာထမ်းများ၊ IDEA မှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေ လဲလှယ်နှုန်း

**နေပြည်တော် ဖေဖော်ဝါရီ ၂၁**

ရန်ကုန်(ရွှေဈေး) ၁၀၈၂၅၀၀ - ၁၀၈၂၅၀၀ မန္တလေး(ရွှေဈေး) ၁၀၈၂၅၀၀ - ၁၀၈၂၅၀၀

| စက်သုံးဆီဈေးနှုန်း | | ရန်ကုန် | မန္တလေး |
|---|---|---|---|
| (က) ဒီဇယ် | တစ်လီတာ | ၈၅၀/၉၁၅ ကျပ် | ၉၁၅/၉၃၀ ကျပ် |
| (ခ) အောက်တိန်း ၉၅ | တစ်လီတာ | ၇၅၅/၈၂၀ ကျပ် | ၈၅၅/၈၇၅ ကျပ် |
| (ဂ) အောက်တိန်း ၉၂ | တစ်လီတာ | ၆၇၀/၇၃၀ ကျပ် | ၇၅၅/၇၉၅ ကျပ် |
| (ဃ) အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၈၆၀/၉၂၅ ကျပ် | ၉၃၀/၉၄၅ ကျပ် |

**ရန်ကုန် လက်ကားဈေး**

ဒီဇယ် တစ်လီတာ ၈၉၅/၉၁၀ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၉၀၅/၉၂၀ ကျပ်၊ အောက်တိန်း ၉၂ တစ်လီတာ ၇၄၀/၇၅၅ ကျပ်

**(မြန်မာနိုင်ငံစက်သုံးဆီအသင်း)**

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | | |
|---|---|---|---|---|
| (က) | အမေရိကန် | တစ်ဒေါ်လာ | = | ၁၅၂၉.၀ |
| (ခ) | ဥရောပ | တစ်ယူရို | = | ၁၇၃၆.၃ |
| (ဂ) | တရုတ် | တစ်ယွမ် | = | ၂၂၇.၆၆ |
| (ဃ) | ထိုင်း | တစ်ဘတ် | = | ၄၉.၀၄၆ |
| (င) | မလေးရှား | တစ်ရင်းဂစ် | = | ၃၇၄.၉၈ |
| (စ) | အိန္ဒိယ | တစ်ရူပီး | = | ၂၁.၅၀၄ |
| (ဆ) | ဂျပန် | တစ်ရာယန်း | = | ၁၃၈၀.၈ |
| (ဇ) | တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၃၅.၈၄ |
| (ဈ) | သြစတြေးလျ | တစ်ဒေါ်လာ | = | ၁၀၈၇.၀ |
| (ည) | စင်ကာပူ | တစ်ဒေါ်လာ | = | ၁၁၃၀.၃ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှရယူသည်**

ကြေးမုံ

**စာတည်းမှူးချုပ်** - ဦးဝင်းရွှေ
**စာတည်းမှူး** - ဦးဝင်းနိုင်
**စာတည်းများ** - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ
**သတင်းထောက်မှူး** - ဦးမြင့်စိုး
**ဘာသာပြန်စာတည်းများ** - ဦးဇော်ဝင်း၊ ဦးအောင်ကျော်ကျော်
**အကြီးတန်းသတင်းထောက်များ** - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဦးသက်ထွေး၊ ဒေါ်သီသီမင်း
**အငယ်တန်းသတင်းထောက်များ** - ဦးအောင်ကျော်ဦး၊ ဦးကိုမင်း၊ ဒေါ်စန်းယဉ်ဦး၊ ဒေါ်ခင်စုစုလှိုင်၊ ဒေါ်နေဇာဇာထွန်း၊ ဦးအေးမင်းသူ
**ဓာတ်ပုံသတင်းထောက်** - ဦးခင်မောင်ဝင်း

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်(၀၀၆၄၀) ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

ကြေးမုံ Mirror Established in 1957
၁၉၅၇ ခုနှစ် ဇန်နဝါရီ ၁၆ ရက် တွင် စတင်ထုတ်ဝေသည်။

Gmail themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၇၅၊ ဖြန့်ဖြူးရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၉၉၄၂၇

✪ ရှေ့ဖုံးမှ

ပြောင်းလဲရမည်ဖြစ်ပါကြောင်း၊ ထို့အတူ နိုင်ငံသူနိုင်ငံသားများကလည်း မိမိတို့၏ပြုပြင်ပြောင်းလဲလိုသည့် စိတ်ဓာတ်များ၊ ခံယူချက်များကို ပြောင်းလဲနိုင်မှ ပြုပြင်ပြောင်းလဲမှုဖြစ်ပါကြောင်း၊ တစ်နည်းအားဖြင့် အစိုးရ၊ လွှတ်တော်နှင့် ကျန်သည့်ဌာနဆိုင်ရာအားလုံး တက်ညီလက်ညီ ပြောင်းလဲကြရမည်ဖြစ်ပါကြောင်း။

**အခွင့်အရေးများရရှိရန်ဆောင်ရွက်**

ဒီမိုကရေစီတွင် လွတ်လပ်မှု၊ တန်းတူညီမျှမှု၊ သာတူညီမျှမှုများ ရှိပါကြောင်း၊ ဒီမိုကရေစီသည် နိုင်ငံသူနိုင်ငံသားများအတွက် လုံခြုံစိတ်ချမှုရှိသည့်အပြင် ပျော်ရွှင်ချမ်းမြေ့စေမှု စသည့်အခွင့်အရေးများ ရှိပါကြောင်း၊ မိမိတို့နိုင်ငံသည် ပြည်ထောင်စုနိုင်ငံဖြစ်ပါကြောင်း၊ တိုင်းရင်းသားလူမျိုးများအားလုံးမပါဘဲ ပြည်ထောင်စုဟုပြော၍ မရပါ ပြည်ထောင်စုကို သွားမည်ဆိုပါက ဒီမိုကရေစီကျင့်စဉ်များ ပါဝင်သည့် ဥပဒေပြုရေးဖြစ်စေရန်၊ ဖက်ဒရယ်စနစ်များ ပါဝင်သည့် ဥပဒေပြုရေးဖြစ်စေရန် ဥပဒေပြုရေးမဏ္ဍိုင်က ပြဋ္ဌာန်းပေးရမည်ဖြစ်ပါကြောင်း၊ ပြည်နယ်အတွက် လိုအပ်သည့်ဥပဒေများကို မှန်မှန်ကန်ကန် ပြဋ္ဌာန်းပေးနိုင်မှသာ အဆိုပါဥပဒေနှင့်အညီ အုပ်ချုပ်ရေးမဏ္ဍိုင်က အုပ်ချုပ်မည်ဖြစ်ပါကြောင်း၊ ယခင်ဥပဒေအတိုင်းသာ တည်ရှိနေပါက စီမံခန့်ခွဲသည့် အုပ်ချုပ်ရေးအပိုင်းတွင်လည်း ယခင်အတိုင်းပင်ဖြစ်နေမည် ဖြစ်ပါကြောင်း၊ အုပ်ချုပ်ရေးမဏ္ဍိုင်နှင့် ဥပဒေပြုရေးမဏ္ဍိုင်တို့ ဟန်ချက်ညီရန် ဂရုစိုက်စေလိုပါကြောင်း။

**လူ့အခွင့်အရေးအသီးအပွင့်များကိုခံစား**

တရားစီရင်ရေးကဏ္ဍနှင့်စပ်လျဉ်း၍ လွတ်လပ်သော တရားစီရင်ရေးဖြစ်ရန် လိုအပ်ပါကြောင်း၊ ဖွဲ့စည်းပုံအခြေခံ



**နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် ဟားခါးမြို့ မြို့တော်ခန်းမ၌ ချင်းပြည်နယ်အစိုးရအဖွဲ့၊ ပြည်နယ်လွှတ်တော်၊ ပြည်နယ်တရားလွှတ်တော်နှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်များမှ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် တွေ့ဆုံပွဲတွင် အမှာစကားပြောကြားစဉ်။**



ကြောင်း၊ တိုင်းရင်းသားများအားလုံး ပါဝင်မှသာ ပြည်ထောင်စုဟု ပြောနိုင်ပါကြောင်း၊ တိုင်းရင်းသားပြည်သူများအားလုံး တန်းတူညီမျှသည့် အခွင့်အရေးများရရှိရန်၊ ဖက်ဒရယ် အခွင့်အရေးများရရှိရန်၊ ဒီမိုကရေစီ အခွင့်အရေးများရရှိရန်၊ တရားမျှတခြင်း၊ လွတ်လပ်ခြင်းနှင့်ညီမျှခြင်း အခွင့်အရေးများရရှိရန် ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း။

ထိုသို့ ဆောင်ရွက်ရာတွင် အဓိကအားဖြင့် အုပ်ချုပ်ရေး၊ ဥပဒေပြုရေးနှင့် တရားစီရင်ရေး မဏ္ဍိုင်ကြီးသုံးရပ်သည် အဓိကကျပါကြောင်း၊ အုပ်ချုပ်ရေးအပိုင်းတွင် မိမိတို့နိုင်ငံသူနိုင်ငံသားများအပေါ် တရားဥပဒေစိုးမိုးသည့် အုပ်ချုပ်ရေးစနစ်ဖြစ်စေလိုပါကြောင်း၊ နိုင်ငံသူ နိုင်ငံသားများ ကိုယ်လုံခြုံမှု၊ စိတ်လုံခြုံမှု၊ ပျော်ရွှင်ချမ်းမြေ့မှုပေးသည့် စီမံခန့်ခွဲသည့် ယန္တရားတစ်ခု ဖြစ်စေလိုပါကြောင်း၊ နိုင်ငံသူနိုင်ငံသားများကို ဖိနှိပ်ချုပ်ချယ်သည့် အုပ်ချုပ်မှုမျိုး မဖြစ်စေလိုပါကြောင်း။

**ကိုယ်ချင်းစာတရားနှင့်အညီ ဆောင်ရွက်ပေးစေလို**

ယင်းသည် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု၏ ရည်ရွယ်ချက်များဖြစ်ပါကြောင်း၊ ဌာနဆိုင်ရာ အဖွဲ့အစည်း အသီးသီးအနေဖြင့် တရားမျှတ၍ ကိုယ်ချင်းစာတရားနှင့်အညီ ဆောင်ရွက်ပေးစေလိုပါကြောင်း၊ တရားမျှတသည့် လူ့အဖွဲ့အစည်းဖြစ်မှသာ ဒီမိုကရေစီတည်တံ့ခိုင်မြဲမည် ဖြစ်ပါကြောင်း။

ထို့အတူ ဥပဒေပြုရေးမဏ္ဍိုင်အနေဖြင့်လည်း တရားမျှတသည့် ဥပဒေများဖြစ်စေရန်၊ ဒီမိုကရေစီဖက်ဒရယ် ဥပဒေပုဒ်မ ၁၁(က)အရ ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေးကဏ္ဍ တစ်ခုနှင့်တစ်ခု ဝင်စွက်ဖက်၍ မရပါကြောင်း၊ တရားသူကြီး၏ ဆင်ခြင်တုံတရားအရ ဆုံးဖြတ်ဆောင်ရွက်ချက် မှန်ကန်မှု၊ မျှတမှု ရှိ၊ မရှိကိုသာ အုပ်ချုပ်ရေးပိုင်းနှင့် ဥပဒေပြုရေးပိုင်းက အပြန်အလှန် ထိန်းကျောင်းပေးရမည်သာဖြစ်ပါကြောင်း။

အစိုးရအဖွဲ့၏ ပြုပြင်ပြောင်းလဲသည့် ပေါ်လစီကို အကောင်အထည်ဖော်ရာတွင် ပြည်နယ်နှင့် တိုင်းဒေသကြီး အစိုးရအဖွဲ့များသည် အဓိကကျပြီး အကောင်အထည်ဖော်ပေးရမည်ဖြစ်ကြောင်း၊ မိမိတို့တိုင်းပြည် ဖွံ့ဖြိုးတိုးတက်ရန်နှင့် အနာဂတ်မျိုးဆက်သစ်များ ဒီမိုကရေစီနှင့် လူ့အခွင့်အရေး အသီးအပွင့်များကို ခံစားနိုင်အောင် လက်တွေ့ ပြုပြင်ပြောင်းလဲရေးများကို ဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း။

**ခြိုးခြိုးခြံခြံဖြင့် စနစ်တကျသုံးစွဲ**

နိုင်ငံ့ဝန်ထမ်းများအနေဖြင့် ပေးအပ်သည့် တာဝန်အပေါ် ကျေပွန်စွာတာဝန်ထမ်းဆောင်ရန် လိုအပ်ပြီး ပြည်သူကိုဗဟိုပြုသည့် ဝန်ဆောင်မှု ကောင်းကောင်း ပေးရမည်ဖြစ်ကြောင်း၊ အခြေခံစိတ်ထားမှာ ပြည်သူက မိမိတို့ကို နိုင်ငံ့တာဝန်ထမ်းဆောင်ရန် ပြည်သူ့အခွန်ဘဏ္ဍာများနှင့် လစဉ်ချီးမြှင့်ငွေ ပေးထားခြင်းဖြစ်သည်ဟု သဘောပေါက်ရန် လိုအပ်ပါကြောင်း။

နိုင်ငံ့ဝန်ထမ်းများသည် နိုင်ငံတော်အပေါ် သစ္စာရှိ၍ နိုင်ငံတော်၏ ကျေးဇူးတရားကို သိရှိကာ ပြဋ္ဌာန်းထားသော နိုင်ငံ့ဝန်ထမ်းဥပဒေ၊ နည်းဥပဒေနှင့် စည်းမျဉ်းစည်းကမ်းများကို လေးစားလိုက်နာရမည် ဖြစ်ပါကြောင်း၊ ထိုသို့ လေးစားလိုက်နာသော နိုင်ငံ့ဝန်ထမ်းကောင်းများ တိုးပွားလာပါက နိုင်ငံလည်းကောင်းမည်ဖြစ်ပါကြောင်း။

ပြည်နယ်အစိုးရအနေဖြင့် စီမံကိန်းတစ်ခု ဖော်ဆောင်မည်ဆိုပါက ယင်းစီမံကိန်းသည် မိမိဒေသအတွက် အကျိုးရှိ၊ မရှိနှင့် အမှန်တကယ် လိုအပ်မှု ရှိ၊ မရှိ၊ စီမံကိန်း ဖြစ်နိုင်ခြေ ရှိ၊ မရှိတို့ကို စဉ်းစားတွက်ချက် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ထိုသို့ စဉ်းစားရာတွင် လွှတ်တော်ပိုင်းက စီမံကိန်းတစ်ခု၏ ငွေကြေးကုန်ကျမှု၊ ဒေသပေါက်ဈေး စသည်တို့ကို စစ်ဆေးရမည့်အပြင် စာရင်းစစ်အပိုင်းကလည်း ပြည်သူ့ဘဏ္ဍာများ လေလွင့်ဆုံးရှုံးမှု မရှိစေရန် ကြည့်ရှုရမည်ဖြစ်ပါကြောင်း၊ မိမိတို့အမှန်တကယ် လိုအပ်၍ လုပ်ဆောင်ရပါက အချိန်နှင့်တစ်ပြေးညီ ပြီးစီးအောင် ဆောင်ရွက်ရမည့်အပြင် အမှန်တကယ် ကုန်ကျစရိတ်မှ ပိုလျှံသည်များကို နိုင်ငံတော်သို့ ပြန်လည်အပ်နှံရမည်ဖြစ်ပြီး ဘဏ္ဍာရေးစည်းမျဉ်းစည်းကမ်းနှင့်အညီ ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ ပြည်သူ့ဘဏ္ဍာငွေကို ကိုင်တွယ်သုံးစွဲရာ၌ ခြိုးခြိုးခြံခြံဖြင့် စနစ်တကျ သုံးစွဲရမည် ဖြစ်ပါကြောင်း။

**တိတိကျကျ အရေးယူသွားမည်**

မူးယစ်ဆေးဝါးပြဿနာမှာ ပြည်ထဲရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၏ ကြိုးပမ်းဆောင်ရွက်မှုများ ရှိပါကြောင်း၊ မူးယစ်ဆေးဝါးကိစ္စများတွင် တချို့က မသိချင်ယောင်ဆောင်၍ မျက်နှာလွှဲထားသည်များရှိပါကြောင်း၊ ဖမ်းဆီးရမည်ကို မဖမ်းဆီးဘဲထားခြင်း၊ အရေးယူရမည်ကို အရေးမယူဘဲထားခြင်း စသည့်ကိစ္စများ တွေ့ရှိလာပါက တိတိကျကျ အရေးယူသွားမည်ဖြစ်ပါကြောင်း။

တရားစီရင်ရေးကို ပြန်လည်တည့်မတ်ရမည်ဖြစ်ပါကြောင်း၊ တရားဥပဒေစိုးမိုးမှုရှိမှ ဒီမိုကရေစီ တည်တံ့ခိုင်မြဲမည်ဖြစ်ပါကြောင်း၊ နိုင်ငံသူနိုင်ငံသားများအားလုံး တရားဥပဒေရှေ့မှောက်၌ ညီတူညီမျှဖြစ်ရမည်ဖြစ်ပါကြောင်း၊ သို့မှသာ တရားဥပဒေ၏ အရိပ်အာဝါသကို နိုင်ငံသူ နိုင်ငံသားတိုင်း ခံစားရမည်ဖြစ်ပါကြောင်း၊ တရားဥပဒေစိုးမိုးမှုရှိမှသာ ပြည်တွင်းငြိမ်းချမ်းရေးအတွက် အထောက်အကူဖြစ်မည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် ဒီမိုကရေစီအခွင့်အရေး၊ လူ့အခွင့်အရေး၊ တရားဥပဒေစိုးမိုးရေးများသည် ချိတ်ဆက်နေပါကြောင်း၊ တစ်ခုချိုးဖောက်လျှင် အခြားတစ်ခုလည်း ချိုးဖောက်ခံရမည် ဖြစ်ပါကြောင်း။

**မျက်ခြည်မပြတ် ကြပ်မတ်ဆောင်ရွက်**

နိုင်ငံတော်အစိုးရ၏ လုပ်ငန်းတစ်ခု၊ မူဝါဒတစ်ခုချမှတ်ပါက ပြည်နယ်အစိုးရအနေဖြင့် ယင်းလုပ်ငန်းစဉ် မည်မျှပြီးစီးသည်ကို မျက်ခြည်မပြတ် ကြပ်မတ်ဆောင်ရွက်သွားရန်နှင့် လုပ်ငန်းစဉ်၏ လိုအပ်ချက်များကို ဌာနဆိုင်ရာ အဖွဲ့အစည်းများအား ပြုပြင်ခြင်း၊ ညွှန်ပြသင့်သည်များကို ညွှန်ပြခြင်းများ၊ ကြီးကြပ်ကွပ်ကဲခြင်းတို့ ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ် ဦးဆလိုင်းလျန်လွှယ်က ချင်းပြည်နယ်အစိုးရအဖွဲ့၏ ဒေသဖွံ့ဖြိုးရေး လုပ်ငန်းဆောင်ရွက်နေမှုများကို လည်းကောင်း၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးဇိုဘွဲ့က စာမျက်နှာ ၄ သို့ »»




နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် ဖလမ်းမြို့နယ် (ဆူရ်ဘုန်) လေယာဉ်ကွင်း စီမံကိန်းလုပ်ငန်းခွင်အတွင်း လုပ်ငန်းများဆောင်ရွက်နေမှုကို ကြည့်ရှုစဉ်။

»» စာမျက်နှာ ၃ မှ
လွှတ်တော်ရေးရာလုပ်ငန်း ဆောင်ရွက်မှုများကို လည်းကောင်း၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ် ဦးဝင်းမြင့်ကျော်က တရားလွှတ်တော်ရေးရာ လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

### လိုအပ်ချက်များကို ဦးစားပေးဆောင်ရွက်

နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်က တင်ပြချက်များနှင့် စပ်လျဉ်း၍ ဖြည့်ဆည်းဆောင်ရွက်ပေးရမည့် ကိစ္စရပ်များကို သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း၊ နိုင်ငံသူ နိုင်ငံသားများ၏ လိုအပ်ချက်များကို အတတ်နိုင်ဆုံး ဖြည့်ဆည်းပေးနိုင်ရန် ကြိုးစားဆောင်ရွက်လျက်ရှိပါကြောင်း၊ အထူးသဖြင့် နိုင်ငံတော်အစိုးရအနေဖြင့် မဖွံ့ဖြိုးသေးသည့် ဒေသများနှင့် တိုင်းရင်းသားများ၏ လိုအပ်ချက်များကို ဦးစားပေးဆောင်ရွက်ပေးနေပါကြောင်း ပြောကြားသည်။

ထို့နောက် နိုင်ငံတော်သမ္မတသည် တွေ့ဆုံပွဲသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

### ရှင်းလင်းတင်ပြ

မွန်းလွဲပိုင်းတွင် နိုင်ငံတော်သမ္မတနှင့်အဖွဲ့သည် ဖလမ်းမြို့နယ် (ဆူရ်ဘုန်) လေယာဉ်ကွင်း တည်ဆောက်ရေးစီမံကိန်းသို့ ရောက်ရှိကြရာ လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမင်းလွင်နှင့် ညွှန်ကြားရေးမှူး ဦးကျော်စိုးတို့က (ဆူရ်ဘုန်) လေယာဉ်ကွင်းဆိုင်ရာ အချက်အလက်များ၊ မြေသားလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု၊ ဘဏ္ဍာငွေရရှိမှုအပေါ်မူတည်၍ လုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်နေမှုနှင့် ပြီးစီးမှု၊ အရည်အသွေးကောင်းမွန်စေရန် ကြီးကြပ်ဆောင်ရွက်နေမှုနှင့် ဆက်လက်ဆောင်ရွက်သွားမည့် လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်နှင့် ပြည်နယ်ဝန်ကြီးချုပ် ဦးဆလိုင်းလျန်လွယ်တို့က ဖြည့်စွက်ရှင်းလင်းတင်ပြကြသည်။

နိုင်ငံတော်သမ္မတက တင်ပြချက်များနှင့်စပ်လျဉ်းပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်များ ဟန်ချက်ညီ ဖွံ့ဖြိုးတိုးတက်စေရန်အတွက် ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် ဒေသဖွံ့ဖြိုးရေး လိုအပ်ချက်များကို ဦးစားပေးဖြည့်ဆည်းပေးလျက်ရှိပါကြောင်း၊ ယခုတည်ဆောက်လျက်ရှိသည့် (ဆူရ်ဘုန်) လေယာဉ်ကွင်းမှာ ရေရှည်တည်တံ့ခိုင်မြဲရေး၊ ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် သတ်မှတ်ချိန်အတွင်း စီမံကိန်းလုပ်ငန်းများ ပြီးစီးစေရေး ကြိုးပမ်းဆောင်ရွက်သွားကြရန် လိုအပ်ပါကြောင်း ပြောကြားသည်။

ထို့နောက် နိုင်ငံတော်သမ္မတသည် ဖလမ်းမြို့နယ် (ဆူရ်ဘုန်) လေယာဉ်ကွင်း စီမံကိန်းလုပ်ငန်းခွင်အတွင်း မြေဖြတ်ခြင်းနှင့် တောင်ဖြိုခြင်းလုပ်ငန်းများ၏ ဆောင်ရွက်ပြီးစီးမှုအခြေအနေတို့နှင့် မြေထိန်းနံရံ တည်ဆောက်လျက်ရှိသည့်နေရာများကို လှည့်လည်ကြည့်ရှုသည်။

ဖလမ်းမြို့နယ် (ဆူရ်ဘုန်) လေယာဉ်ကွင်း တည်ဆောက်ခြင်းဖြင့် တောင်တန်းထူထပ်ပေါများသော ချင်းပြည်နယ်အတွင်းရှိ ဒေသခံပြည်သူများ၏ လမ်းပန်းဆက်သွယ်မှု အဆင်ပြေချောမွေ့စေပြီး လူမှုရေး၊ ကျန်းမာရေး၊ အုပ်ချုပ်ရေး၊ လုံခြုံရေးကိစ္စများ၊ စီးပွားရေး၊ ကုန်သွယ်ရေး၊ ခရီးသွားလာရေးလုပ်ငန်းနှင့် အရေးပေါ်ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ပြီး ဒေသခံပြည်သူများ၏ လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ခြင်းဖြင့် ချင်းပြည်နယ် ဒေသဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း သိရပါသည်။

ယင်းနောက် နိုင်ငံတော်သမ္မတနှင့်အဖွဲ့သည် (ဆူရ်ဘုန်)လေယာဉ်ကွင်းမှ ကလေးမြို့သို့ ရောက်ရှိပြီး ထိုမှတစ်ဆင့် တပ်မတော်အထူးလေယာဉ်ဖြင့် ပြန်လည်ထွက်ခွာကြရာ နေပြည်တော်သို့ ညနေပိုင်းတွင် ပြန်လည်ရောက်ရှိ ကြသည်။

**သတင်းစဉ်**

# အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင် ဂျပန် - မြန်မာ ချစ်ကြည်ရေးကပွဲ တက်ရောက်

**နေပြည်တော် ဖေဖော်ဝါရီ ၂၁**

ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနနှင့် ဂျပန်နိုင်ငံ MANJUSHAKA နိုင်ငံတကာ ယဉ်ကျေးမှုဖလှယ်ရေးအကအဖွဲ့တို့ ပူးပေါင်းတင်ဆက်သည့် ဂျပန် - မြန်မာ ချစ်ကြည်ရေး ကပွဲကို ယနေ့ညနေ ၆ နာရီခွဲတွင် နေပြည်တော်ရှိ Hotel Max ၌ ကျင်းပသည်။





ကပွဲ၌ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်က ယခုကပွဲသည် ဂျပန်-မြန်မာ ချစ်ကြည်ရေးနှင့် ဆက်ဆံရေးကို ပိုမိုကောင်းမွန်စေမည်ဖြစ်ပြီး နှစ်နိုင်ငံ ခရီးသွားလာမှုနှင့် ဆက်ဆံရေးကို ပိုမိုမြှင့်တင်နိုင်မည်ဟု ယုံကြည်ပါကြောင်း၊ ယနေ့ကပွဲသို့ တက်ရောက်လာကြသည့် ဂျပန်နိုင်ငံသားများအနေဖြင့်လည်း မြန်မာနိုင်ငံ၌ ဟိုတယ်နှင့် ခရီးသွားလာရေးကဏ္ဍတွင် လာရောက်ရင်းနှီးမြှုပ်နှံလုပ်ကိုင်ကြစေလိုပါကြောင်း ပြောကြားသည်။

ထို့နောက် ဂျပန် MANJUSHAKA နိုင်ငံတကာ ယဉ်ကျေးမှုဖလှယ်ရေးအကအဖွဲ့တည်ထောင်သူ Ms. Mamarosa နှင့် ပွဲစီစဉ်သူ ဒေါ်မေညို၊တို့က အက အဖွဲ့၏ ဖျော်ဖြေတင်ဆက်ခဲ့မှုများ ရှင်းလင်းပြောကြားကြသည်။

ယင်းနောက် ဂျပန်အကအဖွဲ့က ၁၇ ရာစုနှောင်းပိုင်းအက၊ အလွန်အေးသော ဒေသတွင် ထွန်းကားခဲ့သည့် ရိုးရာအက၊ ရဲတိုက်သို့ မင်္ဂလာဆောင်လမ်းသို့ လမ်းလျှောက်ဝင်မည့် သတို့သမီး၏ အကအလှ၊ ရွှေရောင်ခြယ်ပန်းချီကားပုံပြင်၊ နှစ်ပါးစုံညီ၊ ဂုဏ်ပြုအရက်ပွဲအက၊ အာရှ၏ ပင်လယ်စောင့်နတ်သမီး၊ လူသားတွေငြိမ်းချမ်းပါစေနှင့် ကံကောင်းခြင်းများ ယူဆောင်လာစေရန် တောင်းဆုခြွေအက၊ အိပ်မက်များ အကောင်အထည်ဖော်သည့်အက၊ နဂါးအက၊ ဂျပန်ရိုးရာအကများနှင့် နိုင်ငံတကာသို့ သွားရောက်ကပြရာတွင် လူကြိုက်များသည့် အကများဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။

အဆိုပါကပွဲသို့ နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်မောင်တင်နှင့် ဇနီး၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ JICA မှ တာဝန်ရှိသူများ၊ ဝန်ကြီးဌာနများမှ ဝန်ထမ်းများနှင့် ဖိတ်ကြားထားသူများက ကြည့်ရှုအားပေးကြသည်။

**သတင်းစဉ်**

# ၂၀၁၉ ခုနှစ် (၅၆)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ သတင်းမီဒီယာများ တက်ရောက်နိုင်

**နေပြည်တော် ဖေဖော်ဝါရီ ၂၁**

၂၀၁၉ ခုနှစ် (၅၆)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲကို နေပြည်တော်ရှိ မဏိရတနာကျောက်စိမ်းခန်းမ၌ မတ် ၁၁ ရက်မှ ၂၀ ရက်အထိ ကျင်းပမည်ဖြစ်သည်။

ပြည်တွင်း၊ ပြည်ပ သတင်းမီဒီယာများအနေဖြင့် အဆိုပါပြပွဲသို့ မတ် ၁၁ ရက်မှ ၁၄ ရက်အထိ ဝင်ရောက်သတင်းရယူနိုင်မည်ဖြစ်ပြီး ပြပွဲအရောင်းစာရင်း အချက်အလက်များနှင့် ပတ်သက်၍ မဏိရတနာကျောက်စိမ်းခန်းမရှိ နဝရတ်ကိုးသွယ်ဂိတ်၌ မတ် ၂၀ ရက် ညနေပိုင်းတွင် သတင်းထုတ်ပြန်ပေးသွားမည်ဖြစ်သည်။

သို့ဖြစ်၍ သတင်းတက်ရောက်ရယူလိုသည့် ပြည်တွင်း၊ ပြည်ပ သတင်းမီဒီယာများအနေဖြင့် ဝင်ခွင့်ပြုလုပ်နိုင်ရေးအတွက် မတ် ၇ ရက် နောက်ဆုံးထား၍ သတ်မှတ်ပုံစံဖြည့်စွက်ကာ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း ပြန်ကြားရေးဝန်ကြီးဌာန နေပြည်တော်သို့ ပေးပို့ရမည်ဖြစ်သည်။

သတ်မှတ်ပုံစံများအား မူပိုင်ခွင့်နှင့် မှတ်ပုံတင်ဌာနခွဲ၊ မြန်မာနိုင်ငံ နိုင်ငံခြားသတင်းထောက်များအသင်းတွင် ရယူနိုင်ကြောင်းနှင့် အသေးစိတ်အချက်အလက်များ သိရှိလိုပါက သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း ဖုန်း-၀၆၇-၄၁၂၂၂၅၊ ၄၁၂၂၂၆ တို့သို့လည်းကောင်း၊ ၂၀၁၉ ခုနှစ် (၅၆)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ စီမံရေးရာလုပ်ငန်းကော်မတီ ဖုန်း-၀၆၇-၄၁၄၄၉၇ တို့သို့လည်းကောင်း ဆက်သွယ်မေးမြန်းနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

# နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့် ဇနီး ဒေါ်ချိုချိုတို့ နဝင်းပြည့်ဆုတောင်းပြည့် လာဘ်ပေးရန်ကာ နဂါးရုံဘုရားကြီး၏ ဥပုသ်နာတော်သွင်း မဟာမင်္ဂလာအခမ်းအနားသို့ တက်ရောက်ကြည်ညို

**ဟားခါး ဖေဖော်ဝါရီ ၂၁**

ချင်းပြည်နယ် ဟားခါးမြို့၌ ရောက်ရှိနေသည့် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့် ဇနီး ဒေါ်ချိုချိုနှင့် အဖွဲ့သည် ယနေ့နံနက် ၉ နာရီတွင် ကျင်းပသည့် အိပ်မက်တော်ရ သစ္စာအောင်မြေကုန်းတော် ဇေတဝန်တောရကျောင်းတိုက်အတွင်း တည်ထားလျက်ရှိသည့် နဝင်းပြည့်ဆုတောင်းပြည့်လာဘ်ပေးရန်ကာ နဂါးရုံဘုရားကြီး၏ ဥပုသ်နာတော်သွင်း မဟာမင်္ဂလာအခမ်းအနားကို တက်ရောက်ကြည်ညိုပြီး ဓာတ်တော်မွေတော်၊ ဗုဒ္ဓရုပ်ပွားဥပုသ်နာတော်များ ဆက်ကပ်လှူဒါန်းသည်။

အခမ်းအနားတွင် နိုင်ငံတော်သမ္မတနှင့်ဇနီး အမှူးပြုသော ဧည့်ပရိသတ်များက မဟာဗောဓိမြိုင်ရိပ်သာကျောင်းတိုက်ဆရာတော် မဟာကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တပညာဝံသထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီး ဆရာတော်၊ သံဃာတော်များ ရွတ်ဖတ်သရဇ္ဈာယ်တော်မူသည့် ဂုဏ်တော်ကိုးပါးကို နာယူ၍ လာဘ်ပေးရန်ကာ မုဒြာနဂါးရုံဘုရားကြီးတွင် သွင်းလှူပူဇော်မည့် ဓာတ်တော်မွေတော်၊ ဗုဒ္ဓရုပ်ပွားဥပုသ်နာတော်များနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများကို ချင်းတောင်တန်း သာသနာပြုဆရာတော် ဒေါက်တာ ဘဒ္ဒန္တတေဇောသာရထံ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးများ၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ်နှင့် တာဝန်ရှိသူများက ဆရာတော်၊ သံဃာတော်များထံ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြပြီးနောက် ချင်းတောင်တန်းသာသနာပြု ဆရာတော် ဒေါက်တာ ဘဒ္ဒန္တ တေဇောသာရ ဟောကြားသည့် အနုမောဒနာတရားနာယူကာ လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းလောင်း အမျှပေးဝေသည်။ **သတင်းစဉ်**



**နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့်ဇနီး ဒေါ်ချိုချို ဓာတ်တော်မွေတော်၊ ဗုဒ္ဓရုပ်ပွားဥပုသ်နာတော်များအား ချင်းတောင်တန်းသာသနာပြုဆရာတော် ဒေါက်တာ ဘဒ္ဒန္တတေဇောသာရထံ ဆက်ကပ်လှူဒါန်းစဉ်။**

# ကမ္ဘောဇအနာဂတ်အလင်းတန်း မြန်မာဖောင်ဒေးရှင်းမှ ချင်းပြည်နယ်အတွက် ရေသယ်ယာဉ်အသစ်လေးစီး လှူဒါန်း

**နေပြည်တော် ဖေဖော်ဝါရီ ၂၁**

ချင်းပြည်နယ် ဟားခါးမြို့ဝမ္မသူးမောင်အားကစားကွင်း၌ ဖေဖော်ဝါရီ ၂၀ ရက်က ကျင်းပခဲ့သော ချင်းအမျိုးသားနေ့ အခမ်းအနားတွင် ကမ္ဘောဇအနာဂတ်အလင်းတန်း မြန်မာဖောင်ဒေးရှင်းက ရေသယ်ယာဉ်အသစ် လေးစီးကို ပြည်နယ်စည်ပင်သာယာရေး၊ လျှပ်စစ်နှင့် စက်မှုလက်မှုဝန်ကြီး ဦးစိုးထက်ထံ ပေးအပ်လှူဒါန်းသည်။

ကမ္ဘောဇအနာဂတ်အလင်းတန်း မြန်မာဖောင်ဒေးရှင်း ဥက္ကဋ္ဌ ဒေါ်နန်းလိုင်းခမ်း၏ စီစဉ်မှုဖြင့် ချင်းပြည်နယ်အတွင်းရှိ ပြည်သူများထံသို့ သောက်သုံးရေဖြန့်ဖြူးနိုင်ရန် ယခု လှူဒါန်းသည့် ရေသယ်ယာဉ်လေးစီးအပါအဝင် စုစုပေါင်း ကိုးစီးကို ပြည်နယ်အစိုးရနှင့် ဒေသခံ ရပ်မိရပ်ဖများထံသို့ လှူဒါန်းခဲ့သည့်အပြင် ပြည်နယ်အတွင်း သဘာဝဘေးအန္တရာယ်များ ကျရောက်လာပါက ကြိုတင်ကာကွယ်နိုင်ရေးနှင့် ဒေသဖွံ့ဖြိုးရေးတို့တွင် အသုံးပြုနိုင်ရန်အတွက် ငွေကျပ်သန်း ၁၀၀၀ ကို ပြည်နယ်အစိုးရထံသို့ ၂၀၁၆ ခုနှစ်က လှူဒါန်းခဲ့သည်။

အလားတူ ၂၀၁၅ ခုနှစ် ရေကြီးရေလျှံမှုတွင် ကမ္ဘောဇအနာဂတ်အလင်းတန်း မြန်မာဖောင်ဒေးရှင်းက ချင်းပြည်နယ်အတွက် ငွေကျပ်သိန်းပေါင်း ၁၅၀၀၀ ကျော် ပေးအပ်လှူဒါန်းခဲ့ကြောင်း အဆိုပါဖောင်ဒေးရှင်းမှ သိရသည်။ **မောင်လူမှူ**




# တိုးမြှင့်ပင်စင်လစာများအား သက်ဆိုင်ရာ မြန်မာ့စီးပွားရေးဘဏ်ခွဲများတွင် ထုတ်ယူနိုင်

**နေပြည်တော် ဖေဖော်ဝါရီ ၂၁**

နိုင်ငံတော်အစိုးရသည် အငြိမ်းစားဝန်ထမ်းများ၏ ပင်စင်လစာကို ၂၀၁၉ ခုနှစ် ဇန်နဝါရီလ ပင်စင်လစာမှစတင်၍ တိုးမြှင့်ခံစားခွင့်ပြုခဲ့ပြီးဖြစ်ရာ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပင်စင်ဦးစီးဌာနအနေဖြင့် ပင်စင်စားတစ်ဦးချင်းစီအတွက် တိုးမြှင့်ပင်စင်ငွေပေးအမိန့်များ စိစစ်တွက်ချက်ထုတ်ပြန်၍ မြန်မာ့စီးပွားရေးဘဏ်ခွဲအသီးသီးသို့ နေ့စဉ်ပေးပို့လျက်ရှိပြီး အငြိမ်းစားဝန်ထမ်းများ၏ တိုးမြှင့်ပင်စင်လစာများ ဆောလျင်စွာ ခံစားရရှိနိုင်စေရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

ဖေဖော်ဝါရီလ ၁၅ ရက်အထိ မြို့ပြပင်စင်စား ၁၉၇၀၈၂ ဦးနှင့် နိုင်ငံရေးပင်စင်စား ၄၄၄၁၅ ဦး စုစုပေါင်းပင်စင်စား ၂၄၁၄၉၇ ဦး၏ ငွေပေးမိန့်များအား ထုတ်ပြန်၍ သက်ဆိုင်ရာ မြန်မာ့စီးပွားရေးဘဏ်ခွဲ အသီးသီးသို့ ပေးပို့ခဲ့ပြီးဖြစ်သည်။

မိဘပြည်သူပင်စင်စားများအနေဖြင့် ဖေဖော်ဝါရီလ ၁၅ ရက်အထိ မြို့ပြပင်စင်စား ၅၄၄၉၂ ဦးနှင့် နိုင်ငံရေးပင်စင်စား ၄၉၇၁ ဦး စုစုပေါင်း ပင်စင်စား ၅၉၄၆၃ ဦးသာ ပင်စင်လစာများ ထုတ်ယူခဲ့ပြီး ထုတ်ယူရန်ကျန်ရှိနေသည့် ပင်စင်စား ၁၈၂၀၃၄ ဦးဖြစ်သည်။

မိဘပြည်သူပင်စင်စားများအနေဖြင့် မိမိတို့၏ တိုးမြှင့်ပင်စင်လစာများအား သက်ဆိုင်ရာ မြန်မာ့စီးပွားရေးဘဏ်ခွဲအသီးသီးတွင် သွားရောက်ထုတ်ယူကြပါရန်နှင့် မိဘပြည်သူ ပင်စင်စားများအနေဖြင့် ပင်စင်လစာထုတ်ယူရာတွင် အဆင်မပြေမှုများ၊ အကြောင်း အမျိုးမျိုးကြောင့် ပင်စင်လစာထုတ်ယူရန် အခက်အခဲများဖြစ်ပေါ်နေပါက နေပြည်တော် ပင်စင်ဦးစီးဌာန(ရုံးချုပ်)၏ Hot Line တယ်လီဖုန်း ၀၆၇ - ၃၄၁၀၃၇၇၃၊ မိုဘိုင်းဖုန်း ၀၉ - ၄၄၂၁၄၅၉၁၃ သို့ စုံစမ်းဆက်သွယ် မေးမြန်းနိုင်ကြောင်း ပင်စင်ဦးစီးဌာန၏ ထုတ်ပြန်ချက်အရ သိရသည်။ **သတင်းစဉ်**

# ခန္တီးမြို့သင်္ကေတအဖြစ် လေးတန်ခန့်ရှိ ကျောက်စိမ်းတုံးကြီးထားရှိ

**ခန္တီး ဖေဖော်ဝါရီ ၂၁**

စစ်ကိုင်းတိုင်းဒေသကြီး ကျောက်စိမ်းထွက်ရှိသည့် ခန္တီးရတနာနယ်မြေတွင် မြို့၏ သင်္ကေတအဖြစ် အလေးချိန် လေးတန်ခန့် ရှိ ကျောက်စိမ်းတုံးကြီးကို မြို့မရပ်ကွက်ရှိ ကမ်းနားလမ်း မဉ္ဇူပန်းခြံ၌ ထားရှိထားကြောင်း ခန္တီးမြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးဘကြိုင်က ပြောသည်။

“ကုမ္ပဏီနှစ်ခုက လှူတာ။ အဲဒီကျောက်စိမ်းတုံးကြီးတွေက နိုင်ငံတော်ကို အခွန်ဆောင်ပြီးသားပါ။ အကောင်းစားကြီးတွေတော့ မဟုတ်ပါဘူး။ ခုထားရှိထားတာ လေးတန်လောက်ရှိတယ်။ နောက်ထပ် ငါးတန်ကျော်ကျော် တစ်လုံးရှိသေးတယ်။ အဲဒါတော့ မလုပ်ရသေးဘူး။ ဘတ်ဂျက်အခြေအနေအရ မဉ္ဇူပန်းခြံနားလေးမှာပဲ စုပုံထားပါသေးတယ်”ဟု ဦးဘကြိုင်က ပြောသည်။

“ကျွန်တော်တို့ဆီမှာ တစ်ချိန်တုန်းက ကျောက်စိမ်းထွက်တဲ့ ရတနာနယ်မြေဆိုပြီး နာမည်ကြီးထားတယ်လေ။ ခန့်မှန်းအားဖြင့် နှစ်ပေါင်း ၃၀ လောက်ဆို အလားအလာ သိပ်မကောင်းတော့ဘူး။ အဲဒါကြောင့် ကျွန်တော်တို့က အမှတ်တရထားပေးတာပါ။ နောင်လာနောက်သားတွေ ခန္တီးဒေသဟာ ကျောက်စိမ်းထွက်ခဲ့တာ အမှန်တကယ်ပါလားဆိုတာကို လက်တွေ့ပြနိုင်အောင်လို့ အမှတ်တရထားရှိပြသပေးတာပါ” ဟု ၎င်းက ဆက်လက်ပြောသည်။

**ကိုမင်း(အင်းတော်)**



# OIC၊ EU နှင့် UNHRC တို့၏ မြန်မာနိုင်ငံဆိုင်ရာ လူ့အခွင့်အရေးအခြေအနေ ဆုံးဖြတ်ချက်အား ထိထိရောက်ရောက် တုံ့ပြန်သွားရေးတိုက်တွန်းကြောင်းအဆို လက်ခံဆွေးနွေးရန် ဆုံးဖြတ်

**နေပြည်တော် ဖေဖော်ဝါရီ ၂၁**

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး နဝမနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ပြည်ထောင်စုလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ဇီးကုန်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဉာဏ်ထွန်းက **"OIC၊ EU နှင့် UNHRC တို့က မြန်မာနိုင်ငံဆိုင်ရာ လူ့အခွင့်အရေးအခြေအနေ ဆုံးဖြတ်ချက်အား ကုလသမဂ္ဂအထွေထွေညီလာခံတွင် ယခုလမကုန်မီ အတည်ပြုနိုင်ရန် စဉ်ဆက်မပြတ် လုပ်ဆောင်နေမှုများသည် မြန်မာနိုင်ငံ၏ ဒီမိုကရေစီနှင့် ဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းစဉ်အား အကျပ်အတည်း အတွင်း တွန်းပို့ပြီး နိုင်ငံတော်ပြိုကွဲပျက်စီးရေး ထောင်ချောက်ဆင်ထားသည့် နိုင်ငံရေး Agenda ကို ဖော်ဆောင်နေခြင်းဖြစ်၍ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ နိုင်ငံသားအားလုံး ပါတီစွဲ၊ အယူဝါဒစွဲ၊ ဒေသစွဲ၊ ပုဂ္ဂိုလ်စွဲ၊ အစွဲကင်းကင်းဖြင့် စည်းလုံးညီညွတ်စွာ ထိထိရောက်ရောက် တုံ့ပြန်သွားရေး စီမံဆောင်ရွက်သွားပါရန် နိုင်ငံတော်အစိုးရအား တိုက်တွန်းကြောင်း"** အဆို တင်သွင်းရာတွင် မြန်မာနိုင်ငံ လူ့အခွင့်အရေးဆိုင်ရာ ဆုံးဖြတ်ချက် အမှတ်(၅) ကို ကုလသမဂ္ဂအထွေထွေညီလာခံက ဒီဇင်ဘာ ၂၂ ရက်တွင် အတည်ပြုလိုက်ပြီ ဖြစ်ပါကြောင်း၊ ထို့ပြင် စွပ်စွဲထားသည့် လူ့အခွင့်အရေး ချိုးဖောက်မှုဆိုသည်များကို တရားစွဲဆိုနိုင်ရန် အဖွဲ့ဝင်(၆၂)ဦးပါ တရားဝင်သက်သေခံမှတ်တမ်းများ ရယူရေး အဖွဲ့အတွက် အမေရိကန်ဒေါ်လာ (၂၆)သန်း သုံးစွဲရန် သဘောတူခဲ့ပါကြောင်း။

ထိုသို့ ဖြစ်လာစေရန် OIC၊ EU နှင့် လူ့အခွင့်အရေးကောင်စီတို့က အကွက်ချစီမံခဲ့ကြခြင်းဖြစ်ပြီး (၃၉)ကြိမ်မြောက် ကုလသမဂ္ဂလူ့အခွင့်အရေး ကောင်စီသို့ တင်သွင်းခဲ့သည့် မြန်မာနိုင်ငံဆိုင်ရာ အချက်အလက်ရှာဖွေရေး မစ်ရှင်၏ အစီရင်ခံစာသည် ဇာတ်အထွတ်အထိပ်သို့ ပို့လိုက်သည့် ဇာတ်ကွက် ဖြစ်ပါကြောင်း။

မြန်မာနိုင်ငံဆိုင်ရာ အချက်အလက်ရှာဖွေရေးမစ်ရှင်အစီရင်ခံစာကို ဘာသာရပ်ဆိုင်ရာ ကျွမ်းကျင်ပညာရှင်အဖွဲ့ဖြင့် လေ့လာသုံးသပ်ပြီး ရှင်းလင်း ခိုင်မာပြည့်စုံသည့် အစီရင်ခံစာ ထုတ်ပြန်ချေပ တုံ့ပြန်သွားသင့်ပါကြောင်း၊ ပကတိအခြေအနေနှင့် ပတ်သက်၍ လူထုအသိနိုးကြားမှုကို မြှင့်တင်ပေးပြီး နိုင်ငံတော်အပေါ်တွင် ကျရောက်နေသည့်အန္တရာယ်ကြီးကို လူထုပါဝင်ပူးပေါင်း မှုဖြင့် တားဆီးကာကွယ်တုံ့ပြန်သွားသင့်ပါကြောင်း။

အချက်အလက်ရှာဖွေရေးအဖွဲ့ အစီရင်ခံစာကို အခြေပြုပြီး ကုလသမဂ္ဂ ဆုံးဖြတ်ချက်ကို ရအောင်ပြုလုပ်၍ ကိုယ်ပိုင်နိုင်ငံရေး ရည်ရွယ်ချက် အသီးသီး အတွက် နိုင်ငံအချို့က ပူးပေါင်းကြံစည်ပြီး မြန်မာနိုင်ငံအပေါ် နိုင်ငံရေး၊ သံတမန်ရေး၊ စီးပွားရေး ဖိအားများပေးရန် လုပ်ဆောင်လာခြင်းသည် မိမိတို့နိုင်ငံ၏ ဒီမိုကရေစီနှင့် ဖွံ့ဖြိုးတိုးတက်မှုကို ကြီးမားစွာ အကျပ်အတည်းတွေ့စေပြီး အခန့်မသင့်ပါက နိုင်ငံပြိုကွဲရေး ထောင်ချောက်ထဲသို့ ကျသွားနိုင်ပါကြောင်း၊ ထို့ကြောင့် မိမိတို့ပြည်ထောင်စုအိမ်ဝတွင် တံခါးလာခေါက်နေပြီဖြစ်သည့် အဆိုပါ ပြည်ပခြိမ်းခြောက်မှု ဘုံရန်သူကို မြင်အောင်ကြည့်ပြီး တင်ပြပါလုပ်ငန်းစဉ်များအတိုင်း မိမိတို့ မြန်မာနိုင်ငံသားအားလုံး ပါတီစွဲ၊ ဝါဒစွဲ၊ ဒေသစွဲ၊ လူမျိုးစွဲ၊ ပုဂ္ဂိုလ်စွဲ အစွဲကင်းကင်းဖြင့် တစ်သားတည်းဖြစ် တစ်သံတည်းထွက်သည့် ညီညွတ်ရေးစိတ်ဓာတ်ဖြင့် ထိရောက်စွာ တားဆီးကာကွယ်တုံ့ပြန်နိုင်ရေး စည်းရုံးစီမံဆောင်ရွက်ပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းအပ်ပါကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် **ဇေယျာသီရိမဲဆန္ဒနယ်မှ ဦးလှဋ္ဌေးဝင်း**က ပထဝီနိုင်ငံရေး Geopolitics အရ မိမိတို့နိုင်ငံသည် အင်အားကြီးနိုင်ငံများ၏ အကျိုးစီးပွားများ ထိပ်တိုက်တွေ့ရာဆုံမှတ်ဖြစ်နေသည့်အပြင် လူများ - မြေရှားသည့်နိုင်ငံများ၏ လူဦးရေပေါက်ကွဲမှု နောက်ဆက်တွဲဆိုးကျိုးများကိုလည်း မလွှဲမရှောင်သာ ခံစားရသည့်အတွက် ပထဝီနိုင်ငံရေးဖိအားများ တစ်နေ့တခြား ပိုမိုများပြားလာခဲ့ခြင်းကြောင့် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁ ပါ နိုင်ငံခြားရေးမူဝါဒကို တိကျစွာ ကိုင်စွဲလျက် အဓိကအမျိုးသားအကျိုးစီးပွားကို ခိုင်မာစွာကာကွယ်ရန် လိုအပ်သည်ကို နိုင်ငံတော်အရေးအတွက် ရိုးသားစွာ အကြံပြုလိုပါကြောင်း။

နိုင်ငံတော်အစိုးရအနေဖြင့် တရားနည်းလမ်းတကျ ဖြေရှင်းဆောင်ရွက်ပေးနေသော်လည်း ARSA အကြမ်းဖက်သမားများသည် နောက်ကွယ်မှ ကြိုးကိုင်နေသည့် အဖွဲ့အစည်းများ၏ လိုလားချက်နှင့်အညီ ထပ်မံ၍ ကြီးမားသည့် ဥပဒေမဲ့လုပ်ရပ်များကို လူ့အခွင့်အရေးအကာအကွယ်အောက်မှ လုပ်ဆောင်လာနိုင်ကြောင်း သုံးသပ်ရသည့်အတွက် နိုင်ငံတော်အခွန့်ရှည်တည်တံ့ရေး မြော်တွေးလျက် အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် မြန်မာနိုင်ငံတော်၏ နိုင်ငံသားအားလုံး ပါတီစွဲ၊ အယူဝါဒစွဲ၊ ဒေသစွဲ၊ ပုဂ္ဂိုလ်စွဲ အစွဲကင်းကင်းဖြင့် စည်းလုံးညီညွတ်စွာ ထိထိရောက်ရောက် တုံ့ပြန်သွားရေး စီမံဆောင်ရွက်သွားပါရန် အဆိုကို ထောက်ခံဆွေးနွေးအပ်ပါကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော်နာယက ဦးတီခွန်မြတ်က ယင်းအဆိုနှင့်စပ်လျဉ်း၍ လက်ခံဆွေးနွေးရန် သင့်၊ မသင့် လွှတ်တော်၏ အဆုံးအဖြတ် ရယူရာ သဘောမတူသူမရှိသည့်အတွက် လက်ခံဆွေးနွေးရန် ဆုံးဖြတ်ကြောင်း ကြေညာသည်။

ယင်းနောက် ပြည်ထောင်စုလွှတ်တော်နာယကက ယင်းအဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာသည်။




ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး နဝမနေ့ ကျင်းပစဉ်။

## အမျိုးသားရေးမူဝါဒကော်မရှင်၏ ၆ လတာကာလအတွင်း လုပ်ငန်းဆောင်ရွက်ခဲ့မှုအစီရင်ခံစာနှင့် စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေး

ဆက်လက်၍ **အမျိုးသားပညာရေးမူဝါဒကော်မရှင်၏ ၆ လတာကာလ (၂၀၁၈ ခုနှစ်၊ ဧပြီလ ၁၀ ရက်နေ့မှ အောက်တိုဘာလ ၉ ရက်နေ့အထိ) အတွင်း လုပ်ငန်းဆောင်ရွက်ခဲ့မှုအစီရင်ခံစာနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များ၏ ဆွေးနွေးချက်များအပေါ် အမျိုးသားပညာရေးမူဝါဒကော်မရှင်နှင့် ပညာရေးဝန်ကြီးဌာန**တို့က ပြန်လည်ရှင်းလင်းဆွေးနွေးကြသည်။

အမျိုးသားပညာရေးမူဝါဒကော်မရှင်ဥက္ကဋ္ဌ ဒေါက်တာမျိုးကြွယ်က **ရန်ကုန်တိုင်းဒေသကြီး အခြေခံပညာကျောင်းများရှိ ကျောင်းသားဦးရေနှင့် စာသင်ခန်းဦးရေ အခြေအနေကို လေ့လာဆန်းစစ်ခြင်းနှင့် စပ်လျဉ်း၍** လက်တွေ့ကျပြီး နိုင်ငံအခြေအနေနှင့် လိုက်လျောညီထွေဖြစ်မည့် အခြေခံပညာ ကျောင်းဝင်ခွင့်ဆိုင်ရာမူဝါဒ လမ်းညွှန်တစ်ခုကို ပညာရေးဝန်ကြီးဌာနနှင့် ညှိနှိုင်းဆွေးနွေးရေးဆွဲသွားရန် အစီအစဉ်ရှိပါကြောင်း။

**အခြေခံပညာအထက်တန်းအဆင့် သိပ္ပံဘာသာတွဲနှင့် သင်္ချာဘာသာရပ်များတွင် အင်္ဂလိပ်ဘာသာဖြင့် သင်ကြားရေးနှင့် စပ်လျဉ်း၍** အခြေခံပညာ အထက်တန်းအဆင့် သိပ္ပံ၊ နည်းပညာနှင့် သင်္ချာဘာသာရပ်များကို ဒေသတွင်းနှင့် နိုင်ငံတကာတွင် ယှဉ်ပြိုင်နိုင်စွမ်းရှိသော ကျောင်းသား ကျောင်းသူများ ပြုစုပျိုးထောင် သင်ကြားသင်ယူလေ့ကျင့်ရန်လည်းကောင်း၊ လူ့အဖွဲ့အစည်း၊ ဒေသအကျိုး၊ နိုင်ငံ့အကျိုး၊ ကမ္ဘာ့ကောင်းကျိုးအတွက် အကောင်းဆုံးစွမ်းဆောင်ရည်ဖြင့် ဆောင်ရွက်ပေးနိုင်သည့် အခွင့်အလမ်းအတွက်လည်းကောင်း အင်္ဂလိပ်ဘာသာဖြင့် သင်ကြားမည်ဖြစ်ပါကြောင်း။

ကော်မရှင်အနေဖြင့် **နည်းပညာ၊ သက်မွေးပညာရေးနှင့် လေ့ကျင့်ရေးကဏ္ဍအတွက်** စိုက်ပျိုးရေးအင်ဂျင်နီယာဘာသာရပ်များ၊ အစားအသောက်သိပ္ပံဆိုင်ရာ ဘာသာရပ်များသင်ကြားရေး၊ ခရီးသည်နှင့် လုပ်ငန်းသုံးမော်တော်ယာဉ်ပြုပြင်ထိန်းသိမ်းရေးနှင့် သင်တန်းကျောင်းတည်ထောင်နိုင်ရေး၊ အစိုးရစက်မှုလက်မှုသိပ္ပံ၊ အစိုးရ နည်းပညာအထက်တန်းကျောင်းသစ်များ တိုးချဲ့ဖွင့်လှစ်ခွင့်ပြုရေးအတွက် ဝန်ကြီးဌာနများသို့ အကြံပြုသဘောထားမှတ်ချက်များ ပေးပို့လျက်ရှိပြီး ၂၀၁၉ ခုနှစ် ဖေဖော်ဝါရီ ၄ ရက်တွင် အသက်မွေးဝမ်းကျောင်း ဘာသာရပ်များ တိုးချဲ့သင်ကြားဆောင်ရွက်ရေးအတွက် ကော်မရှင်ရုံးတွင် သက်ဆိုင်ရာပညာရှင်များနှင့် အကြံပြုဆွေးနွေးခဲ့ရာ မကြာမီတွင် ယင်းပညာရပ်များကို တိုးချဲ့သင်ကြားပေးတော့မည်ဖြစ်ပါကြောင်း။

**အဆင့်မြင့်ပညာ ဆရာ ဆရာမများ ရာထူးတိုးမြှင့်ခြင်းနှင့်စပ်လျဉ်း၍** ကော်မရှင်အနေဖြင့် ပညာရေးဝန်ကြီးဌာနကို သင့်တော်မှန်ကန်သည့် မူဝါဒတစ်ခုပေါ်ပေါက်ရေးအတွက် လိုအပ်သော တိုက်တွန်းမှုနှင့် အကြံပြုမှုများ ထပ်မံပြုလုပ်သွားမည်ဖြစ်ပါကြောင်း၊ ကော်မရှင်အနေဖြင့် ပညာရေးမူဝါဒများ၊ စီမံကိန်းများကို လေ့လာသုံးသပ် အကဲဖြတ်အကြံပြုရေး၊ ကော်မရှင်၊ ကော်မတီများနှင့် ဝန်ကြီးဌာန၊ သက်ဆိုင်ရာဝန်ကြီးဌာနများအကြား ပေါင်းစပ်ညှိနှိုင်းမှု အားကောင်းရေး၊ သက်ဆိုင်သူများနှင့် ကျယ်ပြန့်စွာ ဆွေးနွေးရေးနှင့် နိုင်ငံတကာ ပညာရေးမိတ်ဖက်အဖွဲ့အစည်းများနှင့် ပိုမိုပူးပေါင်းဆောင်ရွက်ရေးတို့ကို အလေးထားဆောင်ရွက်ပြီး အမျိုးသားပညာရေးဥပဒေပါ ကော်မရှင်၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များကို ဖော်ဆောင်ရာတွင် ပြည်ထောင်စုလွှတ်တော်၊ ပြည်ထောင်စုအစိုးရအဖွဲ့အပါအဝင် သက်ဆိုင်သူများအားလုံးနှင့် ညှိနှိုင်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ရှင်းလင်းပြောကြားသည်။

ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်းက အခြေခံပညာရေးကဏ္ဍတွင် **အခြေခံပညာအဆင့် ကျောင်းသုံးဖတ်စာအုပ်များ ဖြန့်ဝေအသုံးပြုမှု စီမံခန့်ခွဲရေးဆိုင်ရာ မူဝါဒချမှတ်ရေး အကြံပြုစာတမ်းနှင့်စပ်လျဉ်း၍** ဝန်ကြီးဌာနအနေဖြင့် ကျောင်းသုံးဖတ်စာအုပ်များ အခမဲ့ထောက်ပံ့ခြင်း၊ မူလတန်းကျောင်းသား ကျောင်းသူများအားလုံးကို ဗလာစာအုပ်များ ထောက်ပံ့ခြင်း၊ ပညာသင်ထောက်ပံ့ကြေးများထောက်ပံ့ခြင်း၊ မသန်စွမ်းကျောင်းသား ကျောင်းသူများအပါအဝင် ကျောင်းသား ကျောင်းသူများအားလုံးကို ပညာသင်ထောက်ပံ့ကြေးများ ထောက်ပံ့ခြင်း၊ မိဘအုပ်ထိန်းသူ၊ ပြည်သူများထံမှ ငွေကြေးကောက်ခံခြင်းမပြုစေရန်အတွက် ကျောင်းဖွံ့ဖြိုးရေးရန်ပုံငွေများ ထောက်ပံ့ခြင်း၊ လက်ခံရယူလိုသော ကျောင်းသား ကျောင်းသူများအတွက် ကျောင်းဝတ်စုံများ ဖြန့်ဝေခြင်းတို့ကို ဆောင်ရွက်လျက်ရှိပါကြောင်း။

**အခြေခံပညာကဏ္ဍ၏ အဆင့်တစ်ခုချင်းအတွင်း၌ပင် ရာထူးအဆင့်သတ်မှတ်ရေးအကြံပြုခြင်းနှင့်စပ်လျဉ်း၍** အခြေခံပညာ ဆရာ ဆရာမများ၏ ရာထူးအဆင့် သတ်မှတ်ခြင်းကိစ္စအတွက် Teacher Competency Standard Framework-TCSF ဆောင်ရွက်ခြင်းနှင့် (၂)နှစ်သင် ပညာရေးကောလိပ် ၂၅ ကျောင်းလုံးကို (၄)နှစ်သင် ပညာရေးကောလိပ်များအဖြစ်သို့ မြှင့်တင်နိုင်ရေးကိစ္စတို့ကို ဆောင်ရွက်လျက်ရှိပါကြောင်း၊ **နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးကဏ္ဍ** ဖွံ့ဖြိုးတိုးတက်ရေးအတွက် အစိုးရစက်မှုလက်မှုသိပ္ပံများ၊ အစိုးရနည်းပညာအထက်တန်းကျောင်းများ၊ သက်မွေးပညာသင်တန်းကျောင်းများ တိုးချဲ့ဖွင့်လှစ်သင်ကြားနိုင်ရေး၊ ကျွမ်းကျင်မှုအခြေပြု သက်မွေးပညာ သင်တန်းကာလတို သင်တန်းအမျိုးအစားများ တိုးချဲ့ဖွင့်လှစ်နိုင်ရေးကို ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း။

**အဆင့်မြင့်ပညာရေးကဏ္ဍ**တွင် တက္ကသိုလ်များ ရေရှည်ဖွံ့ဖြိုးရေးကိစ္စများကို ကျောင်းသားသမဂ္ဂ၊ ဆရာသမဂ္ဂများနှင့် ပူးပေါင်းဆောင်ရွက်ရေး၊ ပဋိညာဉ်စာတမ်းများရေးဆွဲရေး၊ အရည်အသွေးရှိသော အဝေးသင်ပညာရေးစနစ်ဖြစ်စေရေးတို့ကို သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ပူးပေါင်းအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း၊ **KG+12 နှင့် ပတ်သက်၍** ဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် အမျိုးသားပညာရေးမူဝါဒကော်မရှင်၊ အမျိုးသားသင်ရိုးညွှန်းတမ်းကော်မတီ၊ အမျိုးသားပညာရေးအဆင့်အတန်းနှင့် အရည်အသွေးအာမခံမှု အကဲဖြတ်ရေးကော်မတီတို့မှ တာဝန်ရှိသူများကလည်း မြန်မာ့အသံနှင့် ညှိနှိုင်းပြီး ပညာရေးမူဝါဒများ၊ သင်ရိုးသစ်များအကြောင်းကို စကားဝိုင်းဆွေးနွေးပွဲ အဖြစ်ထုတ်လွှင့်ခဲ့ပြီး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ နောင်တွင်လည်း တိုင်းဒေသကြီးအဆင့်၊ မြို့နယ်အဆင့်၊ ကျောင်းအဆင့် ပညာရေးစကားဝိုင်းများကို ကျယ်ကျယ်ပြန့်ပြန့် အသိပညာပေးနိုင်ရေးအတွက် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းနှင့် အစီရင်ခံစာအား ပြည်ထောင်စုလွှတ်တော်မှ မှတ်တမ်းတင်ခွင့်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါကြောင်း ရှင်းလင်းပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုလွှတ်တော်နာယကက အမျိုးသားပညာရေးမူဝါဒ ကော်မရှင်၏ ၆ လတာကာလ (၂၀၁၈ ခုနှစ်၊ ဧပြီလ ၁၀ ရက်နေ့မှ အောက်တိုဘာလ ၉ ရက်နေ့အထိ) လုပ်ငန်းဆောင်ရွက်ခဲ့မှု အစီရင်ခံစာအပါအဝင် လွှတ်တော်ကိုယ်စားလှယ်များ၏ ဆွေးနွေးချက်များ၊ သက်ဆိုင်ရာ ကော်မရှင်နှင့် ပညာရေးဝန်ကြီးဌာန၏ ပြန်လည်ရှင်းလင်းတင်ပြချက်များကို လွှတ်တော်က မှတ်တမ်းတင်ကြောင်း ကြေညာသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော် ဥပဒေကြမ်းပူးပေါင်းကော်မတီ တွဲဖက်အတွင်းရေးမှူး ဒေါက်တာမြတ်ဉာဏစိုးက **လွှတ်တော်နှစ်ရပ် သဘောကွဲလွဲသော စားသုံးသူကာကွယ်ရေး ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက် အစီရင်ခံစာ**ကို ဖတ်ကြားတင်ပြသည်။

ယင်းနောက် ပြည်ထောင်စုလွှတ်တော်နာယကက အဆိုပါဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်းကြေညာသည်။

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ဒသမနေ့ကို ဖေဖော်ဝါရီ ၂၆ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**အောင်မော်၊ အေးအေးသန့် (သတင်းစဉ်)**

# ရခိုင်ပြည်နယ်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရန် ရခိုင်ပြည်နယ် ရင်းနှီးမြှုပ်နှံမှုပြပွဲ ကျင်းပမည်

ငပလီ ဖေဖော်ဝါရီ ၂၁

**ရခိုင်ပြည်နယ်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရန်အတွက် ရင်းနှီးမြှုပ်နှံမှုအခွင့်အလမ်းများ မြှင့်တင်ပေးရန်နှင့် ဒေသတွင်း စီးပွားရေးလုပ်ငန်းရှင်များအား အလားအလာရှိသည့် ပြည်တွင်းပြည်ပမှ ရင်းနှီးမြှုပ်နှံသူများနှင့် ချိတ်ဆက်ဆောင်ရွက်နိုင်ရန် ရည်ရွယ်၍ ''ရခိုင်ပြည်နယ် ရင်းနှီးမြှုပ်နှံမှုပြပွဲ'' ဖွင့်ပွဲအခမ်းအနားကို ရခိုင်ပြည်နယ် သံတွဲမြို့ရှိ ငပလီကမ်းခြေ Jasmine Ngapali Resort ဟိုတယ်၌ ဖေဖော်ဝါရီ ၂၂ ရက်တွင် ကျင်းပသွားမည်ဖြစ်သည်။**



ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပု



ဦးအောင်နိုင်ဦး



ပြည်နယ်ဝန်ကြီး ဦးကျော်အေးသိန်း



ဦးစိုင်းဟန်မြင့်



ဦးဖြိုးမင်းအောင်



ဦးစိုးမင်းထိုက်

ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုက "ရခိုင်ပြည်နယ်က တကယ့်ကို စီးပွားရေးရင်းနှီးမြှုပ်နှံဖို့ကောင်းတဲ့ အခြေခံအချက်တွေ အများကြီးရှိပေမယ့် အကြောင်းကြောင်းကြောင့် ဖွံ့ဖြိုးမှုနောက်ကျနေရတယ်။ ဒါကြောင့် မြန်မြန်ဆန်ဆန်ဖွံ့ဖြိုးဖို့အတွက် ရင်းနှီးမြှုပ်နှံမယ့် ပြည်တွင်း၊ ပြည်ပ စီးပွားရေးသမားတွေကို ရခိုင်ပြည်နယ်မှာ အထူးသဖြင့် စိုက်ပျိုးရေးကဏ္ဍ၊ ငပလီကမ်းခြေဖြစ်တဲ့အတွက် ဟိုတယ်နဲ့ ခရီးသွားလာရေးလုပ်ငန်းအပြင် အခြားစက်မှုလက်မှုလုပ်ငန်းတွေ၊ လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းတွေမှာ ဒီဒေသမှာ အခွင့်အလမ်းကောင်းတွေရှိတယ်ဆိုတာ သိစေချင်တယ်။ ရခိုင်ဒေသမှာ လာရောက်ပြီး ရင်းနှီးမြှုပ်နှံဖို့လည်း ဖိတ်ခေါ်ချင်ပါတယ်" ဟု ပြောသည်။

### အချင်းချင်းချိတ်ဆက်

"အခုကကတော့ မြန်မာနိုင်ငံကိုလာတဲ့ နိုင်ငံခြားသားတွေက မြန်မာပြည်ကိုလာပြီး စီးပွားရေးလုပ်ပါလို့ဆိုရင် ရန်ကုန်နဲ့ မန္တလေးပဲ စိတ်ဝင်စားတယ်။ ကျန်တဲ့တိုင်းဒေသကြီးနဲ့ ပြည်နယ်တွေမှာလည်း တကယ့်ကို စီးပွားရေးအတွက် ရင်းနှီးမြှုပ်နှံဖို့ အလားအလာကောင်းတဲ့နေရာတွေ အများကြီးရှိတယ်ဆိုတာရယ်၊ သက်ဆိုင်ရာ တိုင်းဒေသကြီးအသီးသီးမှာရှိတဲ့ လက်ငုပ်လက်ရင်း စီးပွားရေးလုပ်ငန်းရှင်တွေကိုလည်း နိုင်ငံတကာကလာတဲ့ လုပ်ငန်းရှင်တွေ၊ ပြည်တွင်းမှာရှိတဲ့ လုပ်ငန်းရှင်တွေ အချင်းချင်း ချိတ်ဆက်မိပြီး ပူးပေါင်းဆောင်ရွက်လို့ရအောင်လည်း ရည်ရွယ်ပါတယ်"ဟု မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင် အတွင်းရေးမှူး ဦးအောင်နိုင်ဦးက ပြောသည်။

အဆိုပါပြပွဲတွင် စိုက်ပျိုးရေး၊ မွေးမြူရေး၊ ရေလုပ်ငန်း၊ ခရီးသွားကဏ္ဍ၊ SME လုပ်ငန်းများကို ရင်းနှီးမြှုပ်နှံရန် ဦးစားပေးကဏ္ဍအနေဖြင့် ဖိတ်ခေါ်သွားမည်ဖြစ်ပြီး ကျန်သည့်ကဏ္ဍများတွင်လည်း စိတ်ဝင်စားမှုရှိပါက ဆွေးနွေးဖိတ်ခေါ်သွားမည်ဖြစ်ကြောင်း သိရသည်။

ရခိုင်ပြည်နယ်အစိုးရအဖွဲ့ ဘဏ္ဍာရေး၊ အခွန်နှင့် စီမံကိန်းဝန်ကြီး ဦးကျော်အေးသိန်းက "ရင်းနှီးမြှုပ်နှံမှုတွေ ဖိတ်ခေါ်တဲ့နေရာမှာ အဓိကလိုအပ်တဲ့ လျှပ်စစ်မီးဆိုရင်လည်း ရခိုင်ပြည်နယ် ၁၇ မြို့နယ်မှာ လျှပ်စစ်မီးရပြီးဖြစ်ပါတယ်။ လမ်းပန်းဆက်သွယ်ရေးအနေနဲ့လည်း ရခိုင်ပြည်နယ်ကို အဓိကဝင်ပေါက်ကြီး သုံးပေါက်ကနေ အချိန်မရွေး သွားလာလို့ရပါတယ်။ လေယာဉ်ကွင်းတွေလည်း ရှိပြီးသားဖြစ်တဲ့အတွက်ကြောင့် လေကြောင်းလိုင်းကနေ သွားရေးလာရေး အဆင်ပြေသလို ရေကြောင်းကနေလည်း သွားလာလို့ရပါတယ်။ ဒီပွဲမှာ ရင်းနှီးမြှုပ်နှံမှုနဲ့ အခွင့်အလမ်းတွေကို ပြမှာဖြစ်ပါတယ်"ဟု ပြောသည်။

အဆိုပါပြပွဲတွင် ဝန်ကြီးဌာနအသီးသီးမှ ကဏ္ဍအလိုက် ပြသထားသည့် ပြခန်းများ၊ ရခိုင်ပြည်နယ်အတွင်းရှိ ဒေသထွက်ကုန်များ၊ ပြည်တွင်း၊ ပြည်ပ ကုမ္ပဏီများမှ ပြခန်းများ ဖွင့်လှစ်ပြသထားသည်။




ရခိုင်ပြည်နယ် ရင်းနှီးမြှုပ်နှံမှုပြပွဲတွင် ခင်းကျင်းပြသမည့် ပြခန်းအချို့ ပြင်ဆင်နေမှုကို တွေ့ရစဉ်။

### တိုးတက်ဖွံ့ဖြိုးလာ

"နှစ်လမ်း တစ်ဆိပ်ကမ်းနှင့် အထူးစီးပွားရေးဇုန်စီမံကိန်း" ပြခန်းမှ ဖွံ့ဖြိုးမြန်မာစွမ်းအား ဆောက်လုပ်ရေးနှင့် သတ္တုတူးဖော်ထုတ်လုပ်ရေးလုပ်ငန်း အုပ်ချုပ်မှုဒါရိုက်တာ ဦးစိုင်းဟန်မြင့်က "ဒီပြပွဲမှာ ရခိုင်မှာလုပ်မယ့် စီမံကိန်းလေးခုကို ပြသထားမှာပါ။ ရခိုင်ပြည်နယ်မှာ လုပ်မယ့် စီမံကိန်းတွေဖြစ်တဲ့ စစ်တွေ-သံတွဲ- ကျောက်ဖြူ-မကွေး ရထားလမ်းဖောက်ဖို့၊ ကျောက်ဖြူရေနက်ဆိပ်ကမ်း၊ ကျောက်ဖြူအထူးစီးပွားရေးဇုန်၊ ကျောက်ဖြူနဲ့ မူဆယ်မြို့ အသွားအပြန် နှစ်လမ်းသွားရထားလမ်း၊ ကျောက်ဖြူ-နမ့်ခမ်း ရှစ်လမ်းသွား၊ ဒီလမ်းတွေပြီးတာနဲ့ ရခိုင်ပြည်နယ်က အများကြီးတိုးတက်ဖွံ့ဖြိုးလာမယ်။ ရခိုင်တင်မဟုတ်ပါဘူး။ နိုင်ငံက သုံး၊ လေးဆလောက် တိုးတက်ဖွံ့ဖြိုးလာမှာပါ။ ရင်းနှံမြှုပ်နှံမှုအပိုင်းအားလုံးကို ကုမ္ပဏီကစိုက်ထုတ်ပြီး ဆောင်ရွက်သွားမှာ ဖြစ်ပါတယ် ။ လုပ်ငန်းဆောင်ရွက်နိုင်အောင်လည်း ကြိုးစားနေပါတယ်"ဟု ပြောသည်။

ထို့ပြင် Cohort Co., Ltd. မှ မန်နေဂျင်းဒါရိုက်တာ ဦးဖြိုးမင်းအောင်က "ကျွန်တော့်ကုမ္ပဏီက ရွက်သစ်နုလက်ဖက်ခြောက်နဲ့ ကျော့ပိုက်ဆိုတဲ့ အသင့်စား ငါးနီတူခြောက် ထုတ်လုပ်ပါတယ်။ ဒီပြခန်းမှာ သဘာဝ နေရောင်ခြည်နဲ့ ငါးကိုအခြောက်လှန်းတဲ့ ပုံစံ၊ ငါးဖမ်းရင်သုံးတဲ့ ကျော့ပိုက်၊ ဖောင်နဲ့ ခမောက်လေးတွေ ပြထားတယ်။ လာတဲ့ဧည့်သည်တွေကို ကျွန်တော့်မိဘရဲ့ မိရိုးဖလာလုပ်ငန်းဖြစ်တဲ့ ရခိုင်ပြည်နယ် သံတွဲမြို့ ဆင်ခေါင်းရွာက ဖမ်းတဲ့ ငါးနီတူခြောက်ကို ပင်းတယက ရေနွေးကြမ်းနဲ့ တိုက်မယ်။ ငါးနီတူခြောက်က ပြည်တွင်းဈေးကွက်နဲ့ ဘင်္ဂလားဒေ့ရှ်ကို ပို့ပါတယ်။ ဒီပြပွဲမှာက နိုင်ငံတကာက စီးပွားရေးလုပ်ငန်းရှင်တွေလာတာဆိုတော့ အဓိကကတော့ မိရိုးဖလာ ရေလုပ်ငန်းတစ်ခုကနေ အခြားပြည်ပနိုင်ငံတွေကို ဈေးကွက်သစ်ထပ်ထိုးဖောက်နိုင်ဖို့၊ ဈေးကွက်သစ်ရှာဖို့ ဒီပြပွဲမှာ အခုလို ဝင်ပြတာပါ"ဟု ပြောသည်။

### ပေါင်းကူးတံတား

ရခိုင်ပြည်နယ် ရင်းနှီးမြှုပ်နှံမှုပြပွဲနှင့်ပတ်သက်၍ Seasons Hotel and Resorts မှ မန်နေဂျင်းဒါရိုက်တာ ဦးစိုးမင်းထိုက်က "စီးပွားရေးပညာရှင်တွေ၊ ရင်းနှီးမြှုပ်နှံသူတွေက နေရာပေါင်းစုံက လာတာဖြစ်တဲ့အတွက် စီးပွားရေးနဲ့ပတ်သက်တဲ့ သတင်းအချက်အလက်တွေ ဖလှယ်လို့ရမယ်၊ မိမိတို့နှစ်သက်တဲ့ သင့်တော်တဲ့နေရာတွေမှာ သွားရောက်ရင်းနှီးလုပ်ကိုင်ကြမယ်ဆိုရင် ဒေသခံတွေလည်း အလုပ်အကိုင်အခွင့်အလမ်းတွေရမယ်။ ရခိုင်မှာ လုပ်တယ်ဆိုပေမယ့် တစ်တိုင်းပြည်လုံးအတွက် အခွင့်အလမ်းကောင်းတွေ ပေါ်ထွက်လာနိုင်တယ်။ ဒါကြောင့် ဒီပွဲက ပေါင်းကူးတံတားလို့မြင်ပါတယ်။ အလွန်ကောင်းတဲ့ ပွဲမျိုးပဲဖြစ်ပါတယ်"ဟု ပြောသည်။

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်နှင့် ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီတို့ ပူးပေါင်းပြီး ရင်းနှီးမြှုပ်နှံမှုပြပွဲများကို ၂၀၁၅ ခုနှစ်တွင် မန္တလေးမြို့၌ လည်းကောင်း၊ ၂၀၁၆ ခုနှစ်တွင် ရှမ်းပြည်နယ်၌ လည်းကောင်း၊ ၂၀၁၇ ခုနှစ်တွင် ကရင်ပြည်နယ်၌ လည်းကောင်း၊ ၂၀၁၈ ခုနှစ်တွင် ဧရာဝတီတိုင်းဒေသကြီး ငွေဆောင်ကမ်းခြေ၌ လည်းကောင်း ကျင်းပခဲ့ပြီး ယခု ရခိုင်ပြည်နယ် သံတွဲမြို့ ငပလီကမ်းခြေတွင် ကျင်းပသည့် ရင်းနှီးမြှုပ်နှံမှုပြပွဲသည် ပဉ္စမအကြိမ်မြောက် ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

**သတင်း-သီသီမင်း၊ မင်းသစ်**
**ဓာတ်ပုံ-နေလင်း**

## မြန်မာစံချိန်စံညွှန်းများသတ်မှတ်

အမျိုးသားစံချိန်စံညွှန်းကောင်စီသည် စံချိန်စံညွှန်းသတ်မှတ်ခြင်းဆိုင်ရာ ဥပဒေပုဒ်မ ၃၃၊ ပုဒ်မခွဲ (ခ) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ ပုဒ်မ ၅၊ ပုဒ်မခွဲ (ခ) ပါ လုပ်ငန်းတာဝန်များအရ အောက်ဖော်ပြပါ စံချိန်စံညွှန်း (၄၃) ခုအား မြန်မာစံချိန်စံညွှန်းများအဖြစ်သတ်မှတ်ကြောင်း ထုတ်ပြန်ကြေညာလိုက်သည်-

၁။ MMS 2:2019 သောက်သုံးရေအရည်အသွေး စံချိန်စံညွှန်း
၂။ MMS CODEX STAN 210:1999 ဟင်းသီးဟင်းရွက်ဆီ စံချိန်စံညွှန်း
၃။ MMS ASEAN STAN 11:2008 ဖရဲသီးစံချိန်စံညွှန်း
၄။ MMS CODEX STAN 197:1995 ထောပတ်သီးစံချိန်စံညွှန်း
၅။ MMS CODEX STAN 205:1997 ငှက်ပျောသီးစံချိန်စံညွှန်း
၆။ MMS ASEAN STAN 31:2013 ကော်ဖီစေ့စံချိန်စံညွှန်း
၇။ MMS CODEX STAN 214:1999 ကျွဲကောသီးစံချိန်စံညွှန်း
၈။ MMS ISO/IEC 17011:2017 အရည်အသွေးကိုက်ညီမှု စစ်ဆေးခြင်း-
အသိအမှတ်ပြုအဖွဲ့များမှ အရည်အသွေးကိုက်ညီမှုစစ်ဆေးရေးအဖွဲ့များကို အသိအမှတ်ပြုနိုင်ရေး လိုအပ်ချက်များ
၉။ MMS ISO/IEC 17007:2009 အရည်အသွေးကိုက်ညီမှု စစ်ဆေးခြင်း-
အရည်အသွေးကိုက်ညီမှု စစ်ဆေးခြင်းတွင် အသုံးပြုရန်အတွက် သင့်တော်သည့်စံအဖြစ် သတ်မှတ်မည့်အချက်အလက်မူကြမ်းရေးဆွဲရေးအတွက် လမ်းညွှန်ချက်
၁၀။ MMS ISO/IEC 17020:2012 အရည်အသွေးကိုက်ညီမှု စစ်ဆေးခြင်း-
အရည်အသွေးစုံစမ်းစစ်ဆေးခြင်း ဆောင်ရွက်သော အဖွဲ့များ၏ လုပ်ဆောင်ချက်ဆိုင်ရာ လိုအပ်ချက်များ
၁၁။ MMS ISO/IEC 17021-1:2015 အရည်အသွေးကိုက်ညီမှု စစ်ဆေးခြင်း-
စီမံခန့်ခွဲမှုစနစ်ဆိုင်ရာ အရည်အသွေးထောက်ခံချက်နှင့် အရည်အသွေး စစ်ဆေးခြင်းဆောင်ရွက်သော အဖွဲ့များအတွက် လိုအပ်ချက်များ-- အပိုင်း(၁)လိုအပ်ချက်များ
၁၂။ MMS ISO/IEC 17021-2:2016 အရည်အသွေးကိုက်ညီမှု စစ်ဆေးခြင်း-
စီမံခန့်ခွဲမှုစနစ်ဆိုင်ရာ အရည်အသွေးထောက်ခံချက်နှင့် အရည်အသွေး စစ်ဆေးခြင်း ဆောင်ရွက်သောအဖွဲ့များအတွက် လိုအပ်ချက်များ-- အပိုင်း (၂) ပတ်ဝန်းကျင်ဆိုင်ရာစီမံခန့်ခွဲမှုစနစ်များအတွက် အရည်အသွေးထောက်ခံချက်ထုတ်ပေးခြင်းနှင့် အရည်အသွေး စစ်ဆေးခြင်းဆိုင်ရာ ကျွမ်းကျင်မှုလိုအပ်ချက်များ
၁၃။ MMS ISO/IEC 17021-3:2017 အရည်အသွေးကိုက်ညီမှု စစ်ဆေးခြင်း-
စီမံခန့်ခွဲမှုစနစ်ဆိုင်ရာ အရည်အသွေးထောက်ခံချက်နှင့် အရည်အသွေး စစ်ဆေးခြင်းဆောင်ရွက်သော အဖွဲ့များအတွက် လိုအပ်ချက်များ--- အပိုင်း(၃) အရည်အသွေးစီမံခန့်ခွဲမှုစနစ်များအတွက် အရည်အသွေးထောက်ခံချက်ထုတ်ပေးခြင်းနှင့် အရည်အသွေးစစ်ဆေးခြင်းဆိုင်ရာ ကျွမ်းကျင်မှုလိုအပ်ချက်များ

(ဆက်လက်ဖော်ပြပါမည်)

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် ဥရောပကော်မရှင်မှ တာဝန်ရှိသူနှင့် အီးယူသံအမတ်ကြီးတို့အား လက်ခံတွေ့ဆုံ

**နေပြည်တော် ဖေဖော်ဝါရီ ၂၁**



ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်သည် ဥရောပကော်မရှင်၏ ကုန်သွယ်ရေးဆိုင်ရာ ဒုတိယညွှန်ကြားရေးမှူးချုပ် Mrs. Helena Konig၊ Deputy Managing Director, Mrs. Paola Pampaloni၊ မြန်မာနိုင်ငံဆိုင်ရာ EU သံအမတ်ကြီး Mr. Kristian Schmid၊ Deputy Head of Unit, Ms. Alina Boiciuc နှင့် Desk Officer, Mr. Dirk Buda ဦးဆောင်သောအဖွဲ့အား ယနေ့မွန်းတည့် ၁၂ နာရီတွင် ပြန်ကြားရေးဝန်ကြီးဌာန ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးနှင့် ဒုတိယဝန်ကြီးတို့က မြန်မာနိုင်ငံ သတင်းမီဒီယာလွတ်လပ်ခွင့်အခြေအနေ၊ ပြန်ကြားရေးဝန်ကြီးဌာနက ဆောင်ရွက်နေသည့် ဥပဒေအချို့အား ပြန်လည်ပြင်ဆင်ရေးသုံးသပ်နေမှုနှင့် ရခိုင်ပြည်နယ်သို့ သတင်းမီဒီယာများ စေလွှတ်ပေးနေမှုအခြေအနေများနှင့်ပတ်သက်၍ ရှင်းလင်းဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ ဒုတိယဝန်ကြီး ဦးအောင်လှထွန်းနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# အားကစားနှင့်ကာယပညာသိပ္ပံကျောင်းများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် မြန်မာ့အားကစား ပိုမိုတိုးတက်ရန် အထောက်အကူပြုရေး ညှိနှိုင်းစည်းဝေး

**နေပြည်တော် ဖေဖော်ဝါရီ ၂၁**



အားကစားနှင့်ကာယပညာသိပ္ပံကျောင်းများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် မြန်မာ့အားကစား ပိုမိုတိုးတက်ရန် အထောက်အကူပြုရေး ညှိနှိုင်းအစည်းအဝေးကို ယမန်နေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက လက်ရှိသင်ကြားလေ့ကျင့်လျက်ရှိသော အားကစားနှင့်ကာယပညာသိပ္ပံကျောင်းများမှ နှစ်စဉ်တိုးတက်မှုရလဒ်ကောင်းမွန်မှု၊ ထိရောက်မှု၊ ပြည်တွင်းနည်းပြများနှင့် နိုင်ငံခြားနည်းပြများ၏ အရည်အသွေး၊ သင်ကြားပြသမှုအရည်အသွေးများ အဆင့်မီမှု၊ လေ့ကျင့်ရေးကျောင်းသားများ နေထိုင်စားသောက်ရေး ကောင်းမွန်ပြည့်စုံမှု၊ အားကစားသမား တစ်ဦးချင်းစီအလိုက် လစဉ်တိုးတက်မှု စသည်ဖြင့် အခြေအနေအရပ်ရပ်ကို အဘက်ဘက်မှ ပြန်လည်ဆန်းစစ်သုံးသပ်လျက်ရှိပြီး ပိုမိုကောင်းမွန်အောင် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

မြန်မာ့အားကစား ပိုမိုဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျင်းပခဲ့သည့် National Sport Seminar ၏ ရလဒ်များအတိုင်း အမြန်ဆုံးဆောင်ရွက်ရန် အရေးကြီးကြောင်း၊ အား/ကာသိပ္ပံကျောင်းများနှင့်စပ်လျဉ်း၍ ဆောင်ရွက်ရမည့်အချက်များကို ဦးစားပေးသတ်မှတ်ချက်အလိုက် အမြန်ဆုံးတာဝန်များ ခွဲဝေဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ အား/ကာသိပ္ပံကျောင်းများတွင် သင်ကြားလေ့ကျင့်ရာ၌ သာမန်ကျောင်းများတွင် သင်ကြားသကဲ့သို့ စာပေပညာရပ်များကို သင်ကြားနေရသဖြင့် အားကစားသမားများအနေဖြင့် ပိုမိုခက်ခဲပင်ပန်းကာ စာပေပညာတွင် သာမက အားကစားတွင်ပါ အောင်မြင်မှုရရှိရန် ခက်ခဲလျက်ရှိကြောင်း။

ထို့ကြောင့် အား/ကာသိပ္ပံကျောင်းများတွင် သာမန်ကျောင်းများကဲ့သို့မဟုတ်ဘဲ အားကစားလေ့ကျင့်ခြင်းနှင့် အားကစားနှင့်သက်ဆိုင်သည့် နည်းစနစ်၊ နည်းပြပညာ၊ ကျင့်ဝတ်နှင့် အားကစားစာပေများကို သင်ကြားလေ့ကျင့်မှသာ အားကစားအောင်မြင်မှုများ ရရှိနိုင်မည်ဖြစ်ကြောင်း၊ ဦးစီးဌာနနှင့် အားကစားသိပ္ပံကျောင်းများအနေဖြင့် သင်ရိုးညွှန်းတမ်းများကို စနစ်တကျ အသေးစိတ်ရေးဆွဲ၍ ပြုစုသင်ကြားရမည်ဖြစ်ပြီး အားကစားနည်းသင်ရိုး ပြီးမြောက်မှု သင်တန်းဆင်းလက်မှတ်ပေးရန်နှင့် ပညာရေးကောင်စီ၏ အသိအမှတ်ပြုမှုရရှိရေးကို အဆင့်ဆင့် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ အား/ကာသိပ္ပံကျောင်းများမှ ပြီးမြောက်အောင်မြင်သူများ အလုပ်အကိုင်အခွင့်အလမ်းရရှိရေးနှင့် ဘဝအာမခံချက်ရရှိရေးတို့ကို ဝန်ကြီးဌာနမှ အစီအစဉ်ချမှတ်ဆောင်ရွက်ရမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် အားကစားနှင့် ကာယပညာ သိပ္ပံကျောင်းများတာဝန်ခံ ဒုတိယညွှန်ကြားရေးမှူးချုပ်က သိပ္ပံကျောင်းများတွင် လေ့လာဆန်းစစ်ခဲ့မှုများ၊ အား/ကာသိပ္ပံကျောင်း ခြောက်ကျောင်းတွင် ကျောင်းအလိုက် သင်ကြားလေ့ကျင့်ပေးမည့် အားကစားနည်းစနစ်များ၊ အဆိုပြုပြောင်းလဲမည့် သိပ္ပံကျောင်းနှင့်အားကစားအထက်တန်း(သို့မဟုတ်) အားကစားအကယ်ဒမီကျောင်းများ၏ ဖွဲ့စည်းပုံအဆိုပြုမူကြမ်းများ၊ ၂၀၁၉-၂၀၂၀ ပညာသင်နှစ်တွင် သင်တန်းသားများ ရွေးချယ်ရေး၊ ကျောင်းများအလိုက် ရှေ့ဆက်လုပ်ဆောင်ရမည့် လုပ်ငန်းစဉ်များ၊ ထူးချွန်အားကစား သင်တန်းဆင်းလက်မှတ်ရပြီးသူများကိုသာ B.Sc Sport တက်ရောက်ခွင့်ပြုပြီး သက်ဆိုင်ရာ အားကစားနည်းအလိုက် နည်းပြ/နည်းစနစ်မှူးအဖြစ် ခန့်ထားနိုင်ရေးတို့ကို အကြံပြုတင်ပြ၍ အား/ကာသိပ္ပံကျောင်းအုပ်ကြီးများက ကျောင်းအလိုက် ဆောင်ရွက်ထားရှိမှုများကို တင်ပြကြရာ အမြဲတမ်းအတွင်းဝန်များက ဖြည့်စွက်တင်ပြကြသည်။

ယင်းနောက် ဒုတိယဝန်ကြီး ဒေါက်တာမြလေးစိန်က အစည်းအဝေး ဆုံးဖြတ်ချက်များအရ ဦးစီးဌာနမှ ကြိုတင်ပြင်ဆင်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားသည်။

**သတင်းစဉ်**

# ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ်၏ မြန်မာ့ရိုးရာထမနဲထိုးပြိုင်ပွဲ မြန်မာနိုင်ငံအခြေစိုက်သံရုံးများမှ သံတမန်များ ကြည့်ရှုအားပေး

**ရန်ကုန် ဖေဖော်ဝါရီ ၂၁**

ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ် (YUFL) ၏ တတိယအကြိမ်မြောက် မြန်မာ့ရိုးရာထမနဲထိုးပြိုင်ပွဲကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ တက္ကသိုလ်ရိပ်သာလမ်းရှိ အဆိုပါတက္ကသိုလ်ဝင်းအတွင်း၌ ကျင်းပခဲ့ကြရာ မြန်မာနိုင်ငံအခြေစိုက်သံရုံးများမှ သံတမန်များ လာရောက်ကြည့်ရှုအားပေးကြသည်။

ယနေ့ကျင်းပသော မြန်မာ့ရိုးရာထမနဲထိုးပွဲတော်တွင် ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ်မှ တရုတ်၊ အင်္ဂလိပ်၊ ပြင်သစ်၊ ဂျာမန်၊ ဂျပန်၊ ကိုရီးယား၊ ရုရှား၊ ထိုင်း၊ မြန်မာစာမေဂျာတို့မှ ဝိဇ္ဇာဘွဲ့ကြို ကျောင်းသားကျောင်းသူများပါဝင်ကာ အသင်းတစ်သင်းလျှင် ပြိုင်ပွဲဝင်ကျောင်းသားရှစ်ဦး၊ ကျောင်းသူနှစ်ဦးနှင့် ကြီးကြပ်သူဆရာမနှစ်ဦး စုစုပေါင်း ၁၂ ဦးစီတို့ အသင်းလိုက် ထမနဲထိုး ပါဝင်ယှဉ်ပြိုင်ကြသည်။

အဆိုပါထမနဲထိုးပြိုင်ပွဲသို့ ရန်ကုန်မြို့ပေါ်ရှိ မြန်မာနိုင်ငံဆိုင်ရာ နိုင်ငံခြားသံရုံးများမှ သံအရာရှိကြီးများ၊ နိုင်ငံတကာအဖွဲ့အစည်းများ၊ ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ်မှ ပါမောက္ခချုပ်နှင့် ဒုတိယပါမောက္ခချုပ်များ၊ ဌာနမှူးများ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ တက်ရောက်ကြကြောင်း သိရသည်။

**သတင်း-မျိုးမင်းသိန်း(မရမ်းကုန်း)**
**ဓာတ်ပုံ-မျိုးကြီး**



## ရန်ကုန်စာအုပ်လမ်း စနေ၊ တနင်္ဂနွေအစီအစဉ်

**ရန်ကုန် ဖေဖော်ဝါရီ ၂၁**

အပတ်စဉ် စနေ၊ တနင်္ဂနွေနေ့များတွင် နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ သိမ်ဖြူလမ်း၌ ဖွင့်လှစ်ရောင်းချပေးလျက်ရှိသော ဖေဖော်ဝါရီ ၂၃ ရက် စနေနေ့ အစီအစဉ်အဖြစ် မွန်းလွဲ ၁ နာရီတွင် မောင်လင်းရိပ်၊ နှင်းခါးမိုး၊ မြတ်၊ ဇော်လူစိမ်း၊ မင်းထက်မောင်တို့၏ "Poetry Reading and Talk (ကဗျာအသွား ကဗျာစကား)" အစီအစဉ်၊ ဖေဖော်ဝါရီ ၂၄ ရက် တနင်္ဂနွေနေ့ အစီအစဉ်အဖြစ် နံနက် ၉ နာရီခွဲတွင် "Save the Library (စာကြည့်တိုက်ကွန်ရက်)"မှ ဥပဒေမူကြမ်း ဆွေးနွေးပွဲ အစီအစဉ်၊ နံနက် ၁၁ နာရီခွဲတွင် အလင်းဆက် (IR) ၏ "ကိုလိုနီခေတ် မြန်မာ့ရုပ်ရှင်သူရဲကောင်းပဲရော့ ဦးဆန်နီ" စာအုပ်မိတ်ဆက်ပွဲ အစီအစဉ်၊ မွန်းလွဲ ၂ နာရီတွင် အလှမယ် အယ်လီနာဝင်း ပါဝင်ကူညီပြီး စိတ်ကူးချိုချို စာအုပ်တိုက်မှ ထုတ်ဝေထားသော စာအုပ်များကို ထိုက်တန်စွာ လက်ဆောင်ပေးမည့် မေးကြည့်ဖြေကြည့် စာအုပ်ပဟေဠိ အစီအစဉ်နှင့် စာအုပ်လမ်းသို့ လာရောက်မည့် စာဖတ်သူများအား တစ်ယောက်လျှင် တစ်အုပ်နှုန်းဖြင့် စာအုပ်စတုဒိသာ ပေးဝေမည့် အစီအစဉ်၊ ညနေ ၃ နာရီတွင် ဒါရိုက်တာ ကြည်စိုးထွန်း၏ "ဝတ္ထုမှ ပြောင်းလာသော ရုပ်ရှင်များ" ခေါင်းစဉ်ဖြင့် စာပေဟောပြောပွဲ အစီအစဉ်၊ ညနေ ၅ နာရီတွင် အင်ဒိုနီးရှားတေးဂီတပညာရှင် Indra Menus ၏ ဖျော်ဖြေရေး အစီအစဉ်များ ပါဝင်မည်ဖြစ်ရာ စာပေချစ်မြတ်နိုးသူများ လာရောက်လေ့လာဖြေဆိုဝယ်ယူနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးကျော်တင် ကိုရီးယား-မြန်မာလွှတ်တော်များအကြား ချစ်ကြည်ရေးအသင်းဥက္ကဋ္ဌအား လက်ခံတွေ့ဆုံ



**နေပြည်တော် ဖေဖော်ဝါရီ ၂၁**

အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်သည် ကိုရီးယား-မြန်မာ လွှတ်တော်များအကြား ချစ်ကြည်ရေးအသင်းဥက္ကဋ္ဌ H.E. Mr.Kim Jaewon အား ယနေ့မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေး ဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။**(ယာပုံ)**

**အမြင်ချင်းဖလှယ်ဆွေးနွေး**

ထိုသို့တွေ့ဆုံစဉ် နှစ်နိုင်ငံလွှတ်တော်များအကြား ရင်းနှီးချစ်ကြည်မှုနှင့် ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေး ကိစ္စရပ်များ၊ နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေးဆိုင်ရာ ကိစ္စရပ်များ၊ စံပြကျေးရွာလှုပ်ရှားမှု (Saemaul Undong) စီမံကိန်းအောက်တွင် ဆောင်ရွက်လျက်ရှိသော စိုက်ပျိုးရေးနှင့်ပတ်သက်သည့် အစီအစဉ်ကိစ္စ၊ မြန်မာ-ကိုရီးယား ချစ်ကြည်ရေး(ရန်ကုန်-ဒလ) တံတားတည်ဆောက်ရေးစီမံကိန်းကိစ္စ၊ အာဆီယံ-ကိုရီးယားဆွေးနွေးဖက်နိုင်ငံများ မိတ်ဖက်ဆက်ဆံရေး ထူထောင်ခြင်းနှစ်(၃၀)ပြည့် ထိပ်သီးအစည်းအဝေး ကျင်းပမည့်ကိစ္စ၊ ကိုရီးယားနိုင်ငံမှ တရားဝင် ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ အကူအညီများ(ODA)ပေးအပ်ခြင်းကိစ္စနှင့် နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်နိုင်မည့် အလားအလာများနှင့်ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

# နိုင်ငံခြားရေးဝန်ကြီးဌာနက ဘင်္ဂလားဒေ့ရှ်သံအမတ်ကြီးအား ခေါ်ယူ၍ နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေးလုပ်ငန်းစဉ် စတင်ရေးနှင့် ဘင်္ဂလားဒေ့ရှ်ဘက်မှ ထိန်းသိမ်းထားသော ရဲတပ်သားအား ပြန်လည်လွှဲပြောင်းရေးကိစ္စရပ်များ ပြောကြား

**နေပြည်တော် ဖေဖော်ဝါရီ ၂၁**

နိုင်ငံခြားရေးဝန်ကြီးဌာန နိုင်ငံရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစိုးဟန်သည် မြန်မာနိုင်ငံဆိုင်ရာ ဘင်္ဂလားဒေ့ရှ် သံအမတ်ကြီး H.E. Mr. Manjurul Karim Khan Chowdhury အား ယနေ့မွန်းလွဲပိုင်းက နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာနသို့ ခေါ်ယူ တွေ့ဆုံခဲ့သည်။

ထိုသို့ တွေ့ဆုံစဉ် ညွှန်ကြားရေးမှူးချုပ်က သံအမတ်ကြီးအား မြန်မာနိုင်ငံနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့အကြား ရရှိထားသော သဘောတူညီချက်များနှင့်အညီ နေရပ်စွန့်ခွာသွားသူများအား ပြန်လည်လက်ခံရေးလုပ်ငန်းစဉ်များ ဆောလျင်စွာ စတင်ရေးအတွက် နေရပ်စွန့်ခွာသွားသူများ ပြန်လည်လက်ခံရေးဆိုင်ရာ မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံအကြား ပူးတွဲလုပ်ငန်းအဖွဲ့(Joint Working Group) ၏ စတုတ္ထအကြိမ် အစည်းအဝေးကို ၂၀၁၉ ခုနှစ် ဧပြီလ ဒုတိယလဝက်ကာလတွင် နေပြည်တော်၌ ကျင်းပရန် အဆိုပြုခဲ့သည်။

ထို့ပြင် ၂၀၁၅ ခုနှစ် ဇွန်လအတွင်းက မြန်မာနိုင်ငံဘက်ခြမ်းသို့ တရားမဝင်ရောက်ရှိခဲ့သော ဘင်္ဂလားဒေ့ရှ် နယ်ခြားစောင့် ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်တစ်ဦးအား နှစ်နိုင်ငံနယ်ခြားစောင့်ရဲတပ်ဖွဲ့များ၏ အလံတင်အစည်းအဝေး ပြုလုပ်၍ မြန်မာဘက်မှ ရုစ်ရက်အတွင်း ပြန်လည်လွှဲပြောင်းပေးခဲ့ကြောင်း၊ ယင်းအစဉ်အလာနှင့်အညီ မကြာသေးမီက ဘင်္ဂလားဒေ့ရှ်ဘက်မှ ထိန်းသိမ်းထားသော မြန်မာနိုင်ငံ နယ်ခြားစောင့်ရဲတပ်ဖွဲ့မှ ရဲတပ်သား အောင်ဘိုဘိုသိန်းအား ဆောလျင်စွာ ပြန်လည်လွှဲပြောင်းပေးစေလိုကြောင်း အသိပေးပြောကြားခဲ့သည်။

ဘင်္ဂလားဒေ့ရှ်သံအမတ်ကြီးကလည်း ဘင်္ဂလားဒေ့ရှ်အာဏာပိုင်များအနေဖြင့် အဆိုပါ ရဲတပ်သားကို ဥပဒေကြောင်းအရ မည်သည့်အရေးယူမှုမျှ ပြုလုပ်သွားမည် မဟုတ်ဘဲ ဘင်္ဂလားဒေ့ရှ် ပြည်တွင်းလုပ်ငန်းစဉ်များနှင့် အညီ လိုအပ်သည်များ ဆောင်ရွက်ပြီးပါက မြန်မာဘက်သို့ ပြန်လည်လွှဲပြောင်းသွားမည်ဖြစ်ကြောင်း ပြန်လည်ပြောကြားခဲ့ကြောင်း နိုင်ငံခြားရေးဝန်ကြီးဌာနမှ သတင်းရရှိသည်။ **သတင်းစဉ်**



## အမျိုးသားလွှတ်တော်၊ အစိုးရ၏အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီနှင့် ပြည်ထောင်စုဝန်ကြီးဌာန/ အဖွဲ့အစည်းများ၊ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၂၁**

အမျိုးသားလွှတ်တော်၊ အစိုးရ၏အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များစိစစ်ရေးကော်မတီသည် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများ၊ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များမှ တာဝန်ရှိ ပုဂ္ဂိုလ်များနှင့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ အမျိုးသားလွှတ်တော် ကော်မတီရေးရာဆောင် အမှတ်(၂၀) အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အဆိုပါ အစည်းအဝေးသို့ကော်မတီဥက္ကဋ္ဌနှင့်အတူ အတွင်းရေးမှူး၊ ကော်မတီဝင်များ၊ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့ အစည်းများ၊ တိုင်းဒေသကြီး/ပြည်နယ်အစိုးရ အဖွဲ့များမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ အမျိုးသား လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

ရှေးဦးစွာ အစိုးရ၏အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များစိစစ်ရေးကော်မတီဥက္ကဋ္ဌ ဦးသိမ်းဆွေက အဖွင့်အမှာစကားပြောကြားပြီး ကော်မတီအဖွဲ့ဝင်များက ဒုတိယအကြိမ် အမျိုးသား လွှတ်တော် ဒသမပုံမှန်အစည်းအဝေးတွင် အာမခံချက်၊ ကတိနှင့် တာဝန်ခံချက်များဖြစ်ပေါ်ခဲ့သည့် အဆိုနှင့် မေးခွန်းများကို သက်ဆိုင်ရာဝန်ကြီးဌာန/ အဖွဲ့အစည်းများ၊ တိုင်းဒေသကြီး/ပြည်နယ်အစိုးရ အဖွဲ့များမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် ညှိနှိုင်းဆွေးနွေး ကြသည်။

ထို့နောက် ဆွေးနွေးချက်များအပေါ် ကော်မတီ ဥက္ကဋ္ဌ ဦးသိမ်းဆွေက ကတိဖြစ်ပေါ်ခဲ့သည့် အဆို၊ မေးခွန်းများကို သက်ဆိုင်ရာဌာနများနှင့် ပေါင်းစပ် ညှိနှိုင်းပေးပြီး နိဂုံးချုပ်စကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းခဲ့သည်။ **သတင်းစဉ်**

**စာအုပ်စာပေ လူ့မိတ်ဆွေ**

## ၂၀၁၉ ခုနှစ်အတွက် အာဆီယံဆု (ASEAN Prize 2019) လျှောက်ထားနိုင်ကြောင်း ကြေညာ

အာဆီယံအတွင်းရေးမှူးချုပ်ရုံးအနေဖြင့် အာဆီယံ၏ ဂုဏ်ပုဒ်၊ အာဆီယံစိတ်ဓာတ်နှင့် အောက်ဖော်ပြပါ သတ်မှတ်ထားသည့် နယ်ပယ်များတွင် အာဆီယံလမ်းစဉ်တို့ကို မြှင့်တင်ပေးနိုင်သည့် လူပုဂ္ဂိုလ်/အဖွဲ့အစည်းတို့၏ ဆောင်ရွက်မှုများနှင့် အောင်မြင်မှုများကို အသိအမှတ်ပြုသည့်အနေဖြင့် ၂၀၁၉ ခုနှစ် အာဆီယံဆုကို ပေးအပ်ချီးမြှင့်ရန် အတွက် အဆိုပြုလွှာများ ခေါ်ယူလျက်ရှိသည်-

(က) အာဆီယံအဖွဲ့ဝင်နိုင်ငံများအကြား ပူးပေါင်းဆောင်ရွက်မှုများ

(ခ) အာဆီယံနှင့် ကမ္ဘာတစ်ဝန်းအကြား ပူးပေါင်းဆောင်ရွက်မှုများ

(ဂ) အာဆီယံအဖွဲ့ဝင်နိုင်ငံများအကြား ပြည်သူအချင်းချင်း ထိတွေ့ဆက်ဆံမှုများ

(ဃ) အာဆီယံအဖွဲ့ဝင်နိုင်ငံများအကြား စံနှုန်းများ မြှင့်တင်ရေးနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုများ

(င) အာဆီယံအသိုက်အဝန်း တည်ထောင်ရေးအတွက် သိသာထင်ရှားသည့် ဆောင်ရွက်မှုများ

အာဆီယံဆုအား အပြီးသတ်ရွေးချယ်မည့် ဒိုင်အဖွဲ့ကို လက်ရှိ အာဆီယံအတွင်းရေးမှူးချုပ်နှင့် အာဆီယံအတွင်းရေးမှူးချုပ်ဟောင်းများအပါအဝင် ထင်ရှားသော အဆင့်မြင့်ပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းထားပြီး ဆုရရှိသူအား အာဆီယံဆုဖလားနှင့် အမေရိကန်ဒေါ်လာ ၂၀၀၀၀ ချီးမြှင့်သွားမည်ဖြစ်သည်။ ယင်းဆုကို ၂၀၁၉ ခုနှစ် ဇွန်လတွင် ကျင်းပမည့် (၃၄)ကြိမ်မြောက် အာဆီယံခေါင်းဆောင်များထိပ်သီး အစည်းအဝေးတွင် ပေးအပ်ချီးမြှင့်သွားမည် ဖြစ်သည်။

**ပေးအပ်ချီးမြှင့်ခဲ့**

၂၀၁၈ ခုနှစ်အတွက် အာဆီယံဆုကို ဖိလစ်ပိုင်နိုင်ငံမှ မစ္စစ် အာလင်ဒါ ယူကိုးက အားလုံးပါဝင်သည့် အာဆီယံ အသိုက်အဝန်းဖော်ဆောင်ရာတွင် ၎င်း၏ပါဝင်ဆောင်ရွက်ခဲ့မှု များကြောင့် ရရှိသွားခဲ့သည်။ ၂၀၁၈ ခုနှစ် နိုဝင်ဘာလတွင် ကျင်းပခဲ့သည့် အာဆီယံထိပ်သီးအစည်းအဝေး ဖွင့်ပွဲအခမ်းအနားတွင် စင်ကာပူနိုင်ငံဝန်ကြီးချုပ် လီရှန်လုံးနှင့် အာဆီယံအတွင်းရေးမှူးချုပ် ဒါတိုလင်ကျောက်ဟွိုင်တို့က အာဆီယံဆုဖလားနှင့် ဆုတော်ငွေတို့ကို မစ္စစ် အာလင်ဒါ ယူကိုးအား ပေးအပ်ချီးမြှင့်ခဲ့သည်။ အာဆီယံဆုအတွက် ထောက်ပံ့သော အဖွဲ့အစည်းများမှာ စင်ကာပူနိုင်ငံမှ တမားဆတ်ဖောင်ဒေးရှင်း (Temasek Foundation)၊ ဖိလစ်ပိုင်နိုင်ငံမှ အရာလာကော်ပိုရေးရှင်း(the Ayala Corporation) နှင့် မလေးရှားနိုင်ငံမှ ယာယာစံ ဟာဆနာ(Yayasan Hasanah) အဖွဲ့အစည်းတို့ဖြစ်သည်။

အဆိုပါဆုအား လျှောက်ထားရန် အဆိုပြုသူများသည် အာဆီယံ အဖွဲ့ဝင်နိုင်ငံများမှ နိုင်ငံသား (သို့မဟုတ်) အဖွဲ့ အစည်းဖြစ်ရမည်ဖြစ်ပြီး စည်းမျဉ်းစည်းကမ်းကို အခြေခံပြီး ပြည်သူကို ဦးတည်၍ ပြည်သူကို ဗဟိုပြုသည့် အာဆီယံ အသိုက်အဝန်းထူထောင်ခြင်းနှင့် အာဆီယံဒေသတွင်း ပူးပေါင်းဆောင်ရွက်မှုများတွင် လျှောက်ထားမည့် လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းမှ ၂၀၁၈ ခုနှစ် ဇန်နဝါရီလမှ ၂၀၁၉ ခုနှစ် ဇန်နဝါရီလအတွင်း ပါဝင်ဆောင်ရွက်ခဲ့သည့် ဆောင်ရွက်ချက်များ၊ အောင်မြင်မှုများနှင့် ရှေ့ဆက်၍ အာဆီယံနှင့် ပတ်သက်၍ ဆောင်ရွက်သွားမည့် အစီအစဉ်များကို စာမျက်နှာ ၃ မျက်နှာမှ ၅ မျက်နှာအကြား (အင်္ဂလိပ်ဘာသာဖြင့်) အကျဉ်းချုပ် ရေးသားဖော်ပြရမည် ဖြစ်သည်။

**လေ့လာကြည့်ရှုနိုင်**

အကျဉ်းချုပ်တွင် ပါရှိရမည့် အချက်အလက်များကို လျှောက်လွှာပုံစံတွင် ဖော်ပြပါရှိပါကြောင်းနှင့် လျှောက်လွှာပုံစံကို အာဆီယံအတွင်းရေးမှူးချုပ်ရုံး၏ အင်တာနက် စာမျက်နှာ https://asean.org/ call-nominations-asean-prize-2019/.တွင် ရယူ၍ အာဆီယံရေးရာ ဦးစီးဌာန၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ ရုံးအမှတ်(၉)၊ နေပြည်တော် (သို့မဟုတ်) dgasean@gmail.comနှင့် psaseanmmr @gmail.comကို ၈-၃-၂၀၁၉ ရက်နေ့နောက်ဆုံးထား၍ လိပ်မူ လျှောက်ထားနိုင်ကြောင်း၊ အသေးစိတ်အချက်အလက်များကိုလည်း ဖော်ပြပါ အာဆီယံအတွင်းရေးမှူးချုပ်ရုံး၏ အင်တာနက်စာမျက်နှာတွင် လေ့လာကြည့်ရှုနိုင်ပါကြောင်း နိုင်ငံခြားရေး ဝန်ကြီးဌာနမှ သတင်းရရှိသည်။ **သတင်းစဉ်**

# ပထမအကြိမ် တက္ကသိုလ်၊ ကောလိပ်ပေါင်းစုံ မြန်မာစကားပြောစွမ်းရည်ပြိုင်ပွဲ ကျင်းပမည်

**ရန်ကုန် ဖေဖော်ဝါရီ ၂၁**

ပညာရေးဝန်ကြီးဌာန၊ Telecom International Myanmar Co., Ltd. (Mytel) နှင့် Skynet တို့ ပူးပေါင်းမှုဖြင့် မြန်မာလူငယ်များ မြန်မာစာ၊ မြန်မာစကားကို ချစ်ခင်မြတ်နိုးစိတ်ဖြစ်ပေါ်လာစေရေးနှင့် မြန်မာစကားပြော စွမ်းရည်များ တိုးတက်လာစေရေး၊ ထိုမှတစ်ဆင့် ပြင်ပစာပေဖတ်ရှုသည့် အလေ့အထများ ထွန်းကားလာစေရေးတို့ကိုရည်ရွယ်၍ ပထမအကြိမ် တက္ကသိုလ်၊ ကောလိပ်ပေါင်းစုံ မြန်မာစကားပြော စွမ်းရည်ပြိုင်ပွဲကို ဖေဖော်ဝါရီ ၂၃ ရက်မှ မတ် ၃ ရက်အထိ ရန်ကုန်တက္ကသိုလ် စိန်ရတုခန်းမ၌ကျင်းပသွားမည်ဖြစ်ကြောင်း ယမန်နေ့ နံနက် ၁၁ နာရီက ရန်ကုန်မြို့ ဒဂုံမြို့နယ် တိရစ္ဆာန်ဥယျာဉ်လမ်းရှိ Mytel ရုံးချုပ်၌ ကျင်းပသည့် စာနယ်ဇင်းရှင်းလင်းပွဲမှ သိရသည်။



ပထမအကြိမ် တက္ကသိုလ်၊ ကောလိပ်ပေါင်းစုံ မြန်မာစကားပြောစွမ်းရည်ပြိုင်ပွဲနှင့်ပတ်သက်၍ စာနယ်ဇင်းရှင်းလင်းပွဲ ကျင်းပစဉ်။

**တခ်ဏာပွတ္တိဉာဏ် ရှင်သန်ထက်မြက်**

ပြိုင်ပွဲကျင်းပရေးကော်မတီ အတွင်းရေးမှူး ရန်ကုန်တက္ကသိုလ် မြန်မာစာဌာန ပါမောက္ခ/ဌာနမှူး ဒေါက်တာအောင်မြင့်ဦးက "အဓိကရည်ရွယ်ချက်က မြန်မာဘာသာစကားက တိုင်းပြည်ရဲ့ ကျောင်းသုံး၊ ရုံးသုံးမိခင်ဘာသာစကားဖြစ်တဲ့အတွက် မြန်မာဘာသာစကားကို ထက်ထက်မြက်မြက်နဲ့ ပြောတတ် ဆိုတတ်ဖို့၊ အသံထွက်ကအစ၊ အသုံးအနှုန်းကအစ မှန်မှန်ကန်ကန် ပြောဆိုရေးသားသုံးနှုန်းနိုင်ဖို့၊ နောင်တစ်ခေတ်မှာ နိုင်ငံ့ခေါင်းဆောင်တွေဖြစ်လာမယ့် လူငယ်တွေ မြန်မာဘာသာစကားကို မှန်မှန်ကန်ကန် ပြောဆိုဆက်သွယ်နိုင်ဖို့၊ ဒီပြိုင်ပွဲကျင်းပခြင်းဖြင့် ကျောင်းသား ကျောင်းသူတွေရဲ့ တခ်ဏာပွတ္တိဉာဏ် ရှင်သန်ထက်မြက်လာစေဖို့ ရည်ရွယ်ချက်တွေနဲ့ ဆောင်ရွက်ခဲ့တာဖြစ်ပါတယ်။ ဒီလိုကျင်းပခြင်းဖြင့် ကျောင်းတွေ၊ တက္ကသိုလ်တွေမှာ မြန်မာစာ၊ မြန်မာဘာသာစကားနဲ့ပတ်သက်ပြီး ပိုမိုလေးစားလာမယ်၊ တန်ဖိုးထားလာမယ်၊ ပိုပြီးစိတ်ဝင်စားလာမယ်၊ ပြိုင်ပွဲတွေမှာလည်း မြန်မာစကားကို မှန်မှန်ကန်ကန် ပီပီသသနဲ့ ပြောဖို့ဆိုဖို့ သတိထားရမယ့်ကိစ္စဆိုတာ သိလာမယ်"ဟု ပြောသည်။

ပထမအကြိမ် တက္ကသိုလ်၊ ကောလိပ်ပေါင်းစုံ မြန်မာစကားပြောစွမ်းရည်ပြိုင်ပွဲ၏ အထက်မြန်မာပြည်နှင့် အောက်မြန်မာပြည်အဆင့် ဆန်ခါတင်ပြိုင်ပွဲများကို ဖေဖော်ဝါရီ ၁၄ ရက်နှင့် ၁၅ ရက်တို့တွင် မန္တလေးတက္ကသိုလ်နှင့် ရန်ကုန်တက္ကသိုလ်တို့တွင် ကျင်းပခဲ့သည်။ အဆိုပါ ဆန်ခါတင်အဆင့် ပြိုင်ပွဲများသို့ အထက်မြန်မာပြည်နှင့် အောက်မြန်မာပြည်များမှ ဆေးဘက်ဆိုင်ရာတက္ကသိုလ်များ၊ နည်းပညာတက္ကသိုလ်များ၊ ကွန်ပျူတာတက္ကသိုလ်များ၊ ပညာရေးတက္ကသိုလ်များ၊ သမဝါယမတက္ကသိုလ်များ၊ ပညာရေးကောလိပ်များ၊ ဝိဇ္ဇာနှင့်သိပ္ပံဒီဂရီကောလိပ်များမှ ပါဝင်ယှဉ်ပြိုင်ခဲ့ရာ အထက်မြန်မာပြည်မှ ၂၆ ကျောင်း၊ အောက်မြန်မာပြည်မှ ၂၈ ကျောင်း စုစုပေါင်း ၅၄ ကျောင်း ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည်။ ထိုဆန်ခါတင် အဆင့်ပြိုင်ပွဲများမှ အထက်မြန်မာပြည် ကျောင်းလေးကျောင်းမှ ကိုယ်စားပြု အသင်းလေးသင်းနှင့် အောက်မြန်မာပြည် ကျောင်းလေးကျောင်းမှ ကိုယ်စားပြု အသင်းလေးသင်း စုစုပေါင်းရှစ်သင်းတို့သည် ကွာတားဖိုင်နယ်ပြိုင်ပွဲများ၌ ဆက်လက်ယှဉ်ပြိုင်ရမည်ဖြစ်သည်။

အဆိုပါရှစ်သင်းမှာ မန္တလေးနိုင်ငံခြားဘာသာတက္ကသိုလ်ကိုယ်စားပြု "နှင်းဆီရောင်" အသင်း၊ မန္တလေးတက္ကသိုလ်ကိုယ်စားပြု "မြကွန်းသာ" အသင်း၊ စစ်ကိုင်းပညာရေးတက္ကသိုလ်ကိုယ်စားပြု "ရွှေမင်းဝံ"အသင်း၊ စစ်ကိုင်းတက္ကသိုလ်ကိုယ်စားပြု "ကန္တာရနှင်းဆီ" အသင်း၊ ပုသိမ်တက္ကသိုလ်ကိုယ်စားပြု "မြဝါးရုံ"အသင်း၊ ရန်ကုန်တက္ကသိုလ်ကိုယ်စားပြု "အဓိပတိ"အသင်း၊ ဒဂုံတက္ကသိုလ်ကိုယ်စားပြု "ဒဂုံမောင်" အသင်းနှင့် ရန်ကုန်ပညာရေးတက္ကသိုလ်ကိုယ်စားပြု "ပညာ့အားမာန်" အသင်းတို့ဖြစ်ကြသည်။

**တိုက်ရိုက်ရိုက်ကူးထုတ်လွှင့်**

Mytel ၏ ပြင်ပဆက်ဆံရေး အမှုဆောင်အရာရှိချုပ် ဦးဇော်မင်းဦးက "Mytel အနေနဲ့ မြန်မာစကားပြောစွမ်းရည်ပြိုင်ပွဲကို လူငယ်တွေအတွက် ဒီအစီအစဉ်ဟာ အင်မတန်ကောင်းမွန်တဲ့ အစီအစဉ်ဖြစ်လို့ ယုံကြည်ပြီး အားတက်သရောပါဝင်ကူညီ ဖြစ်ခဲ့တာပါ။ အဓိကကတော့ ဒီလိုပြိုင်ပွဲတွေရှိလာတဲ့အတွက် မြန်မာစာ၊ မြန်မာစကားကိုလည်း တိုးမြှင့်အားပေးနိုင်မယ်။ လူငယ်တွေအနေနဲ့ ရသစာပေအပါအဝင် ပြင်ပစာပေတွေဖတ်ရှုတဲ့ အလေ့အထလည်း ပိုမိုထွန်းကားလာလိမ့်မယ်လို့ မျှော်လင့်ပါတယ်"ဟု ပြောသည်။

Mytel အနေဖြင့် ယခုအခါ ပညာရေးကဏ္ဍကို အထူးအလေးထားပြီး ဒစ်ဂျစ်တယ်လမ်းကြောင်းပေါ်သို့ ခေါ်ဆောင်သွားနိုင်ရန် ကြိုးပမ်းလျက်ရှိရာ မြန်မာလူငယ်များအကြား မြန်မာစာ၊ မြန်မာစကား ကျွမ်းကျင်မှု ပိုမိုတိုးတက်စေရန် ဆောင်ရွက်ပေးသင့်သည်ဟု ခံယူသဖြင့် ပညာရေးဝန်ကြီးဌာနနှင့် Skynet တို့နှင့်အတူ လက်တွဲပူးပေါင်း၍ ယခုအစီအစဉ်တွင် အဓိကကူညီပံ့ပိုးသူအဖြစ် ပါဝင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါပြိုင်ပွဲ ပွဲစဉ်များကို Skynet Up To Date နှင့် Education ရုပ်သံလိုင်းများနှင့် Mytel ၏ My TV တို့တွင် ညစဉ် ညနေ ၆ နာရီမှစတင်ကာ တိုက်ရိုက်ရိုက်ကူးထုတ်လွှင့် ပြသသွားမည်ဖြစ်သည်။

အကဲဖြတ်ဒိုင်လူကြီးများအဖြစ် စာရေးဆရာမ မစန္ဒာ၊ စာရေးဆရာ မောင်သာချိုနှင့် ရုပ်ရှင်သရုပ်ဆောင် အကယ်ဒမီ ဒေါ်ဆွေဇင်ထိုက်တို့ကလည်းကောင်း၊ ပြိုင်ပွဲအခမ်းအနားမှူးများအဖြစ် ဦးအရိုင်းနှင့် ကျော်ကျော်ဗိုတို့ကလည်းကောင်း ဆောင်ရွက်သွားကြမည်ဖြစ်ကြောင်း သိရသည်။

**ချီးမြှင့်**

အကဲဖြတ်ဒိုင်လူကြီးများ၏ အကဲဖြတ်အမှတ်များနှင့် ပရိသတ်တို့၏ SMS Voting တို့ကို ပေါင်းစပ်၍ ရွေးချယ်ပေးသွားမည်ဖြစ်သည်။ ပရိသတ်များအနေဖြင့် မိမိတို့နှစ်သက်ရာအသင်းများကို Mytel ၏ SMS တွင် ၈၆၆၈ ကို ခေါ်ဆိုကာ အသင်းကိုယ်စားပြုသင်္ကေတကို ရိုက်နှိပ်၍ မဲပေးနိုင်မည်ဖြစ်သည်။

ပြိုင်ပွဲတွင်ဆုများအဖြစ် ကွာတားဖိုင်နယ်အဆင့်တွင် ရှုံးနိမ့်သွားသည့် အသင်းလေးသင်းအား တစ်သင်းလျှင် ငွေကျပ် ခြောက်သိန်းစီ၊ အကြိုဗိုလ်လုပွဲတွင် ရှုံးနိမ့်သွားသည့် အသင်းနှစ်သင်းကို တစ်သင်းလျှင် ငွေကျပ် ၁၂ သိန်းစီ၊ ဗိုလ်လုပွဲတွင် ရှုံးနိမ့်သွားသည့်အသင်းကို ငွေကျပ် သိန်း ၆၀ နှင့် အနိုင်ရဗိုလ်စွဲသွားသည့်အသင်းအား ငွေကျပ် သိန်း ၁၅၀ ကို Mytel က ချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

အသေးစိတ်သိရှိလိုပါက pr@passionmyanmar.com သို့ ဆက်သွယ်မေးမြန်းနိုင်ကြောင်း သိရသည်။

**သတင်း - ရီရီမြင့်**
**ဓာတ်ပုံ - ရဲထွဋ်**

# မင်းတပ်မြို့၌ (၇၁)နှစ်မြောက် ချင်းအမျိုးသားနေ့အခမ်းအနား ကျင်းပ

**မင်းတပ် ဖေဖော်ဝါရီ ၂၁**

(၇၁)နှစ်မြောက် ချင်းအမျိုးသားနေ့အခမ်းအနားကို ယမန်နေ့နံနက် ၈ နာရီက မင်းတပ်မြို့ မြို့မအားကစားကွင်းတွင် ကျင်းပသည်။

အခမ်းအနားတွင် သဘာပတိ ဦးယောမန်က အဖွင့်အမှာစကားပြောကြားပြီး နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်ထံမှပေးပို့သော သဝဏ်လွှာကို ခရိုင်အုပ်ချုပ်ရေးမှူး ဦးမောင်ထူးကလည်းကောင်း၊ ချင်းပြည်နယ်အစိုးရအဖွဲ့ထံမှပေးပို့သော သဝဏ်လွှာကို ဒေါ်ဟာရှိန်းစိမ်းက လည်းကောင်း၊ ချင်းအမျိုးသားနေ့ဖြစ်ပေါ်လာပုံစာတမ်းကို ဦးဂေလိန်းမောင်းကလည်းကောင်း အသီးသီးဖတ်ကြားကြသည်။ ထို့နောက် ချင်းရိုးရာအက၊ အဆို၊ ကဗျာ၊ ပန်းချီပြိုင်ပွဲများတွင် ဆုရရှိသူများအားတာဝန်ရှိသူများက ဆုများချီးမြှင့်ခဲ့ကြသည်။

အခမ်းအနားတွင် ချင်းတိုင်းရင်းသားလူငယ်များက ချင်းအမျိုးသားနေ့ဂုဏ်ပြုတေးသီချင်းများ၊ ရိုးရာအကများဖြင့် ဖျော်ဖြေခဲ့ကြသည်။

"ချင်းအမျိုးသားနေ့ကို ကျင်းပတဲ့အတွက် ချင်းအမျိုးသားအချင်းချင်း စုစုစည်းစည်းနဲ့ ချစ်ခင်လေးစားမှုကို ရရှိပါတယ်။ ချင်းအမျိုးသားနေ့ကို နှစ်စဉ်နှစ်တိုင်း ကျင်းပခွင့်ရအောင်ကူညီပေးတဲ့ နိုင်ငံတော်အစိုးရနဲ့ ချင်းပြည်နယ်အစိုးရအဖွဲ့ကိုလည်း ကျေးဇူးတင်ပါတယ်။ ချင်းအမျိုးသားနေ့ ကျင်းပနိုင်ရေးအတွက် ဝိုင်းဝန်းကူညီကြသူအားလုံးကိုလည်း ကျေးဇူးတင်ပါတယ်" ဟု ပွဲတော်ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ ဦးအွမ်ဂေလိန်းက ပြောကြားသည်။

"(၇၁)နှစ်မြောက် ချင်းအမျိုးသားနေ့ကို စည်စည်ကားကားကျင်းပတာမြင်ရလို့ဝမ်းသာပါတယ်။ နေရာဒေသအနှံ့က ချင်းလူမျိုးတွေတက်ရောက်ကြပြီး ဝတ်စားဆင်ယင်ထုံးဖွဲ့မှုပုံစံအမျိုးမျိုးကို မြင်ရတဲ့အတွက် ဝမ်းသာပျော်ရွှင်ရပါတယ်" ဟု ချင်းတိုင်းရင်းသူ ဒေါ်အွမ်စိမ်းယက ပြောသည်။ **ခရိုင်(ပြန်/ဆက်)**



လန်ချန်း-မဲခေါင်ဒေသတွင်းနိုင်ငံများရှိ အမွေအနှစ်ဒေသများစီမံခန့်ခွဲရေးဆိုင်ရာအဖွဲ့ဝင်များ မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင် ပုဂံရှေးဟောင်းယဉ်ကျေးမှုဇုန်အတွင်း ဖွင့်လှစ်ထားရှိသည့် ပုဂံရှေးဟောင်းသုတေသနပြတိုက်သို့ ဖေဖော်ဝါရီ ၂၁ ရက်က လာရောက်လေ့လာကြစဉ်။ ကိုထိန်(ငါ့သရောက်)



# Line Walker -2 ရုပ်ရှင်ဇာတ်ကားဇာတ်ဝင်ခန်းအချို့ ရန်ကုန်မြို့တွင်း၌ ဆက်လက်ရိုက်ကူး


ဒုတိယရဲမှူး ကျော်စန်းဦး


ဒါရိုက်တာ ကြည်ဖြူသျှင်


သရုပ်ဆောင် မင်းရာဇာ


သရုပ်ဆောင် နေထူးနိုင်


ဦးလှကျော်


ယာဉ်မောင်း ဦးဇော်ဇော်

**ရန်ကုန် ဖေဖော်ဝါရီ ၂၁**

Line Walker - 2 ရုပ်ရှင်ဇာတ်ကား၏ ဇာတ်ဝင်ခန်းအချို့ကို ယနေ့ နံနက်ပိုင်းက ရန်ကုန်မြို့ ကျောက်တံတားမြို့နယ် အမှတ်(၂) ရပ်ကွက်ရှိ မဟာဗန္ဓုလပန်းခြံလမ်း (အလယ်ဘလောက်)တွင် ရိုက်ကူးခဲ့သည်။

**အချိန်ယူရိုက်ကူးခဲ့ကြ**

နံနက် ၆ နာရီခွဲမှ စတင်ပြီး ရိုက်ကူးရေးအတွက် ဇာတ်ဝင်ခန်းအပြင်အဆင်များနှင့်အတူ အက်ရှင်ဇာတ်ဝင်ခန်းအချို့ကို ရိုက်ကူးရေးအဖွဲ့သားများက အချိန်ယူရိုက်ကူးခဲ့ကြသည်။

ဒါရိုက်တာ ကြည်ဖြူသျှင်က "နိုင်ငံတကာအဆင့်မီရုပ်ရှင်ဇာတ်ကားလာရိုက်တာ ရုပ်ရှင်သမားတစ်ယောက်အနေနဲ့ ပြောမယ်ဆိုရင်တော့ လက်တွေ့ကွင်းဆင်းလာပြသလိုပဲ။ ဒီနေ့မြင်ရတဲ့ ဆက်တင်တွေဆိုရင် မနေ့ည ၈ နာရီလောက်ကတည်းက ချထားပြီးပြီ။ ကမ္ဘာကျော်ကားတွေ အောင်မြင်တာ မပြောနဲ့ သူတို့ရဲ့ကြိုတင်ပြင်ဆင်မှုတွေက တအားကောင်းတယ်။ နောက်တစ်ခုက ရိုက်ကွင်းပေါ်က ကြိုးစားမှုတွေ၊ မြင်တွေ့ရတဲ့ စွန့်စားမှုတွေကလည်း စိတ်လှုပ်ရှားစရာကောင်းတယ်။ ဒါကြောင့် ဒီမှာရှိတဲ့ ရုပ်ရှင်လောကသားတိုင်း ရိုက်ကွင်းကို လာကြည့်သင့်တယ်။ အချိန်မပေးနိုင်ရင်တောင် တစ်ရက်လောက်ဖြစ်ဖြစ်၊ နေ့တစ်ပိုင်းလောက်ဖြစ်ဖြစ် ကြည့်စေချင်တယ်။ ဒါမှ သူတို့ရဲ့ကြိုးစားမှုနဲ့ လုပ်ဆောင်မှုကို မြင်တွေ့နိုင်မယ်" ဟု ပြောသည်။

သရုပ်ဆောင် မင်းရာဇာက "ကျွန်တော်က ဝါသနာပါတဲ့အတွက် သူတို့ ရိုက်ကွင်းရိုက်တဲ့ဆီကို သွားလေ့လာတော့ အဲဒီမှာ ကျွန်တော့်ကိုတွေ့ပြီး သဘောကျလို့ ခေါ်တယ်။ သရုပ်ဆောင်တဲ့အပိုင်းကတော့ နေရာအများကြီး မရပါဘူး။ အတွေ့အကြုံအတွက်ပဲ ဝင်ပြီးတော့ရိုက်တာပါ။ ဆိုးသွမ်းတဲ့ ပုံစံမျိုး၊ ဂိုဏ်းစတားနေရာကပါဝင်ရမယ်။ ကိုယ့်နိုင်ငံမှာလာရိုက်တဲ့အတွက် လေ့လာသင့်ပါတယ်။ အိပ်ပျော်နေတဲ့နိုင်ငံကို ပုတ်နိုးလိုက်သလို အိပ်ပျော်နေတဲ့ ဈေးကွက်ကို အမြင်တစ်ခုအနေနဲ့ ပေးလိုက်တယ်လို့ ထင်ပါတယ်" ဟု ပြောသည်။

**ကြည့်ရှုလေ့လာ**

ယနေ့ရိုက်ကူးရာတွင် တရားခံဖြစ်သူကို ရဲတပ်ဖွဲ့က လိုက်လံဖမ်းဆီးသည့် ဇာတ်ဝင်ခန်းဖြစ်ပြီး အဆောက်အအုံအမြင့်ပေါ်မှ ခုန်ချခြင်း၊ လူအုပ်ထဲ ပြေးလွှားခြင်းများနှင့် သေနတ်ပစ်ခတ်ခြင်းစသည့် ဇာတ်ဝင်ခန်းများပါဝင်ပြီး လာရောက်ကြည့်ရှုလေ့လာသူ ပြည်သူအများအပြားရှိခဲ့သည်။

လာရောက်လေ့လာကြည့်ရှုသူ သရုပ်ဆောင် နေထူးနိုင်က "ရိုက်ကွင်းပြင်ဆင်မှုတွေကတော့ ကျွန်တော်တို့ဆီမှာ ရိုက်နေတဲ့ပုံစံနဲ့ တော်တော်ကွာတယ်။ အဓိကကတော့ ဈေးကွက်နဲ့ ဘတ်ဂျက်ပါပဲ။ အခု သူတို့ မြန်မာနိုင်ငံကို ၁၂ ရက် လောက်လာရိုက်တာ သိန်းပေါင်း ၁၈၀၀၀ လောက် ဘတ်ဂျက်ရှိတယ်လို့ ဆိုတယ်" ဟု ပြောသည်။

လာရောက်လေ့လာကြည့်ရှုသူ ယုဇနဥယျာဉ်အိမ်ရာနေထိုင်သူ ဦးလှကျော်က "ဖေ့စ်ဘွတ်မှာ နိုင်ငံခြားကနေ လာရိုက်တယ်ဆိုတာတွေ့လို့ အခုလိုလာကြည့်တာ။ ကမ္ဘာ့အဆင့်အတန်းမီတဲ့ ရုပ်ရှင်တွေရိုက်တဲ့အတွက်


မဟာဗန္ဓုလပန်းခြံလမ်းတွင် Line Walker -2 ရုပ်ရှင်ဇာတ်ကားဇာတ်ဝင်ခန်း ရိုက်ကူးနေသည်ကို တွေ့ရစဉ်။

သုံးစွဲတဲ့ပစ္စည်းတွေက ပြောစရာမလိုဘူး။ မြင်ကွင်းအနေနဲ့တွေ့တာက ရှုတင်အနေနဲ့ ဈေးသည်တွေခေါ်တယ်။ လုံခြုံရေးအတွက် မြန်မာနိုင်ငံက လုံခြုံရေးဝန်ထမ်းတွေ ငှားတယ်။ နောက်ရိုက်ကွင်းအတွက် မြန်မာဝန်ထမ်းတွေကို ငှားတယ်။ ဒါတွေမြင်ရတော့ ဝမ်းသာတယ်။ ထိုက်ထိုက်တန်တန်တော့ ရစေချင်တယ်။ နိုင်ငံခြားသားကုမ္ပဏီတွေကိုရိုက်ခွင့်ပေးတာဝမ်းသာတယ်။ မြန်မာနိုင်ငံက ရုပ်ရှင်တွေကိုလည်း အဲဒီလိုအခွင့်အရေး ရစေချင်တယ်။ အဆင့်အတန်းမီတဲ့ ရုပ်ရှင်တွေရိုက်မယ်ဆိုရင် မြန်မာဒါရိုက်တာတွေကိုလည်း ဒီလိုမျိုး ခွင့်ပြုစေချင်တယ်" ဟု ပြောသည်။

**ဝိုင်းဝန်းကူညီပံ့ပိုး**

အက်ရှင်ဇာတ်လမ်းရိုက်ကူးရာတွင် ပစ်ခတ်မှု၊ ဖောက်ခွဲမှု၊ မော်တော်ကားများ အပြိုင်မောင်းနှင်မှု၊ ယာဉ်တိုက်မှု၊ ရဟတ်ယာဉ်ပျံသန်းမှု စသည့် ဇာတ်ဝင်ခန်းများပါဝင်သည့်အတွက် ပြန်ကြားရေးဝန်ကြီးဌာန၊ သက်ဆိုင်ရာဌာနများနှင့် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့တို့က ဝိုင်းဝန်းကူညီပံ့ပိုးပေးလျက်ရှိသည်။

ရန်ကုန်မြို့၌ Line Walker-2 (Operation Midnight Shadow) ရုပ်ရှင်၏ ဇာတ်ဝင်ခန်းများ ရိုက်ကူးဆောင်ရွက်လျက်ရှိရာတွင် အချိန်ပိုင်းလမ်းပိတ်ဆို့မှုများကြောင့် အများပြည်သူသွားလာမှု အဆင်မပြေဖြစ်ခဲ့ပါက သည်းခံခွင့်လွှတ်ပေးပါရန် အဆိုပါ ရုပ်ရှင်အတွက် မြန်မာနိုင်ငံဘက်မှ တာဝန်ယူဆောင်ရွက်သည့် Yangon Synthesis Productions ကုမ္ပဏီက မေတ္တာရပ်ခံထားကြောင်း သိရသည်။

**ပူးပေါင်းဆောင်ရွက်ပေး**

အမှတ်(၄၁)ယာဉ်ထိန်းရဲတပ်ဖွဲ့စု ကျောက်တံတားတပ်ဖွဲ့စုမှူး ဒုတိယရဲမှူး ကျော်စန်းဦးက "ရိုက်ကူးရေးနဲ့ပတ်သက်ပြီး လမ်းပိတ်လမ်းလွှဲတွေကို ဆောင်ရွက်ပေးနေပါတယ်။ သက်ဆိုင်ရာနယ်မြေခံအဖွဲ့တွေနဲ့ ပူးပေါင်းဆောင်ရွက်ပေးနေတာပါ။ ဒီနေ့ဆိုရင် မဟာဗန္ဓုလပန်းခြံလမ်းကို ဝင်လာတဲ့ ယာဉ်တွေကို စည်ပင်လမ်းဘက်ကို လမ်းလွှဲဆောင်ရွက်ပေးပါတယ်။ City Star Hotel ကနေပြီး အနော်ရထာလမ်းကိုသွားတဲ့ လမ်းပိုင်းကိုတော့ ခေတ္တပိတ်ပြီး ဆောင်ရွက်နေပါတယ်။ ဒီလမ်းအတွင်းနေထိုင်တဲ့ မိသားစုတွေရဲ့ ကားတွေကိုတော့ ကြိုတင်ပြီးကြေညာထားတဲ့အတိုင်း သူတို့အိမ်ရှေ့တွေမှာ ရပ်မယ့် ကားတွေကို မဟာဗန္ဓုလပန်းခြံရှေ့ကားပါကင်မှာ သီးခြားနေရာချထားပေးတဲ့အတွက် လမ်းပိတ်ဆို့မှုမရှိပါဘူး" ဟု ပြောသည်။

ကျောက်တံတားမြို့နယ်တွင် နေထိုင်သူ ယာဉ်မောင်း ဦးဇော်ဇော်က "ဒီရုပ်ရှင်ဇာတ်ကားရိုက်လို့ လမ်းပိတ်ဆို့မှု မရှိပါဘူး။ လမ်းပိတ်ထားတယ်ဆိုတာကလည်း ရိုက်ကွင်းရှိလို့ နာရီပိုင်းလောက်ပိတ်တာဆိုတော့ အခက်အခဲမရှိပါဘူး။ အခုလို ပြည်ပကလာရိုက်တဲ့အတွက် တိုင်းပြည်အတွက် အများကြီးအကျိုးရှိပါတယ်" ဟု ပြောသည်။ **သတင်း-ရဲခေါင်၊ ဇော်ကြီး၊ ဓာတ်ပုံ-ရဲထွဋ်**



## မြဝတီဘဏ်လီမိတက်၏ (၆၃) ခုမြောက် မြဝတီဘဏ် (နမ့်စန်) ဘဏ်ခွဲဖွင့်လှစ်

**နမ့်စန် ဖေဖော်ဝါရီ ၂၁**

မြဝတီဘဏ်လီမိတက်၏ (၆၃) ခုမြောက်ဘဏ်ခွဲဖြစ်သော မြဝတီဘဏ် (နမ့်စန်) ဘဏ်ခွဲဖွင့်လှစ်ခြင်းကို ယနေ့ နံနက်ပိုင်းက ရှမ်းပြည်နယ်(တောင်ပိုင်း) နမ့်စန်မြို့နယ် (၂)ရပ်ကွက် နမ့်စန်-လင်းခေးလမ်း (မြို့တော်ခန်းမအနီး) အမှတ်(၂/၄၁၀-ဂ) ရှိ အဆိုပါဘဏ်ခွဲ၌ ပြုလုပ်သည်။

ဘဏ်ခွဲဖွင့်ပွဲတွင် အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သန်းလှိုင်၊ ခေတ္တတပ်နယ်မှူး ဗိုလ်မှူးကြီးမောင်မောင်စိုး၊ နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးချုပ် ထူးမြတ်တိုး၊ လွိုင်လင်ခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်ဇော်လတ်နှင့် မြဝတီဘဏ်လီမိတက် မန်နေဂျင်းဒါရိုက်တာ ဦးယုလွင်တို့က မြဝတီဘဏ်(နမ့်စန်)ဘဏ်ခွဲကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး တိုင်းမှူး ဗိုလ်ချုပ်သန်းလှိုင်က ဘဏ်ခွဲဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးကာ ဘဏ်အတွင်းလှည့်လည်ကြည့်ရှုကြသည်။

မြဝတီဘဏ် (နမ့်စန်) ဘဏ်ခွဲကို ရှမ်းပြည်နယ် (တောင်ပိုင်း) နမ့်စန်မြို့နယ်၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် ဘဏ်ဝန်ဆောင်မှုလုပ်ငန်းများဖြင့် တစ်ဖက်တစ်လမ်းမှ ကူညီဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရန် ရည်ရွယ်၍ ဖွင့်လှစ်ခြင်းဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# အိုင်အက်စ်တို့၏ နောက်ဆုံးခြေကုပ်စခန်းမှ အရပ်သားများလွတ်မြောက်ရန် အမေရိကန်ထောက်ခံသည့် ဆီးရီးယားတပ်ဖွဲ့ကြိုးပမ်း

**ဒမတ်စကတ် ဖေဖော်ဝါရီ ၂၁**

အစ္စလာမ္မစ်နိုင်ငံတော် ထူထောင်ရေးအဖွဲ့(အိုင်အက်စ်)တို့၏ နောက်ဆုံးအခိုင်အမာ ခြေကုပ်စခန်းတွင် ပိတ်မိနေသည့် အရပ်သားများအား လွတ်မြောက်ရေးအတွက် အမေရိကန် ထောက်ခံအားပေးသည့် ဆီးရီးယားတပ်ဖွဲ့များက ညှိနှိုင်းဆွေးနွေးမှုများ ပြုလုပ်ရန် ဖေဖော်ဝါရီ ၂၁ ရက်တွင် ကြိုးပမ်းခဲ့သော်လည်း နိုင်ငံတကာညွန့်ပေါင်းတပ်ဖွဲ့က ၎င်းအစီအစဉ်ကို ဆန့်ကျင်ပြီး ဂျီဟတ်ဝါဒီများအနေဖြင့် မလွဲမသွေ အရှုံးဖြင့်ရင်ဆိုင်ရမည်ဟုဆိုသည်။

အမျိုးသမီးနှင့် ကလေးငယ်များပါဝင်သည့် ရာပေါင်းများစွာသော အရပ်သားများသည် အိုင်အက်စ်တို့၏ နောက်ဆုံးခြေကုပ်စခန်းမှ ဖေဖော်ဝါရီ ၂၀ ရက်တွင် ထရပ်ကားများဖြင့် ထွက်ခွာခဲ့သည်။ သို့သော် ဆီးရီးယားဒီမိုကရက်တစ်တပ်ဖွဲ့(အက်စ်ဒီအက်ဖ်)က ပမာဏကြီးမားသော အရပ်သားများ အိုင်အက်စ်တို့၏ စခန်းထဲတွင် ကျန်ရှိနေသည်ဟု ပြောကြားသည်။

အိုင်အက်စ်တို့လက်တွင်းမှ အရပ်သားများအား ဘေးကင်းရာသို့ ရွှေ့ပြောင်းမှုပြုနေသည့် မြင်ကွင်းသည် ဆီးရီးယားဒီမိုကရက်တစ်တပ်ဖွဲ့(အက်စ်ဒီအက်ဖ်)တို့က အိုင်အက်စ်တို့၏ နောက်ဆုံးအကြွင်းအကျန်ဒေသကို ပြန်လည်သိမ်းယူတော့မည့် လက္ခဏာဖြစ်သည်။ ၂၀၁၄ ခုနှစ်အတွင်းက အီရတ်နှင့် ဆီးရီးယားနိုင်ငံတစ်ဝန်းရှိ နယ်မြေအများအပြားကို သိမ်းယူခဲ့ပြီး အစ္စလာမ္မစ်နိုင်ငံတော်ထူထောင်ကြောင်း ကြေညာခဲ့သည့် ဂျီဟတ်ဝါဒီများမှာ ချေမှုန်းတိုက်ခိုက်ခံရခြင်း သို့မဟုတ် လက်နက်ချခြင်းများ ပြုလုပ်ခဲ့ကြသည်။

**အေအက်ဖ်ပီ**



# ဖိလစ်ပိုင်မြောက်ပိုင်း၌ တောမီးလောင်၊ လူငါးဦး သေဆုံး

**မနီလာ ဖေဖော်ဝါရီ ၂၁**

ဖိလစ်ပိုင်နိုင်ငံမြောက်ပိုင်း ဘန်ဂွေးရက်ပြည်နယ်ရှိ ကြီးမားသော သစ်တောဒေသတွင် တောမီးလောင်ကျွမ်းမှု ဖြစ်ပွားခဲ့ပြီးနောက် တောခေါင်းလေးဦးတို့၏ ရုပ်အလောင်းများနှင့် လယ်သမားတစ်ဦး၏ ရုပ်အလောင်းကို တွေ့ရှိရကြောင်း၊ အဆိုပါတောမီးသည် ဖေဖော်ဝါရီ ၂၀ ရက်တွင် လောင်ကျွမ်းခဲ့ခြင်းဖြစ်ကြောင်း ဖိလစ်ပိုင်အစိုးရတာဝန်ရှိသူများက ဖေဖော်ဝါရီ ၂၁ ရက်တွင် ပြောကြားသည်။

ဖေဖော်ဝါရီ ၂၀ ရက်က လောင်ကျွမ်းခဲ့သည့် တောမီးကြောင့် သစ်တောဧရိယာ ဟက်တာ ၆၀ ခန့် မီးလောင်ဆုံးရှုံးခဲ့ပြီး လောင်ကျွမ်းနေသည့် တောမီးကို ဖေဖော်ဝါရီ ၂၁ ရက် နံနက် ၁ နာရီခွဲ ဝန်းကျင်တွင် ငြိမ်းသတ်နိုင်ခဲ့ကြောင်း သတင်းတွင် ဖော်ပြသည်။

တောမီးလောင်မှုကြောင့် သေဆုံးသွားသူအားလုံးမှာ အမျိုးသားများဖြစ်ကြပြီး ၎င်းတို့မှာ မီးလောင်ကျွမ်းမှုအား ထိန်းချုပ်ရာတွင် အကူအညီပေးရန် ကြိုးပမ်းစဉ် သေဆုံးခဲ့ခြင်းဖြစ်ကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။ ယင်းမီးလောင်ကျွမ်းမှုကြောင့် ဆယ်စုနှစ်များစွာ သက်တမ်းရှိသည့် သစ်ပင်များ မီးလောင်ပျက်စီးခဲ့ရသည်ဟု ရဲတပ်ဖွဲ့က ပြောကြားသည်။

ဖေဖော်ဝါရီ ၂၁ ရက်တွင် ဘန်ဂွေးရက်ပြည်နယ်ရှိ အိုင်တိုဂွန်သစ်တောဒေသတွင် အခြားတောမီးလောင်ကျွမ်းမှုတစ်ခု ဖြစ်ပွားခဲ့ရာ ဖိလစ်ပိုင်လေတပ်မှ ကယ်ဆယ်ရေးရဟတ်ယာဉ်တစ်စင်းစေလွှတ်ကာ မီးငြိမ်းသတ်ရေးအတွက် ကူညီဆောင်ရွက်ပေးခဲ့ကြောင်း၊ မီးလောင်ကျွမ်းသည့်နေရာမှာ ယူပက်ပ်တောင်၏ အောက်ဘက်တွင်ဖြစ်ပြီး ယင်းနေရာမှာ လူသိများကျော်ကြားသည့် ခြေလျင်ခရီးသွားဒေသဖြစ်သည်။ အဆိုပါ တောမီးသည် အနီးရှိ အထက်တန်းကျောင်းတစ်ကျောင်းကို ကူးစက်လောင်ကျွမ်းခဲ့သည်။

ယင်းမီးလောင်ကျွမ်းမှုကြောင့် သေကျေထိခိုက်ဒဏ်ရာရသူ သတင်းမရရှိကြောင်း ရဲတပ်ဖွဲ့ကပြောကြားသည်။ မီးသတ်သမားများသည် ဖေဖော်ဝါရီ ၂၁ ရက် ညနေ ၃ နာရီအထိ လောင်ကျွမ်းနေသည့်မီးကို ထိန်းချုပ်နိုင်ရန် ကြိုးပမ်းနေကြောင်း သတင်းတွင် ဖော်ပြသည်။

**ဆင်ဟွာ**

# အိုင်အက်စ်အဖွဲ့နှင့် ပူးပေါင်းခဲ့သည့် အမေရိကန်နိုင်ငံသူအား ပြည်ဝင်ခွင့်မပြုဟု အမေရိကန်သမ္မတပြောကြား

**ဝါရှင်တန် ဖေဖော်ဝါရီ ၂၁**



အစ္စလာမ္မစ်နိုင်ငံတော် ထူထောင်ရေးအဖွဲ့(အိုင်အက်စ်)နှင့် ပူးပေါင်းခဲ့သည့် အသက် ၂၄ နှစ်အရွယ် အမေရိကန်နိုင်ငံသူအား အမေရိကန်ပြည်ထောင်စုသို့ ပြန်လာရန် ခွင့်မပြုကြောင်း အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်က ဖေဖော်ဝါရီ ၂၀ ရက်တွင် ပြောကြားခဲ့သည်။

**တိုက်ခိုက်မှုတစ်ခုအတွင်းသေဆုံး**

ဟိုဒါမူသန်နာအမည်ရှိ အဆိုပါ အမျိုးသမီးသည် လူမှုကွန်ရက်များတွင် ဖော်ပြသည့် အစ္စလာမ္မစ်အစွန်းရောက် အယူဝါဒများကို ယုံကြည်သက်ဝင်လာပြီးနောက် ၂၀၁၄ ခုနှစ်တွင် အမေရိကန်ပြည်ထောင်စု အယ်လ်ဘားမားပြည်နယ်မှ ဆီးရီးယားနိုင်ငံသို့ ထွက်ခွာခဲ့ကြောင်း အမေရိကန်သတင်းမီဒီယာများ၌ သတင်းဖော်ပြသည်။

ဟိုဒါမူသန်နာသည် အိုင်အက်စ်စစ်သွေးကြွတစ်ဦးနှင့် လက်ထပ်ခဲ့ပြီး ၎င်း၏ခင်ပွန်းဖြစ်သူမှာ တိုက်ခိုက်မှုတစ်ခုအတွင်း သေဆုံးခဲ့သည်။ ဟိုဒါသည် လက်ရှိတွင် အသက်တစ်နှစ်အရွယ်ရှိ သားငယ်နှင့်အတူ နေထိုင်နေသည်။

အိုင်အက်စ်အဖွဲ့နှင့်ပူးပေါင်းမိခဲ့ခြင်းကို ၎င်းအနေဖြင့် နောင်တရမိကြောင်းနှင့် အမေရိကန်ပြည်ထောင်စုသို့ ပြန်ချင်ကြောင်း၊ အဘယ်ကြောင့်ဆိုသော် ၎င်း၏သားငယ် လုံခြုံမှုအတွက်ဖြစ်ကြောင်းနှင့် ဇာတိမြေသို့ ပြန်ခွင့်ရလျှင် ၎င်းရင်ဆိုင်ရမည့်ပြစ်ဒဏ်အား ခံယူရန်အသင့်ရှိကြောင်း ၎င်းကဆက်လက်ပြောကြားသည်။

**ရေးသားဖော်ပြ**

၎င်းအမျိုးသမီးကို အမေရိကန်ပြည်ထောင်စုသို့ ပြန်လည်ဝင်ရောက်ခွင့်မပြုရန် နိုင်ငံခြားရေးဝန်ကြီး မိုက်ပွန်ပီယိုအား မိမိညွှန်ကြားထားသည်ဟု သမ္မတထရန့်က ဖေဖော်ဝါရီ ၂၁ ရက်တွင် ၎င်း၏အင်တာနက်တွစ်တာစာမျက်နှာ၌ ရေးသားဖော်ပြခဲ့သည်။ ၎င်းအမျိုးသမီးကို အမေရိကန်ပြည်ထောင်စုသို့ ဝင်ခွင့်ပြုလိမ့်မည်မဟုတ်ဟု နိုင်ငံခြားရေးဝန်ကြီး မိုက်ပွန်ပီယိုက ထုတ်ပြန်သည့်ကြေညာချက်၌ ဖော်ပြပြီး နိုင်ငံခြားရေးဝန်ကြီးဌာနက အမေရိကန်နိုင်ငံသားများ ဆီးရီးယားသို့ မသွားရောက်ရန် စဉ်ဆက်မပြတ် ပြင်းပြင်းထန်ထန်အကြံပေးခဲ့ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

**အင်န်အိတ်ချ်ကေ**

# ဘင်္ဂလားဒေ့ရှ်တွင် အရှိန်အဟုန်ပြင်းသည့် မီးလောင်ကျွမ်းမှုကြောင့် လူ ၈၁ ဦးသေဆုံး

**ဒါကာ ဖေဖော်ဝါရီ ၂၁**

ဘင်္ဂလားဒေ့ရှ်နိုင်ငံ မြို့တော်ဒါကာရှိ သမိုင်းဝင်နေရာတစ်ခု၌ လူနေထူထပ်သည့် အဆောက်အအုံများတွင် ဖေဖော်ဝါရီ ၂၀ ရက်ညက အရှိန်အဟုန်ပြင်းသည့် မီးလောင်ကျွမ်းမှုကြောင့် အနည်းဆုံး လူ ၈၁ ဦး သေဆုံးခဲ့သည်။

သေဆုံးသူအများစုမှာ အမျိုးသမီးနှင့် ကလေးငယ်များဖြစ်ပြီး အများအပြား ဒဏ်ရာရခဲ့ကြသည်။ ဂက်စ်အိုးပေါက်ကွဲရာမှ မီးစတင်လောင်ကျွမ်းခဲ့ပြီး ငါးထပ်အဆောက်အအုံ၏ မြေညီထပ်ရှိ ဓာတုသိုလှောင်ရုံတစ်ခုကို လျင်မြန်စွာ ကူးစက်ခဲ့ပြီး ဒါကာမြို့၏ သမိုင်းဝင်နေရာတစ်ခုဖြစ်သည့် ချော့ခ်ဘဇာရှိ လူနေထူထပ်သည့် အဆောက်အအုံများသို့ ကူးစက်ပျံ့နှံ့သွားခဲ့သည်ဟု မီးသတ်တပ်ဖွဲ့နှင့် ပြည်သူ့ကာကွယ်ရေးဌာနမှ တာဝန်ခံအရာရှိ မက်ဖတ်က ဆင်ဟွာသို့ ပြောကြားခဲ့သည်။

"ဖေဖော်ဝါရီ ၂၀ ရက် ဒေသစံတော်ချိန် ည ၁၁ နာရီမှာ ဂက်စ်အိုးပေါက်ရာကတစ်ဆင့် မီးစလောင်တယ်"ဟု ၎င်းကဆိုသည်။

"ပေါက်ကွဲမှုဖြစ်ပြီး ငါးမိနစ်အတွင်းပဲ ဒေသတစ်ခုလုံးကို မီးကူးသွားတယ်၊ အများစုက အန္တရာယ်ကင်းတဲ့နေရာကိုရွှေ့ဖို့ အခွင့်အရေးမရလိုက်ဘူး၊ မီးလောင်ပြီးတော့ ချော့ခ်ဘဇာရဲ့ အခြေအနေ ဘယ်လောက်ဆိုးရွားသွားလဲဆိုတာတော့ ကျွန်တော်ပြောမပြနိုင်ဘူး"ဟု မျက်မြင်သက်သေဖြစ်သည့် အက်ဘ်ဒါရာဟင်က ဆင်ဟွာသို့ ပြောကြားခဲ့သည်။

မီးသတ်တပ်ဖွဲ့၏ တရားဝင်ပြောကြားချက်အရ မီးသတ်တပ်ဖွဲ့ ၃၇ ဖွဲ့၏ ကြိုးပမ်းမှုကြောင့် ဖေဖော်ဝါရီ ၂၁ ရက် နံနက် ၃ နာရီတွင် မီးလောင်မှုကို ထိန်းချုပ်နိုင်ခဲ့သော်လည်း မီးလောင်နေသည့်ပစ္စည်းများကို အပြီးသတ်ဆက်လက်ငြိမ်းသတ်ခဲ့ရသည်။

ကူညီကယ်ဆယ်ရေးလုပ်ငန်းများမှာ မပြီးဆုံးသေးသောကြောင့် သေဆုံးသူအရေအတွက်မှာလည်း ထပ်မံတိုးပွားလာနိုင်ဖွယ်ရှိသည်ဟု ယနေ့ကြေညာချက်တွင် ဖော်ပြထားသည်။

**ဆင်ဟွာ**

# အမေရိကန်နှင့် မြောက်ကိုရီးယားသံတမန်များ ဟနွိုင်းမြို့၌ အလုပ်သဘောတွေ့ဆုံဆွေးနွေး

**ဟနွိုင်း ဖေဖော်ဝါရီ ၂၁**

အမေရိကန်နိုင်ငံနှင့် မြောက်ကိုရီးယားနိုင်ငံတို့၏ နိုင်ငံခေါင်းဆောင်နှစ်ဦးတို့သည် လာမည့်တစ်ပတ်အတွင်း ထိပ်သီးအစည်းအဝေးတစ်ရပ်ကို ကျင်းပတော့မည်ဖြစ်ရာ အဆိုပါတွေ့ဆုံပွဲမတိုင်မီ ယင်းနှစ်နိုင်ငံမှ သံတမန်များသည် ထိပ်သီးအစည်းအဝေးကျင်းပမည့် ဗီယက်နမ်နိုင်ငံ ဟနွိုင်းမြို့၌ အလုပ်သဘော တွေ့ဆုံဆွေးနွေးခဲ့ကြောင်း ယနေ့အင်န်အိတ်ချ်ကေသတင်းတစ်ရပ်အရ သိရသည်။

မြောက်ကိုရီးယားနိုင်ငံဆိုင်ရာ အမေရိကန်အထူးသံတမန် စတီဖင်ဘီဂွန်းသည် ဖေဖော်ဝါရီ ၂၁ ရက်တွင် ဗီယက်နမ်နိုင်ငံ၏ မြို့တော်ဟနွိုင်းသို့ ရောက်ရှိခဲ့ပြီး အမေရိကန်နှင့် မြောက်ကိုရီးယားနိုင်ငံခေါင်းဆောင်နှစ်ဦးတို့၏ ထိပ်သီးအစည်းအဝေးနှင့်စပ်လျဉ်း၍ ပြင်ဆင်မှုများပြုလုပ်ရန် အလုပ်သဘောဆွေးနွေးပွဲကျင်းပရန်အတွက် ယင်းနေ့နှောင်းပိုင်းတွင် မြောက်ကိုရီးယားအထူးသံတမန် ကင်ယောင်ချိုနှင့် တွေ့ဆုံခဲ့သည်။

အမေရိကန်နိုင်ငံသမ္မတ ဒေါ်နယ်ထရန့်နှင့် မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်တို့၏ ထိပ်သီးအစည်းအဝေးသည် ၎င်းတို့နှစ်ဦးအကြားပြုလုပ်သည့် ဒုတိယအကြိမ် ထိပ်သီးအစည်းအဝေးလည်းဖြစ်သည်။ နှစ်နိုင်ငံသံတမန်နှစ်ဦးတွေ့ဆုံရာတွင် မြောက်ကိုရီးယားနိုင်ငံအနေဖြင့် ပိတ်ဆို့မှုများလျှော့ချရေးနှင့် ၎င်း၏ နိုင်ငံရေးစနစ်ရှင်သန်ရေးအာမခံချက်ပေးလိမ့်မည်ဟုယူဆထားသော ယခင်ကိုရီးယားစစ်ပွဲအဆုံးသတ်ရေးကြေညာချက်တို့နှင့် စပ်လျဉ်း၍ တောင်းဆိုခဲ့ကြောင်း သိရသည်။ အမေရိကန်နိုင်ငံကမူ မြောက်ကိုရီးယားနိုင်ငံ၏ နျူကလီးယားနှင့်ဆက်စပ်သော ဆောင်ရွက်ချက်များကို စစ်ဆေးရေးခွင့်ပြုခြင်းကဲ့သို့သော နျူကလီးယားအပြီးတိုင်ဖျက်သိမ်းရေးဆိုင်ရာကိစ္စရပ်များကို ပိုမိုတိကျသည့် တိုင်းတာစစ်ဆေးမှုများလုပ်ဆောင်ခွင့်ပြုရန် တောင်းဆိုခဲ့ကြောင်း သိရသည်။

**အင်န်အိတ်ချ်ကေ**

သတင်းလမ်းညွှန်

## ဝတ္ထုမှပြောင်းလာသော ရုပ်ရှင်များအကြောင်း ဟောပြောမည်

မြန်မာနိုင်ငံစာပေထုတ်ဝေသူများနှင့် ဖြန့်ချိသူများအသင်းက ကြီးမှူး၍ ဖေဖော်ဝါရီ ၂၄ ရက် မွန်းလွဲ ၁ နာရီတွင် စနေ၊ တနင်္ဂနွေ ရန်ကုန်စာအုပ်လမ်းကျင်းပရာ သိမ်ဖြူလမ်း၌ ဒါရိုက်တာဦးကြည်စိုးထွန်းက ဝတ္ထုမှပြောင်းလာသော ရုပ်ရှင်များအကြောင်းကို ဟောပြောသွားမည်ဖြစ်ကြောင်း သိရသည်။

## မြန်မာနိုင်ငံတွင် ဇွန်ဘာအကပွဲတော် ကျင်းပမည်

မြန်မာနိုင်ငံတွင် အကြီးဆုံးသော ဇွန်ဘာအကပွဲတော်ကို ဖေဖော်ဝါရီ ၂၄ ရက် ညနေ ၅ နာရီတွင် ကန်တော်ကြီးမျှော်စင်ကျွန်း၌ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

## မြန်မာနိုင်ငံ ရှေးဟောင်းဓာတ်ပြားများ လှူဒါန်းမည်

မြန်မာနိုင်ငံဓာတ်ပြားသမိုင်းကျမ်းဖြင့် ၂၀၁၅ ခုနှစ်အတွက် ယဉ်ကျေးမှုနှင့်အနုပညာဆိုင်ရာ အမျိုးသားစာပေဆုရရှိခဲ့သူ သုတေသီ ဦးမောင်မောင်က ရှေးဟောင်းဓာတ်ပြားများကို အမျိုးသားမော်ကွန်းတိုက်၊ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(ရန်ကုန်)၊ အမျိုးသားစာကြည့်တိုက်(ရန်ကုန်) တို့သို့ ပေးလှူမည်ဖြစ်ရာ လှူဒါန်းခြင်းအခမ်းအနားကို ဖေဖော်ဝါရီ ၂၄ ရက် နံနက် ၁၀ နာရီတွင် အင်းစိန်မြို့နယ် စော်ဘွားကြီးကုန်းရပ်ကွက် လေဆိပ်ရိပ်သာလမ်းသွယ်(၃) ခြံအမှတ်(၁၀/ဘီ)၌ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

## အာဟာရဆိုင်ရာ အသိပညာပေးစကားဝိုင်း ကျင်းပမည်

အစားအသောက်များ ဘေးဥပဒ်ကင်းရှင်းမှုနှင့် နွားနို့ထုတ်ကုန်များ၏အကျိုးကျေးဇူးကို သိရှိနိုင်ရန်ရည်ရွယ်၍ အာဟာရဆိုင်ရာ အထူးကုဆရာဝန်ကြီးများနှင့် သရုပ်ဆောင် အနုပညာရှင်များက အာဟာရဆိုင်ရာ အသိပညာပေးစကားဝိုင်းကို ဖေဖော်ဝါရီ ၂၄ ရက် နံနက် ၁၀ နာရီတွင် ပြည်သူ့ရင်ပြင်ရှိ Myanmar Culture Valley ၌ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

## မြန်မာနိုင်ငံကုန်သေတ္တာမော်တော်ယာဉ်များအသင်း နှစ်ပတ်လည်အစည်းအဝေး ကျင်းပမည်

မြန်မာနိုင်ငံ ကုန်သေတ္တာမော်တော်ယာဉ်များအသင်း၏ ဆဋ္ဌမအကြိမ် နှစ်ပတ်လည်အသင်းသားစုံညီအစည်းအဝေးကို ဖေဖော်ဝါရီ ၂၄ ရက် ညနေ ၅ နာရီတွင် Sky Star ဟိုတယ်၌ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ **မြင့်စိုး**

## မြန်မာစာပေနှင့် အနုပညာမူပိုင်ခွင့်နေ့ (၂၀၁၉)ကျင်းပမည်

မြန်မာစာပေနှင့် အနုပညာမူပိုင်ခွင့်နေ့ (၂၀၁၉)ကို ဖေဖော်ဝါရီ ၂၄ ရက်တွင် ရန်ကုန်မြို့ဗဟန်းမြို့နယ် အမှတ် ၁၆ ဝင်္ကပါလမ်းရှိ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး၌ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

"၁၉၁၄ ခုနှစ် ဖေဖော်ဝါရီ ၂၄ ရက်နေ့ဟာ မြန်မာမူပိုင်ခွင့်ဥပဒေကို စတင်ပြဋ္ဌာန်းခဲ့ပါတယ်။ အခုနှစ်ဆိုရင် နှစ်ပေါင်း ၁၀၅ နှစ် ပြည့်မြောက်ခဲ့ပြီဖြစ်ပါတယ်။ အဲဒီနေ့ကို အမှတ်တရထားရှိပြီးတော့ မြန်မာစာပေနှင့် အနုပညာမူပိုင်ခွင့်နေ့အဖြစ် သတ်မှတ်ကျင်းပသွားမှာဖြစ်ပါတယ်"ဟု စာရေးဆရာ ဒါရိုက်တာ ဦးအောင်စိုးဦးက ပြောသည်။

မူပိုင်ခွင့်နေ့သည် စာပေ၊ ရုပ်ရှင်၊ ပန်းချီ၊ ဂီတ၊ သဘင်၊ အနုပညာတည်းဟူသော နိုင်ငံနှင့်လူမျိုး၏ ယဉ်ကျေးမှုဂုဏ်ကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်ခြင်းဖြစ်၍ ကုလသမဂ္ဂအပါအဝင် နိုင်ငံအသီးသီးက အလေးအမြတ်ထားသောနေ့တစ်နေ့ဖြစ်သည်။ အဆိုပါအခမ်းအနားတွင် စာပေ၊ ရုပ်ရှင်၊ ဂီတ၊ သဘင် နယ်ပယ်အသီးသီးမှ ထူးချွန်သူများအား ဂုဏ်ပြု သွားမည်ဖြစ်ကြောင်းလည်း သိရသည်။ **မြင့်မောင်စိုး**

❍ **အာဆီယံ ယူ ၂၂ မှ**

အင်ဒိုနီးရှားအသင်း နိုင်ပွဲပျောက်ဆုံးမှသာ ဆီမီးဖိုင်နယ်တက်ခွင့် ရယူနိုင်မည်ဖြစ်သည်။ မြန်မာအသင်းသည် အုပ်စုပွဲများတွင် အင်ဒိုနီးရှားနှင့် တစ်ဂိုးစီသရေကျပြီး ကမ္ဘောဒီးယားကို နှစ်ဂိုး-ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့သည်။ အုပ်စု(ခ)တွင်မူ အိမ်ရှင် ကမ္ဘောဒီးယားအသင်းက ခြောက်မှတ်ဖြင့် အုပ်စုပထမရကာ ဆီမီးဖိုင်နယ်သို့ တက်ရောက်သွားပြီး အုပ်စုဒုတိယနေရာအတွက် နှစ်မှတ်ရထားသည့် အင်ဒိုနီးရှား၊ တစ်မှတ်စီရထားသည့် မြန်မာနှင့် မလေးရှားအသင်းတို့ မျှော်လင့်ချက်ရှိနေသည်။

ဖေဖော်ဝါရီ ၂၁ ရက် ပွဲစဉ်များအပြီးတွင် ဆီမီးဖိုင်နယ်တက်ရောက်ခွင့်ရသည့် အသင်းသုံးသင်းထွက်ပေါ်ထားပြီး မြန်မာအသင်းပါဝင်သည့် အုပ်စု(ခ)မှ တစ်နေရာသာ ကျန်ရှိတော့သည်။ အုပ်စု(က)ပွဲစဉ်များမှာ ဖေဖော်ဝါရီ ၂၁ ရက်က ပြီးဆုံးခဲ့ပြီး ဗီယက်နမ်နှင့် ထိုင်းအသင်းတို့ ခုနစ်မှတ်စီရသော်လည်း ဂိုးကွာခြားချက်ဖြင့် ဗီယက်နမ်အသင်းက အုပ်စု ပထမ၊ ထိုင်းအသင်းက အုပ်စု ဒုတိယရကာ ဆီမီးဖိုင်နယ်သို့ တက်ရောက်ခဲ့သည်။ **ရှိုင်းထက်ဇော်**

❖ **ကျောဖုံးမှ**

ဖောက်လုပ်ခဲ့ပြီး ၁၉၇၄-၁၉၇၅ ခုနှစ်တွင် လုပ်ငန်းရပ်ဆိုင်းခဲ့သည်။ ၁၉၈၀-၁၉၈၁ ခုနှစ်တွင် ဒုတိယအကြိမ် လုပ်ငန်းများစတင်သောအခါ မူလလျာထားခဲ့သောလမ်းကြောင်းမှာ မသင့်လျော်ကြောင်း တွေ့ရှိရသဖြင့် လမ်းအူကြောင်းအသစ်ကို ရွေးချယ်ခဲ့ပြီး ရွှေဘို-မြစ်ကြီးနားလမ်းအပိုင်း မိုင်တိုင် ၀/၀ ကို ရွှေဘို-ကျောက်မြောင်းလမ်း မိုင်တိုင် ၂/၅ (မင်းကျောင်းရွာ)မှ စတင်ဖောက်လုပ်ခဲ့သည်။ ၁၉၉၄-၁၉၉၅ ခုနှစ်မှ စတင်၍ ဆောင်ရွက်ခဲ့ရာ ၁၉၉၆-၁၉၉၇ ခုနှစ်တွင် စစ်ကိုင်းတိုင်းဒေသကြီးအပိုင်း မိုင်တိုင် ၀/၀-၁၆၈/၀ အထိ ၁၂ ပေအကျယ် ကတ္တရာလမ်းအဖြစ် တိုးမြှင့်ဆောင်ရွက်ခဲ့ပြီး ၁၉၉၆ ခုနှစ် စက်တင်ဘာ ၁၈ ရက်တွင် ကတ္တရာလမ်း ဖွင့်လှစ်နိုင်ခဲ့သည်။

ရွှေဘို-မြစ်ကြီးနား ပြည်ထောင်စုလမ်းမကြီးသည် ရွှေဘိုမှ မြစ်ကြီးနားအထိ ၃၉၉ မိုင်ရှိသည့်အနက် ရွှေဘိုခရိုင် ရွှေဘိုမြို့နယ်မှစပြီး ကန့်ဘလူမြို့နယ် ဟင်သော်ရွာအထိ ၈၄ မိုင် သုံးဖာလုံကို ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်က ပြည်ထောင်စုငွေလုံးငွေရင်း ရန်ပုံငွေကျပ်သန်း ၁၀၀၀၊ အထူးပြုပြင်ထိန်းသိမ်းရေး ရန်ပုံငွေကျပ် ၁၉၇ ဒသမ ၅၀ သန်း၊ တိုင်းဒေသကြီးရန်ပုံငွေကျပ် ၂၃၃၄ ဒသမ ၅၀၅ သန်းနှင့် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် ပြည်ထောင်စုငွေလုံးငွေရင်း ရန်ပုံငွေကျပ် ၇၆၇၇ သန်းတို့ကို ခွဲဝေသုံးစွဲ၍ မူလလမ်း ၁၂ ပေ အကျယ်မှ ၁၈ ပေ အကျယ်ချဲ့ခြင်း၊ နိုင်လွန်ကတ္တရာခင်းခြင်းတို့ကို ဆောင်ရွက်လျက်ရှိသည်။

**ခရမ်းစိုးမြင့်**

# မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်၊ မြန်မာနေရှင်နယ်လိဂ် ကော်မတီနှင့် Molten Corporation တို့ ဘောလုံးစပွန်ဆာစာချုပ် ချုပ်ဆို




**Molten Corporation အထွေထွေမန်နေဂျာ Mr. Kentaro Shimada နှင့် Winner Sports မှ မန်နေဂျင်းဒါရိုက်တာ ဦးမျိုးပိုင်ချစ်တို့ အမှတ်တရလက်ဆောင်များ အပြန်အလှန်ပေးအပ်စဉ်။**

**ရန်ကုန် ဖေဖော်ဝါရီ ၂၁**

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်၊ မြန်မာနေရှင်နယ်လိဂ်ကော်မတီနှင့် Molten Corporation တို့၏ စပွန်ဆာစာချုပ် ချုပ်ဆိုပွဲအခမ်းအနားကို ယနေ့မွန်းလွဲ ၂ နာရီက MFF အစည်းအဝေးခန်းမ၌ ကျင်းပသည်။ Molten Corporation သည် မြန်မာ့ဘောလုံးအတွက် ဘောလုံးများ နှစ်နှစ်စပွန်ဆာပေးသွားမည်ဖြစ်သည်။

Molten Corporation သည် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်နှင့် မြန်မာနေရှင်နယ်လိဂ်ကော်မတီကို နှစ်နှစ် စပွန်ဆာပေးခဲ့ခြင်းဖြစ်ပြီး ပြည်တွင်းပြိုင်ပွဲများနှင့် လက်ရွေးစင်အသင်းများ၏ လေ့ကျင့်မှုများတွင် အသုံးပြုမည်ဖြစ်သည်။ Molten Corporation သည် အာရှဘောလုံးအဖွဲ့ချုပ်၏ ဘောလုံးစပွန်ဆာဖြစ်ပြီး AFC က ကြီးမှူးကျင်းပလျက်ရှိသည့် ပြိုင်ပွဲများအားလုံးတွင် Molten ဘောလုံးကို အသုံးပြုနေသောကြောင့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်အနေဖြင့် Molten Corporation နှင့် စာချုပ်ချုပ်ဆိုကာ အသုံးပြုသွားမည်ဖြစ်သည်။ ထို့ပြင် ဥရောပဘောလုံးအဖွဲ့ချုပ်က ကြီးမှူးကျင်းပနေသည့် ယူရိုပါလိဂ်ပြိုင်ပွဲကိုလည်း ဘောလုံးစပွန်ဆာပေးထားကြောင်း သိရသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် အမှုဆောင်အရာရှိချုပ် ဦးဘုန်းနိုင်ဇော်က အဖွင့်အမှာစကားပြောကြားပြီး Molten Corporation အထွေထွေမန်နေဂျာ Mr. Kentaro Shimada က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားသည်။ ဆက်လက်၍ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် အမှုဆောင်အရာရှိချုပ် ဦးဘုန်းနိုင်ဇော်၊ မြန်မာနေရှင်နယ်လိဂ်ကော်မတီ အမှုဆောင်အရာရှိချုပ် ဦးစိုးမိုးကျော်၊ Molten Corporation အထွေထွေမန်နေဂျာ Mr. Kentaro Shimada နှင့် Winner Sports မှ မန်နေဂျင်းဒါရိုက်တာ ဦးမျိုးပိုင်ချစ်တို့ စပွန်ဆာစာချုပ် လက်မှတ်ရေးထိုးကာ အမှတ်တရလက်ဆောင်များ အပြန်အလှန်ပေးအပ်သည်။ ယင်းနောက် မြန်မာနေရှင်နယ်လိဂ်ကော်မတီ အမှုဆောင်အရာရှိချုပ် ဦးစိုးမိုးကျော်က ကျေးဇူးတင်စကားပြောကြားသည်။ ထို့နောက် တက်ရောက်လာသည့် မီဒီယာများ၏ မေးမြန်းမှုများကို တာဝန်ရှိသူများက ပြန်လည်ဖြေကြားသည်။

**သတင်း- ရှိုင်းထက်ဇော်၊ ဓာတ်ပုံ- စိုးညွန့်**

# အက်သလက်တီကိုမက်ဒရစ်က ဂျူဗင်တပ်ကို နှစ်ဂိုးပြတ်အနိုင်ရ



အက်သလက်တီကိုမက်ဒရစ်အသင်းနဲ့ ဂျူဗင်တပ်အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့တဲ့ ချန်ပီယံလိဂ် ၁၆ သင်းအဆင့်ပွဲစဉ်မှာ အက်သလက်တီကိုမက်ဒရစ်အသင်းက ဂျူဗင်တပ်အသင်းကို နှစ်ဂိုးပြတ်နဲ့ အနိုင်ရရှိခဲ့ပါတယ်။

အဲဒီပွဲစဉ်မှာ အက်သလက်တီကိုမက်ဒရစ်အသင်းနဲ့ ဂျူဗင်တပ်အသင်းတို့ဟာ ပထမပိုင်းပွဲကစားချိန်အတွင်း တစ်ဖက်နဲ့တစ်ဖက်အပြိုင်အဆိုင်ရှိခဲ့သလို ဘယ်အသင်းကမှ ဂိုးသွင်းနိုင်ခဲ့တာလည်း မရှိခဲ့ပါဘူး။

ဒါပေမယ့် အက်သလက်တီကိုမက်ဒရစ်အသင်းဟာ ဒုတိယပိုင်းပွဲစပြီးနောက် ပွဲချိန် ၅၈ မိနစ်မှာ ကော်စတာရဲ့နေရာမှာ အယ်လ်ဗာရိုမိုရက်တာကိုလည်းကောင်း၊ ၆၁ မိနစ်မှာ သောမက်ရဲ့နေရာမှာ လီမာကိုလည်းကောင်း၊ ၆၇ မိနစ်မှာ ကိုကီရဲ့နေရာမှာ ကော်ရီရာကိုလည်းကောင်း အစားထိုးခဲ့ပြီးနောက် ပွဲကစားချိန် ၇၈ မိနစ်မှာ ဂျီမီနက်က တစ်ဂိုးနဲ့ ၈၃ မိနစ်မှာ ဒီယေဂိုဂိုဒင်က တစ်ဂိုးသွင်းယူပေးခဲ့တာကြောင့် အက်သလက်တီကိုမက်ဒရစ်အသင်းက ဂျူဗင်တပ်အသင်းကို နှစ်ဂိုးပြတ်အနိုင်ရရှိခဲ့တာဖြစ်ပါတယ်။

အဲဒီပွဲစဉ်မှာ မန်ဇူကစ်၊ စီရိုနယ်လ်ဒို၊ ဒိုင်ဘာလာစတဲ့ကစားသမားတွေကို တိုက်စစ်ပိုင်းမှာ အသုံးပြုကာ ၄-၃-၁-၂ ကစားကွက်နဲ့ ပွဲထွက်လာခဲ့တဲ့ ဂျူဗင်တပ်အသင်းရဲ့တိုက်စစ်ပိုင်းက အကောင်းဆုံးစွမ်းဆောင်ရည် မပြနိုင်ခဲ့တာကြောင့် အခု ၁၆ သင်းအဆင့် ပထမကျော့ပွဲစဉ်မှာ ရှုံးပွဲနဲ့ ရင်ဆိုင်ခဲ့ရတာဖြစ်ပါတယ်။ **ငွေကြယ်**

# ကောက်ဆည်၊ မြင်းမူနှင့် ဂန့်ဂေါတို့၌ မီးလောင်မှုများ ဖြစ်ပွား

**ကျောက်ဆည်**

ကျောက်ဆည်မြို့ ပေါက်တောရပ်ကွက် ဒေါ်မြင့်မြင့်စိမ်း၏ နေအိမ်တွင် လူမရှိဘဲ ဖယောင်းတိုင်ဖြင့် ဘုရားမီးပူဇော်ထားရာမှ ယနေ့ နံနက် ၁၀ နာရီခွဲက မီးလောင်မှုဖြစ်ပွားခဲ့၍ ခရိုင်မီးသတ်ဦးစီးဌာန ဦးစီးအရာရှိ ဦးကျော်မျိုး ဦးဆောင်၍ မီးငြိမ်းသတ်ယာဉ် လေးစီး၊ သန္ဓေတပ်ဖွဲ့ဝင် ၂၀၊ အရန်မီးသတ်တပ်ဖွဲ့ဝင် ၁၅ ဦးနှင့် ရပ်ကွက်နေပြည်သူများဝိုင်းဝန်းငြိမ်းသတ်ရာ ၁၀ နာရီ ၄၅ မိနစ်တွင် မီးငြိမ်းသတ်နိုင်ခဲ့ကြောင်း သိရသည်။

အဆိုပါမီးလောင်မှုကြောင့် လူနေအိမ်တစ်လုံးနှင့် ဆိုင်ကယ်တစ်စီး မီးလောင်ဆုံးရှုံးခဲ့ရကြောင်း သိရသည်။ **သက်မောင်**

**မြင်းမူ**

မြင်းမူမြို့နယ် မြစ်ပေါက်ကျေးရွာ ဧရာဝတီမြစ်ကမ်းဘေးတွင် ဆိုက်ကပ်ထားသော အောင်သီတာထွန်းကုမ္ပဏီ ဆီတွဲအမှတ် OB -180 လောင်စာဆီသင်္ဘော တစ်စင်း ဖေဖော်ဝါရီ ၂၀ ရက် နံနက် ၁၁ နာရီ ၃၈ မိနစ်ခန့်က မီးလောင်မှုဖြစ်ပွားခဲ့ကြောင်း မြင်းမူမြို့နယ် မီးသတ်ဦးစီးဌာနမှ သိရသည်။

မီးလောင်မှု ဖြစ်ပွားရာသို့ မြင်းမူမြို့နယ် မီးသတ်ဦးစီးဌာနမှ ဦးစီးမှူး ဦးမျိုးသူအောင် ဦးစီး၍ သန္ဓေမီးသတ်တပ်ဖွဲ့ဝင် ၁၅ ဦး၊ အရန်မီးသတ်တပ်ဖွဲ့ဝင် ၁၀ ဦး၊ ဆီမီးသတ်ယာဉ် တစ်စီး၊ မီးသတ်ယာဉ် တစ်စီး၊ ရေသယ်ယာဉ်တစ်စီး၊ အရန်မီးသတ်ယာဉ် တစ်စီးတို့ဖြင့် သွားရောက်ငြိမ်းသတ်ခဲ့ရာ နံနက် ၁၁ နာရီ မိနစ် ၅၀ တွင် မီးငြိမ်းသတ်နိုင်ခဲ့ကြောင်း သိရသည်။

မီးလောင်မှုဖြစ်ပွားခဲ့သော လောင်စာဆီသင်္ဘောမှာ မုံရွာမြို့ အောင်မင်္ဂလာရပ်နေ ဦးဇော်ဝင်းမောင် ပိုင်ဆိုင်သည့် သင်္ဘောဖြစ်ပြီး သင်္ဘောဝမ်းဗိုက်အတွင်းရှိ ဒီဇယ်ကန် တစ်ကန်နှင့် တစ်ကန် ဆီလှယ်ရာ ဆီစုပ်ပန့်မှ အပူလွန်ကဲပြီး မီးကူးစက်လောင်ကျွမ်းခြင်းဖြစ်ကြောင်း သိရသည်။

**ကိုမင်း(အင်းတော်)**

**ဂန့်ဂေါ**

ဂန့်ဂေါမြို့နယ် လုံဟောရွာ၌ ဖေဖော်ဝါရီ ၂၀ ရက် ည ၁၀ နာရီခန့်က မီးလောင်မှုဖြစ်ပွားရာ လူနေအိမ် နှစ်လုံး မီးလောင်ဆုံးရှုံးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဦးကျော်သူ၏ နေအိမ်မီးဖိုချောင် မီးကြွင်းမီးကျန်မှုတစ်ဆင့် ထရံသို့ မီးကူးစက်လောင်ကျွမ်းခြင်းဖြစ်ပြီး ကပ်လျက်ရှိသည့်အိမ်ပါ မီးကူးစက်လောင်ကျွမ်းသွားကြောင်း သိရသည်။

မီးလောင်ရာသို့ ဂန့်ဂေါခရိုင် မီးသတ်ဦးစီးဌာနမှ မီးသတ်ယာဉ်သုံးစီးဖြင့် သွားရောက်မီးငြိမ်းသတ်ခဲ့ရာ ည ၁၂ နာရီခွဲခန့်တွင် မီးငြိမ်းသွားကြောင်း သိရသည်။

မီးလောင်မှုဖြစ်ပွားသည့်အတွက် နေအိမ်နှစ်လုံး မီးလောင်ဆုံးရှုံးသွားကြောင်းနှင့် မီးဘေးသင့် မိသားစုဝင် ၁၃ ဦးတို့အား နီးစပ်ရာဆွေမျိုးနေအိမ်များတွင် နေရာချထားပေးလျက် ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ထားကြောင်း သိရသည်။

**၄၆၅**

# ကသာမြို့နယ် ဧရာဝတီမြစ်အတွင်းမှ တရားမဝင် ကျွန်းသစ် ၄၅၂ လုံး သိမ်းဆည်းရမိ



**ကသာ ဖေဖော်ဝါရီ ၂၁**

စစ်ကိုင်းတိုင်းဒေသကြီး ကသာမြို့နယ် ကျောက်ပုံကျေးရွာနှင့် ကလုံကျေးရွာကြား ဧရာဝတီမြစ်အတွင်း ဝါးဖောင်မှ တရားမဝင်ကျွန်းသစ်တိုင်များ သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဖေဖော်ဝါရီ ၂၀ ရက် ညနေ ၆ နာရီခန့်တွင် ကသာခရိုင် သစ်တောဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးမြင့်နိုင်ဦး ဦးစီးသောအဖွဲ့သည် သစ်တောလုံခြုံရေးရဲတပ်ဖွဲ့၊ နယ်မြေခံရဲတပ်ဖွဲ့တို့နှင့် ပူးပေါင်း၍ ကသာမြို့နယ် ကျောက်ပုံကျေးရွာနှင့် ကလုံကျေးရွာကြား ဧရာဝတီမြစ်အတွင်းရှိ ဝါးဖောင်အား သတင်းအရ ရှာဖွေစစ်ဆေးခဲ့ရာ အဆိုပါ ဝါးဖောင်အတွင်းမှ တရားမဝင်ကျွန်းသစ်တိုင် ၄၅၂ လုံး (၃၉ ဒသမ ၃၂၆ တန်)အား ရှာဖွေစစ်ဆေးတွေ့ရှိရသဖြင့် သစ်တောဥပဒေအရ အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။ **လူအောင်(ကသာ)**

# ဝိုင်းမော်၊ မိုးမောက်နှင့် ပုသိမ်ကြီးတို့တွင် မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

**နေပြည်တော် ဖေဖော်ဝါရီ ၂၁**

မူးယစ်တပ်ဖွဲ့စု(၂)မြစ်ကြီးနားမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဖေဖော်ဝါရီ ၂၀ ရက် မွန်းလွဲ ၁ နာရီက ဝိုင်းမော်မြို့နယ် ခတ်ချိုကျေးရွာနေ ကျော်နိုင်နှင့် မအေးခွန်တို့၏နေအိမ်ကို ဝင်ရောက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၅၈၅၀၊ ဘိန်းဖြူ ၁၈၇ ဂရမ်နှင့် ငွေကျပ် ၆၅၀၀ တို့ကိုလည်းကောင်း။

အလားတူ မူးယစ်တပ်ဖွဲ့စု(၁)ဗန်းမော်မှ တပ်ဖွဲ့ဝင်များသည် မိုးမောက်မြို့နယ် ကျောက်စခန်းစစ်ဆေးရေးစခန်းတွင် အင်ယော်နော်ရိန်(ခ)နော်ရိန် မောင်းနှင်လာသည့် မော်တော်ယာဉ်ကို ရပ်တန့်စစ်ဆေးရာ ဘိန်းဖြူ ၉၁၃ ဂရမ်နှင့် လက်ကိုင်ဖုန်းတစ်လုံးတို့ကို လည်းကောင်း၊ အလားတူ ယနေ့နံနက် ၂ နာရီက မူးယစ်တပ်ဖွဲ့စု (၁၇) မန္တလေး(မြောက်ပိုင်း)မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ပုသိမ်ကြီးမြို့နယ် ၁၆ မိုင် ကျောက်ချော စစ်ဆေးရေးစခန်းတွင် ခရီးသည်တင်မော်တော်ယာဉ်ကို ရပ်တန့်စစ်ဆေးရာ ခရီးသည် ဝိုင်းအုံချစ်(ခ)ကိုအိုင်း အနီးမှ စိတ်ကြွရူးသွပ်ဆေးပြား ၁၀၀၀၊ ဘိန်းဖြူ ကိုးဂရမ်နှင့် လက်ကိုင်ဖုန်းတစ်လုံးတို့ကို လည်းကောင်း သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။ **ကိုရဲ**





ကျော်နိုင်(ခ)ကိုလတ်၊ မအေးခွန်၊ အင်ယော်နော်ရိန်(ခ)နော်ရိန်တို့အား သိမ်းဆည်းရမိသည့် မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်။

# တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေး ဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဖေဖော်ဝါရီ ၂၁**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့်မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းများက တင်သွင်း၊ တင်ပို့သော ကုန်ပစ္စည်းများကို စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ ဖေဖော်ဝါရီ ၂၀ ရက်တွင် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှု ရှစ်မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၆၅ ဒသမ ၉၁၉ သန်း)၊ မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှု နှစ်မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၅ ဒသမ ၂၂၂ သန်း) စုစုပေါင်း တားဆီးမှု ၁၀ မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၇၁ ဒသမ ၁၄၁ သန်း)ကို သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

ထူးခြားဖမ်းဆီးမှုအနေဖြင့် ဖေဖော်ဝါရီ ၂၀ ရက်တွင် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်စဉ် ခရီးသည်တင်ယာဉ် တစ်စီးပေါ်တွင် လိုက်ပါစီးနင်းလာသော ခရီးသည်သုံးဦးထံမှ ဘိန်းဖြူမှုန့်ဟု ယူဆရသည့် အမှုန့် ၁၀ ဂရမ်ပါ ဆပ်ပြာခွက် ၃၃၀ နှင့် 88/1 အမှတ်တံဆိပ်ပါ စိတ်ကြွရူးသွပ်ဆေးပြား ခုနစ်ထုပ် (၁ ထုပ်လျှင် ၆၀၀၀ ပြားခန့်) (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၄၆ ဒသမ ၇ သန်း)ကို စစ်ဆေးတွေ့ရှိ၍ သိမ်းဆည်းခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# မင်္ဂလာဒုံမြို့နယ်အတွင်း ဆိုင်ကယ်ခိုးမှု ၁၀ မှု ဖော်ထုတ်နိုင်

**ရန်ကုန် ဖေဖော်ဝါရီ ၂၁**

ရန်ကုန်မြောက်ပိုင်းခရိုင်ရဲတပ်ဖွဲ့ မှုခင်းနှိမ်နင်းရေးဌာနစုမှ တပ်ဖွဲ့ဝင်များသည် ဖေဖော်ဝါရီ ၁၆ ရက်တွင် မင်္ဂလာဒုံမြို့နယ်အတွင်း ခိုး၊ ဆိုး၊ လု၊ နှိုက် သတင်းစုံစမ်းနေစဉ် ခိုးမှုပြစ်ချက်ဟောင်းရှိပြီး ဆိုင်ကယ်ခိုးမှုများ ကျူးလွန်ကြောင်း ကြိုတင်သတင်းရရှိထားသူ ဆန်းဝင်းကျော်(ခ)မဲကြီးနှင့် ရဲကျော်ဇင်တို့နှစ်ဦးအား သဃ်န်းကျွန်းကျေးရွာ လမ်းမပေါ်တွင် ဖမ်းဆီးရမိသဖြင့် စစ်မေးရာ ၎င်းတို့နှင့် ပြစ်မှုကျူးလွန်ရာတွင် အတူပါဝင်သူ အောင်ကိုလတ်(ခ)အာကြီးအား မင်္ဂလာဒုံမြို့နယ် သဃ်န်းကျွန်းကြီးကျေးရွာ သန္ဒိသုခလမ်းမပေါ်တွင် ဖမ်းဆီးရမိခဲ့သည်။

၎င်းတို့သည် ၂၀၁၈ ခုနှစ် မေ၊ ဇွန်၊ ဩဂုတ်၊ စက်တင်ဘာလများတွင် မင်္ဂလာဒုံမြို့နယ်အတွင်း ဆိုင်ကယ် ၁၀ စီး ခိုးယူခဲ့ကြောင်း စစ်ဆေးပေါ်ပေါက်ခဲ့သည်။ ပြစ်မှုကျူးလွန်သူ ဆန်းဝင်းကျော်(ခ)မဲကြီး၊ ရဲကျော်ဇင်နှင့် အောင်ကိုလတ်(ခ)အာကြီးတို့ကို ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိပြီး သက်သေခံပစ္စည်းများနှင့် စပ်လျဉ်း၍ ပိုင်ရှင်များအနေဖြင့် မင်္ဂလာဒုံမြို့မရဲစခန်းသို့ သွားရောက်စုံစမ်းနိုင်ကြောင်း သိရသည်။ **ကိုရဲ**





# မြန်မာ-ဘင်္ဂလားဒေ့ရှ်နှစ်နိုင်ငံ နှစ်ဖက်ညှိနှိုင်း၍ ရေမိုင်လှည့်ကင်းဆောင်ရွက်

**နေပြည်တော် ဖေဖော်ဝါရီ ၂၁**

မောင်တောမြို့နယ် နယ်မြေ(၅) အမှတ်(၂)နယ်ခြားစောင့်ရဲတပ်ဖွဲ့ခွဲ ငါးခူရနယ်မြေရုံးမှ ယာယီရဲမှူး ကျော်ဝင်းဦးစီးသည့် တပ်ဖွဲ့ဝင်များသည် ဖေဖော်ဝါရီ ၂၀ ရက် နံနက်ပိုင်းက ရေယာဉ်တပ်ဖွဲ့စု(မောင်တော)မှ ငါးမန်းအမြန်သွားတိုက်ခိုက်ရေးရေယာဉ်အမှတ်(၀၀၄)ပါ နှစ်စင်းနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံ အမှတ်(၂)နယ်ခြားစောင့်တပ် Nila ကင်းစခန်းမှ Noyeb Subedar Md Shajahan Ali ဦးဆောင်သည့်အဖွဲ့က စက်တပ်ရေယာဉ် နှစ်စင်း စုစုပေါင်း လေးစင်းတို့ဖြင့် စပါယ်ပင်ရင်းချောင်းဝထိပ်နတ်မြစ်အလယ်ရှိ နှစ်နိုင်ငံနယ်နိမိတ်အနီး ရေမိုင်အမှတ်(၁၁)မှ ပြူးမချောင်းဝထိပ်အနီး ရေမိုင်အမှတ်(၁၅)ထိ နတ်မြစ်ကြောင်းအတိုင်း နှစ်နိုင်ငံနှစ်ဖက်ညှိနှိုင်း၍ ရေမိုင်ကင်းလှည့်ခဲ့ပြီး ရေယာဉ်အမှတ်(၀၀၄)ပေါ်၌ နှစ်ဖက်ကင်းလှည့်သည့်အဖွဲ့ များ တွေ့ဆုံဆွေးနွေးခဲ့ကြောင်း သိရသည်။ **ရဲပြန်ကြား**

## ရှမ်းပြည်နယ် လယ်ယာမြေနှင့် အခြားမြေများသိမ်းဆည်းခြင်းခံရမှု ပြန်လည်စိစစ်ရေးကော်မတီအစည်းအဝေး ကျင်းပ

**တောင်ကြီး ဖေဖော်ဝါရီ ၂၁**

ရှမ်းပြည်နယ် လယ်ယာမြေနှင့် အခြားမြေများသိမ်းဆည်းခြင်းခံရမှု ပြန်လည်စိစစ်ရေးကော်မတီ အမှတ်စဉ် (၂/၂၀၁၉) လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဖေဖော်ဝါရီ ၂၀ ရက် နံနက် ၉ နာရီခွဲက တောင်ကြီးမြို့ ရှမ်းပြည်နယ်အစိုးရအဖွဲ့ အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှမ်းပြည်နယ် လယ်ယာမြေနှင့် အခြားမြေများသိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးဗဟိုကော်မတီ ဥက္ကဋ္ဌ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်က ဥပဒေနှင့် ညီညွတ်မှုမရှိဘဲ သိမ်းဆည်းပြီး အသုံးပြုခြင်းမရှိဘဲ နောင်တွင်အသုံးပြုရန်ရှိနေသည့် လုပ်ငန်းဆောင်ရွက်ရန်ရှိနေသည်မှာ မူဝါဒနှင့် ဆန့်ကျင်နေပါကြောင်း၊ နိုင်ငံတော်ကချမှတ်ထားသော မူဝါဒလမ်းစဉ်များနှင့်အညီ အလေးထားလိုက်နာကာ စိစစ်ဆောင်ရွက်ကြရန် လိုအပ်ပါကြောင်း၊ အသုံးပြုရန် လိုအပ်မှုမရှိသဖြင့် ပြန်လည်စွန့်လွှတ်သည့်မြေယာများကို သက်ဆိုင်သူများလက်ဝယ်သို့ လွှဲပြောင်းပေးအပ်ရန် ကျန်ရှိသောအမှုကိစ္စပေါင်းရှစ်မှု စွန့်လွှတ်မြေဧရိယာ ၁၂၃၈ ဒသမ ၆၇၂ ဧကကို အမြန်ဆုံး ပြန်လည်လွှဲပြောင်းပေးအပ်နိုင်ရေးကော်မတီအဆင့်ဆင့်အနေဖြင့် အထူးကြိုးပမ်းဆောင်ရွက်ပေးစေရန် ပြောကြားသည်။

ဆက်လက်၍ ရှမ်းပြည်နယ် လယ်ယာမြေနှင့် အခြားမြေများသိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီအဖွဲ့ဝင် ရှမ်းပြည်နယ် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးစိုင်းလုံကျော်က ရှမ်းပြည်နယ်အတွင်း မြေယာကိစ္စတိုင်ကြားစာများအပေါ် ဖြေရှင်းဆောင်ရွက်မှုအခြေအနေနှင့် စွန့်လွှတ်မြေများကို မူလတောင်သူများထံသို့ ပြန်လည်လွှဲပြောင်းပေးအပ်မှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ရှမ်းပြည်နယ်အတွင်းရှိ ခရိုင်လယ်ယာမြေနှင့် အခြားမြေများသိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီများက လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို ခရိုင်အလိုက် ရှင်းလင်းတင်ပြခဲ့ကြောင်း သိရသည်။

**ခရိုင် (ပြန်/ဆက်)**





## ချင်းတိုင်းရင်းသားတို့၏ စာပေ၊ ယဉ်ကျေးမှု ဖွံ့ဖြိုးတိုးတက်အောင် ဥပဒေနှင့်အညီ ကူညီဆောင်ရွက်ပေးမည်

**ကြံခင်း ဖေဖော်ဝါရီ ၂၁**

(၇၁) နှစ်မြောက် ချင်းအမျိုးသားနေ့အခမ်းအနားကို ဧရာဝတီတိုင်းဒေသကြီး ကြံခင်းမြို့နယ် မြို့ဦးစေတီတော်ဘုရားဝင်းတွင် ဖေဖော်ဝါရီ ၂၀ ရက် နံနက်ပိုင်းက ကျင်းပသည်။

ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ်က ချင်းတိုင်းရင်းသားလူမျိုးများ၏ အမျိုးသားရေးဆိုင်ရာကိစ္စများကို တိုင်းဒေသကြီးအတွင်း အောင်မြင်အောင် ဆောင်ရွက်နိုင်ခဲ့ခြင်းမှာ ချင်းတိုင်းရင်းသားအချင်းချင်း စည်းလုံးညီညွတ်မှု၊ လုံ့လဝီရိယနှင့် ကြိုးစားအားထုတ်မှုများကြောင့်ဖြစ်ပါကြောင်း၊ တိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့်လည်း ချင်းတိုင်းရင်းသားများ၏ စာပေ၊ ယဉ်ကျေးမှုဆိုင်ရာကိစ္စရပ်များ ပိုမိုဖွံ့ဖြိုးတိုးတက်လာအောင် ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ပြောကြားသည်။

ထို့နောက် ၂၀၁၇-၂၀၁၈ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့ကြသည့် ဂုဏ်ထူးရချင်းတိုင်းရင်းသား၊ တိုင်းရင်းသူများအား တိုင်းဒေသကြီးဝန်ကြီးချုပ် နှင့် တိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဒေါက်တာလှမြတ်သွေးတို့က ဂုဏ်ပြုဆုတံဆိပ်များ ပေးအပ်ချီးမြှင့်ခဲ့ကြကြောင်း သိရသည်။ **ထွန်းဇော်ထွန်း(မြန်မာစာ)**

## မိမိတို့အစိုးရအဖွဲ့နှင့် ပြည်သူများ စုပေါင်းအားဖြင့် ဆောင်ရွက်မှသာ ဖွံ့ဖြိုးတိုးတက်မည်

**မော်လိုက် ဖေဖော်ဝါရီ ၂၁**

စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင်သည် တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ၊ တိုင်းဒေသကြီးဝန်ကြီးများနှင့်အတူ ဖေဖော်ဝါရီ ၂၀ ရက် က မော်လိုက်မြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ မော်လိုက်မြို့ ဒေသခံပြည်သူများနှင့် တွေ့ဆုံသည်။

တိုင်းဒေသကြီးဝန်ကြီးချုပ်က တိုင်းဒေသကြီးဖွံ့ဖြိုးတိုးတက်စေရေးအတွက် အုပ်ချုပ်ရေးမဏ္ဍိုင်၊ ဥပဒေပြုရေးမဏ္ဍိုင်၊ တရားစီရင်ရေးမဏ္ဍိုင်တို့နှင့်အတူ တက်ညီလက်ညီ အပြန်အလှန်ထိန်းကျောင်းကာ ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း၊ ပြည်သူများအနေဖြင့်လည်း မိမိတို့အစိုးရအဖွဲ့၏ လုပ်ဆောင်ချက်များအပေါ် ပူးပေါင်းဆောင်ရွက်ပေးစေလိုကြောင်း၊ စုပေါင်းအင်အားဖြင့်ဆောင်ရွက်မှသာ ဖွံ့ဖြိုးတိုးတက်လာမှာဖြစ်ကြောင်း၊ အစိုးရအနေဖြင့် ပြည်သူများ၏ လိုအပ်ချက်များကို အတတ်နိုင်ဆုံး ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိကြောင်း၊ မုံရွာ-ယာကြီး-ကလေးဝ ကားလမ်းကိုလည်း ၂၀၂၀ ပြည့်နှစ်တွင် လမ်းလုပ်ငန်းအားလုံး ပြီးစီးရေး ဆောင်ရွက်လျက်ရှိပါကြောင်း၊ အဆိုပါလမ်းပြီးစီးသွားပါက ချင်းတွင်းမြစ် အနောက်ဘက်ကမ်းရှိ မြို့များဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပါကြောင်းနှင့် တမူးမှတစ်ဆင့် အိန္ဒိယနိုင်ငံသို့ပါ အချိန်မရွေး သွားလာနိုင်မှာဖြစ်ကြောင်း၊ ယခုဆိုလျှင် ကလေးဝမြို့ကို နိုင်ငံတော်ဓာတ်အားစနစ်မှ တတိယမြောက်ဓာတ်အားရရှိသည့် မြို့နယ်အဖြစ် ဆောင်ရွက်ပေးနိုင်ခဲ့ပြီးဖြစ်ကြောင်း၊ မော်လိုက်မြို့ကိုလည်း နိုင်ငံတော်ဓာတ်အားစနစ်မှ ဓာတ်အားရရှိရေး တည်ဆောက်လျက်ရှိကြောင်း ပြောကြားသည်။

ဆက်လက်၍ မော်လိုက်မြို့ မြို့မိမြို့ဖများနှင့် ဒေသခံပြည်သူများက ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်ချက်များကို တင်ပြကြရာ သက်ဆိုင်ရာတာဝန်ရှိသူများက ကဏ္ဍအလိုက် ပြန်လည်ရှင်းလင်း ဖြေကြားသည်။

ထို့နောက် မော်လိုက်မြို့တွင် ၁၉၂၄ ခုနှစ်က ဆောက်လုပ်ခဲ့သော အထက ကျောင်းသို့ လှည့်လည်ကြည့်ရှုစစ်ဆေးပြီး အဆိုပါကျောင်းဆောင်အား ဆက်လက်ထိန်းသိမ်းစောင့်ရှောက်ခြင်းလုပ်ငန်းများဆောင်ရွက်ပါက ရှေးဟောင်းသုတေသနနှင့် ပူးပေါင်း၍ ရှေးမူမပျက် ထိန်းသိမ်းစောင့်ရှောက်ကြရန် လမ်းညွှန်မှာကြားပြီး မော်လိုက်-ကလေးဝ-ကလေး ကားလမ်းတစ်လျှောက်ရှိ ဒေသဖွံ့ဖြိုးတိုးတက်မှုအခြေအနေကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ညပိုင်းတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် ကလေးမြို့ တောင်ဇီလာရပ်ကွက် အထက (၂) ဘောလုံးကွင်း၌ ပြုလုပ်သော (၇၁) နှစ်မြောက် ချင်းအမျိုးသားနေ့အခမ်းအနားသို့ တက်ရောက်ပြီး ရိုးရာယဉ်ကျေးမှုပြခန်းများနှင့် ဌာနဆိုင်ရာ အသိပညာပေးပြခန်းတို့ကို လှည့်လည်ကြည့်ရှုကာ ချင်းရိုးရာအကအလှတင်ဆက်မှုတို့ကို ကြည့်ရှုအားပေးပြီး ဂုဏ်ပြုဆုများကို ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**ထွန်းကိုကို(ယင်းမာပင်)**

## ကရင်ပြည်နယ် လယ်ယာမြေနှင့်အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီ လုပ်ငန်းညှိနှိုင်းစည်းဝေး

**ဘားအံ ဖေဖော်ဝါရီ ၂၁**

ကရင်ပြည်နယ် ဘားအံမြို့တွင် ပြည်နယ်လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီနှင့် ခရိုင်၊ မြို့နယ် လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီများ၏ (၁/၂၀၁၉) လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဖေဖော်ဝါရီ ၂၀ ရက် မွန်းလွဲ ၂ နာရီခွဲက ကရင်ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ပြည်နယ် လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီဥက္ကဋ္ဌ ပြည်နယ်ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့်က အဖွင့်အမှာစကားပြောကြားပြီး ပြည်နယ် လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီ အတွင်းရေးမှူး ဦးမင်းမင်းက လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများပြန်လည်စိစစ်ရေးဗဟိုကော်မတီ၊ နိုင်ငံတော်သမ္မတရုံးနှင့် ပြည်နယ်အစိုးရအဖွဲ့နှင့် ပြည်နယ် လယ်ယာမြေနှင့် အခြားမြေများသိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီသို့ ပေးပို့သည့် မြေယာတိုင်ကြားစာကိစ္စရပ်များနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် ပြည်နယ်၊ ခရိုင်၊ မြို့နယ် ကော်မတီဝင်များက မြေယာတိုင်ကြားစာများနှင့်ပတ်သက်၍ ဆွေးနွေးတင်ပြကြသည်။

ကရင်ပြည်နယ်အတွင်း မြေယာတိုင်ကြားစာအရေအတွက် အမှုတွဲပေါင်း ၂၂၈ မှုတွင် ၂၁၆ မှု ဖြေရှင်း ဆောင်ရွက်ပြီးဖြစ်ကာ အမှုတွဲပေါင်း ၁၂ မှုသာ ဖြေရှင်းဆောင်ရွက်ရန်ကျန်ရှိကြောင်း လုပ်ငန်းညှိနှိုင်းအစည်းအဝေးမှ သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**



တိုတိုထွာထွာဖတ်စရာ

## စာပေဝါသနာရှင်များ စာဖတ်ဝိုင်းဖွဲ့ဆွေးနွေး

**ငါ့သရောက်**

မန္တလေးတိုင်းဒေသကြီး ငါ့သရောက်မြို့တွင် စာပေဝါသနာရှင်များပူးပေါင်း၍ စာဖတ်ဝိုင်းဖွဲ့ဆွေးနွေးပွဲကို ဖေဖော်ဝါရီ ၂၀ ရက် မွန်းလွဲ ၁နာရီက မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၌ ကျင်းပသည်။

စာပေဝါသနာရှင် ဦးသက်ဦးစိုးက စာပေဝါသနာရှင်များအချင်းချင်း အသိပညာဗဟုသုတများ၊ မိမိတို့၏အတွေးအမြင်များ လွတ်လပ်စွာဖလှယ်နိုင်ရေးအတွက် စာပေဝါသနာရှင်များအသင်း ဖွဲ့စည်းနိုင်ရေး ဆွေးနွေးသည်။

စာပေဝါသနာရှင်များဖြစ်သည့် ဦးတင်အောင်မိုး၊ ဦးခင်မောင်အေးတို့က စာရေးဆရာ ဦးဘုန်း(ဓာတု)၏ ကြက်ရိုးဒဿနစာအုပ်ပါအကြောင်းအရာများကို ဆွေးနွေးရာ တက်ရောက်လာသည့် ကျောင်းသား ကျောင်းသူများက သိလိုသည်များကို မေးမြန်းဆွေးနွေးခဲ့ကြသည်။ **ကိုထိန်(ငါ့သရောက်)**

## ပုဇွန်တောင်မြို့နယ်တွင် စာဖတ်ဝိုင်းကျင်းပ

**ရန်ကုန်**

ရန်ကုန်(အရှေ့ပိုင်း)ခရိုင် ပုဇွန်တောင်မြို့နယ်တွင် စာဖတ်ဝိုင်းကို ဖေဖော်ဝါရီ ၂၀ ရက် နံနက် ၁၁ နာရီက မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးရုံး ပြည်သူ့စာကြည့်တိုက်ခန်းမတွင် ကျင်းပသည်။

မြို့နယ်ဦးစီးမှူး ဦးရဲနောင်ချစ်က စာဖတ်ရှိန်မြှင့်တင်ရေး၊ သုတ/ရသ စာပေများ ဖွံ့ဖြိုးတိုးတက်လာစေရေးနှင့် လူငယ်လူရွယ်များ ဗဟုသုတတိုးပွားပြီး အပြန်အလှန် ဆွေးနွေးတတ်သည့် အလေ့အထကောင်းများရရှိစေရန် ယခုလို စာဖတ်ဝိုင်းများကို ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ဦးဆောင်ကျင်းပခြင်းဖြစ်ကြောင်း ပြောကြားသည်။

စာရေးဆရာများဖြစ်ကြသည့် သီဟ(ဧရာဝတီ)၊ ရွှေဒုံမောင်(ပတ္တမြား)၊ ခင်လပြည့်ဝန်းနှင့် ဦးဇော်ဝင်းတို့က စာဖတ်ခြင်း၏ အကျိုးကျေးဇူးကြီးမားပုံများကို ဆွေးနွေးရာ တက်ရောက်လာကြသည့် လူငယ်လူရွယ် ကျောင်းသား ကျောင်းသူများက သိရှိလိုသည်များကို ပြန်လည်ဆွေးနွေးခဲ့ကြောင်း သိရသည်။ **မောင်အေးချမ်း (ပြန်/ဆက်)**

## နွေရာသီ အခြေခံအားကစားသင်တန်းဖွင့်မည်

**မန္တလေး**

မန္တလေးတိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာနက ကြီးမှူး၍ နွေရာသီအခြေခံအားကစားသင်တန်းများကို မန္တလေးမြို့ရှိ သတ်မှတ်အားကစားကွင်း၊ အားကစားခန်းမ၊ အခြေခံပညာကျောင်းနှင့် ကစားကွင်းတို့၌ မတ် ၃ ရက်မှ ဧပြီ ၄ ရက်ထိ အခမဲ့သင်ကြားပေးသွားမည်ဖြစ်သည်။

နွေရာသီအခြေခံအားကစားသင်တန်းများမှာ ဘောလုံး၊ တင်းနစ်၊ ပြေးခုန်ပစ်၊ ဘော်လီဘော၊ တိုက်ကွမ်ဒို၊ ဝူရှူး၊ အေရိုးဗစ်၊ Fitness Dance၊ မြန်မာ့သိုင်း၊ စစ်တုရင်၊ သေနတ်ပစ်၊ ကာယဗလ၊ ကာယကြံ့ခိုင်မှု၊ စားပွဲတင်တင်းနစ်၊ ရိုးရာလက်ဝှေ့၊ ဘိလိယက်စနူကာ၊ ဂျူဒို၊ ရေကူး၊ ရိုးရာခြင်းလုံး၊ ခရစ်ကက်၊ ကျွမ်းဘား၊ ဖူဆယ်ဘောလုံး၊ ပိုက်ကျော်ခြင်းသင်တန်းတို့ကို သင်ကြားပို့ချပေးမည်ဖြစ်ကြောင်း သိရသည်။ **တင်မောင် (မန်းကိုယ်ပွား)**

## ဘားအံ၌ နွေရာသီ အခြေခံပန်းချီသင်တန်းဖွင့်

**ဘားအံ**

ဒုတိယအကြိမ် နွေရာသီအခြေခံပန်းချီသင်တန်းဖွင့်ပွဲကို ဖေဖော်ဝါရီ ၂၁ ရက် နံနက် ၉ နာရီက ဘားအံခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၌ ကျင်းပသည်။

ပန်းချီသင်တန်းသို့ ကျောင်းသား ကျောင်းသူ ၅၀ တက်ရောက်ကြပြီး ပန်းချီနည်းပြများက အခြေခံမျဉ်းများအကြောင်း၊ ရှုမျှော်ခင်းရေးဆွဲနည်း၊ လူပုံရေးဆွဲနည်းများကို ဖေဖော်ဝါရီ ၂၁ ရက်မှ မတ် ၂၁ ရက်ထိ ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။ **နေမျိုးလွင် (ပြန်/ဆက်)**



**လမ်းမတော်မြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးညွန့်လွင်ဦး ဖေဖော်ဝါရီ ၂၀ ရက်က အမှတ်(၁)ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံး၌ ရပ်ကွက်နေပြည်သူများအား သက်ငယ်မုဒိမ်းမှုပပျောက်ရေးနှင့် မှုခင်းအသိပညာပေး ဟောပြောစဉ်။**

**အောင်ဆွေ(ရွှေတံတား)**

## ချမ်းအေးသာစံနှင့် ညောင်လေးပင်မြို့တို့တွင် ရိုးရာမီးနင်းပွဲများကျင်းပ

**ချမ်းအေးသာစံ ဖေဖော်ဝါရီ ၂၁**

ဟိန္ဒူဘာသာဝင်များ၏ ရိုးရာမီးနင်းပူဇော်ပွဲကို ဖေဖော်ဝါရီ၁၉ ရက်ညနေ၅နာရီက ချမ်းအေးသာစံမြို့နယ် ဟေမာဇလရပ်ကွက် ၂၆ လမ်းနှင့် ၂၇ လမ်းကြား ၇၇ လမ်းရှိ စရီမာရီယမ္မာန်မယ်တော်ကြီးဘုရားကျောင်းတွင် ကျင်းပခဲ့သည်။ **(ယာပုံ)**



ရိုးရာမီးနင်းပွဲသို့ လာရောက်ကြသူများကို စတုဒိသာအအေးများ တိုက်ကျွေးကြောင်း သိရသည်။

အလားတူ ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့ ဘုရားကြီးလမ်းတွင် တည်ထားကိုးကွယ်လျက်ရှိသော ဟိန္ဒူဘာသာဝင်တို့၏ သိဒ္ဓိရှင်ဆုတောင်းပြည့်စရီမာရီယမ္မာန် (ခ) စန္ဒီမယ်တော်ကြီးဘုရားကျောင်း မီးနင်းပွဲတော်ကြီးကို ဖေဖော်ဝါရီ ၁၉ ရက် ညနေပိုင်းက မယ်တော်ကြီးကျောင်းရှေ့၌ ကျင်းပခဲ့သည်။

အဆိုပါ မီးနင်းပွဲတော်နေ့တွင်ကြွရောက်လာသောဧည့်ပရိသတ်တို့အား သက်သတ်လွတ်ထမင်းဟင်းများ၊ အချိုရည်များဖြင့်ကျွေးမွေးဧည့်ခံခဲ့သည်။ မီးနင်းပွဲသို့ ရန်ကုန်၊ မန္တလေး၊ ရမည်းသင်း၊ တောင်ငူ၊ ပဲခူး၊ ဝေါ၊ သနပ်ပင် စသည့်မြို့များနှင့် အနီးအနားမြို့များမှ ဟိန္ဒူဘာသာဝင်များ လာရောက်ပူဇော်ကြကြောင်း သိရသည်။

**မောင်ပြည်သူ(မန္တလေး)၊ ကိုလွင်(ဆွာ)**

## ငါးသိုင်းချောင်း၌ ရေဘေးကြိုတင်ကာကွယ်ရေးနှင့် တာတမံထိန်းသိမ်းခြင်းလုပ်ငန်းဆောင်ရွက်



**ငါးသိုင်းချောင်း ဖေဖော်ဝါရီ ၂၁**

ဧရာဝတီတိုင်းဒေသကြီး ငါးသိုင်းချောင်းမြို့ ငဝန်မြစ်ရေကာတာနှင့် မြို့အတွင်းရှိ မြို့မဈေးတည်ရှိရာ မြို့မရပ်ကွက် (အရံရေကာတာ) နှစ်ခုကြား ဈေးနှင့် ရပ်ကွက်နေပြည်သူများ မိုးရာသီ ရေကြီးနစ်မြုပ်မှုဘေးမှ ကာကွယ်နိုင်ရန် မြို့တွင်းအရံရေကာတာ မြေအောက်ရေထုတ်ပြွန်၊ မိုးရေထုတ်ပြွန် (Culvert) တည်ဆောက်ခြင်း၊ ရေကာတာမြေထိန်းနံရံတည်ဆောက်ခြင်းလုပ်ငန်းများကို ရေကြည်မြို့နယ် ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနက ဖေဖော်ဝါရီ ၂၁ ရက်တွင် စတင်ဆောင်ရွက်လျက်ရှိသည်။

ငဝန်ရေကာတာ တာမိုင် (၄၆/၇) မှ (၄၇/၀) ကြား မြို့တွင်းရှိ မြို့မရပ်ကွက် အရံရေကာတာ (ဈေးတာ)မြေအောက်ရေထုတ်ပြွန် (Culvert) အရှည်ပေ ၅၀ တည်ဆောက်ခြင်းလုပ်ငန်းကို စတင်ဆောင်ရွက်လျက်ရှိပြီး တစ်ဆက်တည်း အဆိုပါအရံတာတွင် မျက်နှာစာနှစ်ဖက် မြေထိန်းနံရံတည်ဆောက်ခြင်း အရှည် ၃၈ ပေ၊ (Culvert) အပေါ် ရေကာတာကွန်ကရစ်လမ်းခင်းခြင်း အရှည် ၆၀ ပေကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်သည်။

အဆိုပါလုပ်ငန်းများကို ဧပြီလအတွင်း ပြီးစီးအောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ မြို့တွင်းရေစီးရေလာကောင်းမွန်ရေးအတွက် (Culvert) နှင့် ဆက်စပ်ရေထုတ်မြောင်းတည်ဆောက်ခြင်းလုပ်ငန်းကိုလည်း မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ငဝန်ရေကာတာထိန်းသိမ်းခြင်းနှင့်ပတ်သက်၍ ငဝန်ရေကာတာ ဇောဓိရေကင်းစခန်းသို့ဆက်သွယ်ရာ တာခြေအတက်လမ်း ရွှေဘိုတန်းလမ်းကွန်ကရစ်ခင်းခြင်းအရှည်ပေ ၂၀၀ ကို ဖေဖော်ဝါရီ ၈ ရက်တွင် ခင်းကျင်းပြီးစီးခဲ့ပြီး ငဝန်မြစ်ကမ်းထိန်းခြင်းလုပ်ငန်းကို ငဝန်ရေကာတာတာမိုင် (၄၈/၀) မှ (၄၈/၂) အထိ ယခုဘဏ္ဍာနှစ်အတွင်း ဆက်လက်ဆောင်ရွက်ရန် လျာထားပါကြောင်း၊ ယခုနှစ်မိုးရာသီမတိုင်မီ မြစ်ရေကြီးမှု ရေဘေးကြိုတင်ကာကွယ်ရေး၊ ရေကာတာထိန်းသိမ်းပြုပြင်ခြင်းနှင့် မြို့တွင်း ရေစီးရေလာကောင်းမွန်ရေးအတွက် သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန ငါးသိုင်းချောင်းမြို့ တာဝန်ခံ ဒုတိယဦးစီးမှူး ဦးစိုးနိုင်ဦးက ပြောကြားသည်။

**စိုးမင်းဦး(ပြန်/ဆက်)**

## အသေးစားနှင့် လက်လုပ်လက်စားလုပ်ကွက် ရွှေလုပ်ကွက်များ လုပ်ကိုင်ခွင့်ပေးအပ်

**မြစ်ကြီးနား ဖေဖော်ဝါရီ ၂၁**

ကချင်ပြည်နယ် မြစ်ကြီးနားမြို့ ပြည်နယ်သတ္တုတွင်းဦးစီးဌာနရုံး၌ ဖေဖော်ဝါရီ ၂၀ ရက် နံနက်ပိုင်းတွင် အသေးစားနှင့် လက်လုပ်လက်စား ရွှေလုပ်ကွက်များ လုပ်ကိုင်ခွင့်အတွက် ခွင့်ပြုမိန့်များကို ပေးအပ်သည်။

ပြည်နယ် သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး ဦးဒါရှီလဆိုင်းက လုပ်ငန်းရှင်များအနေဖြင့် ခွင့်ပြုထားသည့်အတိုင်း ဥပဒေနှင့်အညီ လုပ်ကိုင်ဆောင်ရွက်သွားကြရန် မှာကြားပြီး မြို့နယ်ခြောက်မြို့နယ်အတွင်းရှိ အသေးစားရွှေလုပ်ကွက် ၅၈ ကွက်နှင့် လက်လုပ်လက်စားလုပ်ကွက် နှစ်ကွက်တို့ကို လုပ်ကိုင်ခွင့်ရရှိသည့် လုပ်ငန်းရှင်များထံ ခွင့်ပြုမိန့်များ ပေးအပ်ခဲ့သည်။

အသေးစားရွှေလုပ်ကွက် ၅၈ ကွက်နှင့် လက်လုပ်လက်စားလုပ်ကွက် နှစ်ကွက်တို့သည် ဝိုင်းမော်၊ မချမ်းဘော၊ ဆွမ်ပရာဘွမ်၊ မိုးမောက်၊ ရွှေကူမြို့နယ်နှင့် ရှင်ဗွေယန်မြို့တို့တွင်ရှိပြီး ခွင့်ပြုမိန့်ရရှိသည့်ကုမ္ပဏီ ၁၈ ခုဖြစ်ကြောင်း၊ အဆိုပါခွင့်ပြုမိန့်ရရှိသည့် ကုမ္ပဏီများအနေဖြင့် ပထမကာလတွင် ငါးနှစ်၊ ဒုတိယကာလတွင် ငါးနှစ် စုစုပေါင်းလုပ်ကိုင်ခွင့် သက်တမ်း ၁၀ နှစ်ထိ ရရှိမည်ဖြစ်ကြောင်း သိရသည်။ **ပြည်နယ် (ပြန်/ဆက်)**



## မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး အသိပညာပေး

**ပုဗ္ဗသီရိ ဖေဖော်ဝါရီ ၂၁**

နေပြည်တော် ပုဗ္ဗသီရိမြို့နယ် ထုံးဖိုမြို့မရဲစခန်းမှူး ဒုရဲမှူး ကျော်အောင်သည် ဖေဖော်ဝါရီ ၁၈ ရက် မွန်းလွဲ ၁ နာရီက ညောင်လူးကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ ဒေသခံများအား မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး၊ လူကုန်ကူးမှုတားဆီးကာကွယ်ရေးအကြောင်းအရာများ အသိပညာပေးဟောပြောပြီး အသိပညာပေး လက်ကမ်းစာစောင်များ ဝေငှခဲ့ကြောင်း သိရသည်။

**မင်းမင်းလတ် (ရှုပဗေဒ)**

*နိုင်ငံတော်တည်ဆောက်ရာတွင် နိုင်ငံတော်အချုပ်အခြာအာဏာ၏ ခက်မသုံးဖြာဖြစ်သည့် ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေးဟူသည့် မဏ္ဍိုင်ကြီးသုံးရပ်ဖြင့် အချင်းချင်း အပြန်အလှန် ထိန်းကျောင်းဆောင်ရွက်သည်ဟု ဆိုထားရာ ဥပဒေဆိုင်ရာ အကြောင်းအရာများကို ပြည်သူများ သိရှိလေ့လာနိုင်ရန် စာရေးသူ မောင်စာဂ၏ ဥပဒေနှင့်စပ်ဆိုင်သော ဆောင်းပါးများကို ဖော်ပြပေးသွားပါမည်။ ဆောင်းပါးတွင် ပါရှိသည့် အကြောင်းအရာများသည် စာရေးသူ၏ အာဘော်သာဖြစ်ပါသည်။ (စာတည်းအဖွဲ့)*

# ဆေးလိပ်၊ ဆေးရွက်ကြီးနှင့် ဥပဒေ

**မောင်စာဂ**



မျက်မှောက်ကမ္ဘာကြီးတွင် နှစ်စဉ် ကမ္ဘာ့လူသား ၅ ဒသမ ၄ သန်းခန့် ဆေးလိပ်ကြောင့် သေဆုံးနေကြရကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO) က ထုတ်ပြန်ထားသည်။ ကမ္ဘာ့ဆေးလိပ်၊ ဆေးရွက်ကြီးတိုက်ဖျက်ရေးနေ့ကိုလည်း နှစ်စဉ် မေလ ၃၀ ရက်ကို သတ်မှတ်ပြဋ္ဌာန်းပေးခဲ့သည်။ မြန်မာနိုင်ငံတွင်လည်း ဆေးလိပ်နှင့် ဆေးရွက်ကြီးကြောင့် နှစ်စဉ်လူပေါင်း ၆၅၆၅၁ ဦး သေဆုံးပြီး စုစုပေါင်းသေဆုံးသူဦးရေ၏ ၁၇ ဒသမ ၆ ရာခိုင်နှုန်းဖြစ်ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ FACT SHEET 2018 MYANMAR တွင် ဖော်ပြထားသည်ကိုလည်း လေ့လာသိရှိရသည်။

ဤတွင် မြန်မာနိုင်ငံအနေဖြင့် ဆေးလိပ်သောက်သုံးခြင်းနှင့်စပ်လျဉ်း၍ မည်သို့ဥပဒေများ ပြဋ္ဌာန်းထားသနည်း။ မည်သို့ထိန်းချုပ်ထားသနည်း။ ဆေးလိပ်သောက်ခြင်းကြောင့် မည်သည့်ဆိုးကျိုးတွေ ဖြစ်ပေါ်လာနိုင်သနည်း။ ဆေးလိပ်သောက်ခြင်းကို မည်သို့ဖြတ်ရမည်နည်း။ မျှဝေပါရစေ။

## ဥပဒေပြဋ္ဌာန်းခြင်း

မြန်မာနိုင်ငံတွင် ဆေးလိပ်နှင့်ဆေးရွက်ကြီးထွက်ပစ္စည်း သောက်သုံးမှုထိန်းချုပ်ရေးဥပဒေကို ၂၀၀၆ ခုနှစ် မေလ ၄ ရက်နေ့တွင် ပြဋ္ဌာန်းခဲ့သည်။ ဤဥပဒေ၏ ထူးခြားချက်မှာ ပုဒ်မ ၁(ခ) တွင် 'ဤဥပဒေသည် ထုတ်ပြန်ကြေညာပြီး တစ်နှစ်ပြည့်မြောက်ပြီးသည့် နေ့ရက်မှစတင်၍ အာဏာတည်စေရမည်' ဟု ပြဋ္ဌာန်းထားခြင်းဖြစ်သည်။ ဤသို့ပြဋ္ဌာန်းရခြင်းမှာ ဥပဒေကို လိုက်နာကြရမည့် ပြည်သူတွေ လိုအပ်သည်များ ပြင်ဆင်နိုင်ရန် အချိန်ပေးခဲ့ခြင်းဖြစ်သည်။

## ဥပဒေပြဋ္ဌာန်းရခြင်း၏ ရည်ရွယ်ချက်

ရည်ရွယ်ချက်မှာ ဆေးလိပ်နှင့်ဆေးရွက်ကြီးထွက်ပစ္စည်း သောက်သုံးမှုကြောင့် ကျန်းမာရေးကို ထိခိုက်စေနိုင်ကြောင်း၊ ပြည်သူတွေ သိရှိနိုင်စေရန်နှင့် သောက်သုံးခြင်းမှရှောင်ကြဉ်စေရန်၊ ဆေးလိပ်ငွေ့ကင်းစင်သည့် ပတ်ဝန်းကျင်ကို ဖန်တီးခြင်းဖြင့် ကျန်းမာရေးကိုထိခိုက်စေသည့် အန္တရာယ်မှ ကာကွယ်ရန်၊ ကလေးသူငယ်နှင့် လူငယ်များအပါအဝင် အများပြည်သူတို့ကို ကျန်းမာသော နေထိုင်မှုဘဝရရှိစေရန်၊ ပြည်သူတို့၏ ကျန်းမာရေး၊ စီးပွားရေးနှင့် လူမှုရေးအဆင့်အတန်းမြင့်မားလာစေရန်၊ မြန်မာနိုင်ငံက လက်ခံထားသော အပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းနှင့်အညီ အကောင်အထည်ဖော်ဆောင်ရွက်ရန်ဖြစ်သည်။

ဥပဒေပါရည်ရွယ်ချက်များကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် ပြည်ထောင်စုအစိုးရအဖွဲ့သည် ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ဥက္ကဋ္ဌအဖြစ် ဦးဆောင်သော ဆေးလိပ်နှင့်ဆေးရွက်ကြီးထွက်ပစ္စည်းသောက်သုံးမှု ထိန်းချုပ်ရေးအဖွဲ့ကို ဖွဲ့စည်းထားရှိသည်။ ယင်းအဖွဲ့က ဆောင်ရွက်ရမည့် လုပ်ငန်းတာဝန်များကို ပုဒ်မ ၅ တွင်လည်းကောင်း၊ ကျန်းမာရေးဝန်ကြီးဌာန၏ လုပ်ငန်းတာဝန်များကို ပုဒ်မ ၈ နှင့် တာဝန်ခံပုဂ္ဂိုလ်၏ လုပ်ငန်းတာဝန်များကို ပုဒ်မ ၉ တွင်လည်းကောင်း ပြဋ္ဌာန်းထားရှိသည်။

## ဆေးလိပ်နှင့်ဆေးရွက်ကြီးထွက်ပစ္စည်းဆိုသည်မှာ

ဆေးလိပ်ဆိုသည်မှာ ဆေးရွက်ကြီးထွက်ပစ္စည်းအား မီးလောင်ကျွမ်းစေခြင်းဖြင့် ထွက်ပေါ်လာသော အခိုးအငွေ့ကို ရှူရှိုက်ရန်အလို့ငှာ တစ်နည်းနည်းဖြင့်စီမံထားသည့် စီးကရက်၊ ဆေးပေါ့လိပ်၊ ဆေးပြင်းလိပ်၊ ဆေးတံနှင့် အလားတူ အခြားပစ္စည်းတစ်မျိုးမျိုးကိုဆိုသည်။ ဆေးရွက်ကြီးထွက်ပစ္စည်း ဆိုသည်မှာ ဆေးရွက်ကြီးပင်တစ်ခုလုံးကိုဖြစ်စေ၊ အစိတ်အပိုင်းတစ်ခုခုကိုဖြစ်စေ၊

> **စီးကရက်ကို တစ်လိပ်ချင်းဖြစ်စေ၊ အလိပ် ၂၀ ထက်နည်းသော အထုပ်ဖြင့်ဖြစ်စေ ရောင်းခြင်းမပြုရ . . . ဆေးလိပ်သောက်ခြင်းကြောင့် ကျန်းမာရေးကို ဆိုးရွားစွာ ထိခိုက်စေနိုင်ကြောင်း သတိပေးစာတန်းနှင့် အသက် ၁၈ နှစ် မပြည့်သေးသူကို ဆေးလိပ်ရောင်းချခြင်း မပြုကြောင်း အသိပေးစာတန်းကို ဆေးလိပ်ရောင်းသည့် နေရာတွင် မြင်သာစွာဖော်ပြ . . .**

အရွက်ကိုဖြစ်စေ၊ အရိုးကိုဖြစ်စေ သောက်ရန် သို့မဟုတ် သုံးရန်အလို့ငှာ ပြုပြင်စီမံထားသော ပစ္စည်းတစ်မျိုးမျိုးကို ဆိုသည်။

## ထိန်းချုပ်အရေးယူခြင်း

ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်း သောက်သုံးမှုထိန်းချုပ်ခြင်းကို စီမံခန့်ခွဲရေးနည်းလမ်းနှင့် ပြစ်မှုကြောင်းအရ တရားစွဲဆိုပြစ်ဒဏ်စီရင်ခြင်းနည်းလမ်းဟူ၍ ရှိသည်။ စီမံခန့်ခွဲရေးနည်းလမ်းမှာ ဆေးလိပ်သောက်ခွင့်မရှိသော နေရာများအဖြစ် သတ်မှတ်ထားသည့် ကျောင်းပရဝုဏ်အတွင်းရှိ ဝန်ထမ်းအိမ်ရာနှင့် အိမ်ခန်းများမှအပ သင်ကြားရေးအဆောက်အအုံ၊ စာသင်ခန်း၊ ရုံးခန်း၊ ပရဝုဏ်နှင့် ပရဝုဏ်အတွင်းရှိ အခြားအဆောက်အအုံများ၊ တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်နှင့် သိပ္ပံတို့၏ သင်ကြားရေးအဆောက်အအုံ၊ စာသင်ခန်းနှင့် ရုံးခန်းများ၊ ဘာသာရပ်သင် ကိုယ်ပိုင်သင်တန်းနှင့် သင်တန်းကျောင်းများ၏ သင်ကြားရေးအဆောက်အအုံနှင့် စာသင်ခန်းများတွင် ဆေးလိပ်သောက်ခြင်း သို့မဟုတ် မီးညှိထားသောဆေးလိပ်ကို ကိုင်ဆောင်ခြင်း မပြုရပါ။ ပြုသူအား ပထမအကြိမ် ပညာပေးခြင်း၊ သတိပေးခြင်းနှင့် မိဘအုပ်ထိန်းသူတို့ကို အသိပေးခြင်း၊ ထပ်မံကျူးလွန်လျှင် သတ်မှတ်ထားသော စည်းမျဉ်းစည်းကမ်းများနှင့်အညီ အရေးယူခြင်းခံရမည်။

ပြစ်မှုကြောင်းအရ တရားစွဲဆို အရေးယူဆောင်ရွက်ခြင်းနှင့် စပ်လျဉ်း၍ ဥပဒေပုဒ်မ ၁၁ မှ ၁၇ အထိ တားမြစ်ချက်အများအပြားကို ပြဋ္ဌာန်းထားသည်။ အနှစ်ချုပ်ဖော်ပြပါမည်။

ဆေးလိပ်သောက်ခွင့်မရှိသော နေရာများဖြစ်သည့် ဆေးရုံပရဝုဏ်အတွင်းရှိ ဝန်ထမ်းအိမ်ရာနှင့် အိမ်ခန်းများမှအပ ဆေးရုံအဆောက်အအုံ၊ ရုံးခန်း၊ ပရဝုဏ်နှင့် ပရဝုဏ်အတွင်းရှိ အခြားအဆောက်အအုံများ၊ ဆေးကုဂေဟာနှင့် ဆေးခန်းများ၊ အားကစားရုံနှင့် အမိုးအကာရှိ အားကစားကွင်းများ၊ ကလေးကစားရုံနှင့် ကစားကွင်းများ၊ ဇာတ်ရုံ၊ ရုပ်ရှင်ရုံ၊ ဗီဒီယိုရုံနှင့် အခြားပွဲကျင်းပပြသသည့် အဆောက်အအုံများ၊ ကုန်တိုက်၊ ကုန်ပဒေသာဆိုင်၊ စတိုးဆိုင်နှင့် အမိုးအကာရှိ ဈေးရုံများ၊ ပြတိုက်၊ မော်ကွန်းတိုက်၊ အများပြည်သူသုံးစာကြည့်တိုက်နှင့် စာဖတ်ခန်းများ၊ ဓာတ်လှေကားနှင့် ရွေ့လျားစက်လှေကားများ၊ ခရီးသည်ပို့ဆောင်ပေးသော မော်တော်ယာဉ်နှင့် လေယာဉ်များ၊ လေအေးစက်တပ်ဆင်ထားသော အများပြည်သူသုံးအခန်းများစသည်တို့တွင် ဆေးလိပ်သောက်ခြင်း သို့မဟုတ် မီးညှိထားသည့်ဆေးလိပ်ကို ကိုင်ဆောင်ခြင်းမပြုရပါ။

ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်းကို တွင်ကျယ်စွာ ဖြန့်ဖြူးရောင်းချနိုင်ရေးအတွက် မည်သည့်နည်းဖြင့်မဆို ကြော်ငြာခြင်း၊ ထုတ်လွှင့်ခြင်း၊ ပြသခြင်း မပြုရပါ။ ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်း၏ အမှတ်တံဆိပ်ပါသောပစ္စည်းကို အခမဲ့ဖြန့်ဖြူးခြင်း၊ ဝေငှခြင်း၊ လက်ဆောင်ပေးခြင်း၊ အားကစားပွဲ၊ ပျော်ပွဲရွှင်ပွဲ၊ ပြပွဲ ကျင်းပနိုင်ရန်ဖြစ်စေ၊ အကျိုးပြုလုပ်ငန်းတစ်ခုခုကို ပြုလုပ်နိုင်ရန်ဖြစ်စေ၊ အထောက်အပံ့ပေးခြင်း၊ ဝန်ဆောင်မှုပေးခြင်း မပြုရပါ။ လူအသုံးအဆောင်ပစ္စည်းတစ်ခုခုတွင် ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်း၏ အမှတ်တံဆိပ်ဖော်ပြခြင်း မပြုရပါ။

ဆေးလိပ်သောက်ခြင်းကြောင့် ကျန်းမာရေးကို ဆိုးရွားစွာထိခိုက်စေနိုင်ကြောင်း သတိပေးစာလုံးကို မဖော်ပြဘဲဖြစ်စေ၊ ဗဟိုအဖွဲ့က သတ်မှတ်ထားသော အဆိပ်အတောက်ဖြစ်စေသည့် ဓာတ်ပစ္စည်း အာနိသင်ထက် လျော့ပါးပါဝင်သည်ဟု မမှန်မကန်ဖော်ပြပြီးဖြစ်စေ၊ အမှတ်တံဆိပ်မပါရှိဘဲဖြစ်စေ၊ ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်းတစ်ခုခု၏ အမှတ်တံဆိပ် ဖော်ပြထားသော အခြားကုန်ပစ္စည်းတစ်ခုခုကိုဖြစ်စေ၊ ဆေးလိပ်ပုံသဏ္ဌာန် ကစားစရာပစ္စည်း၊ အစားအသောက်ပစ္စည်း သို့မဟုတ် အသုံးအဆောင်ကိုဖြစ်စေ ထုတ်လုပ်ခြင်း၊ ဖြန့်ဖြူးခြင်း၊ ရောင်းချခြင်း မပြုရပါ။

ကျောင်းပရဝုဏ်အတွင်းနှင့် ကျောင်းပရဝုဏ်မှ ပေ ၁၀၀ အတွင်း ဆေးလိပ်ရောင်းခြင်း မပြုရပါ။ ကုန်ပစ္စည်းတစ်မျိုးကို ရောင်းချရာတွင် ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်းကို သို့မဟုတ် ဆေးလိပ်နှင့် ဆေးလိပ်ကြီးထွက်ပစ္စည်းရောင်းရာတွင် အခြားကုန်ပစ္စည်းတစ်မျိုးကို ထပ်ဆောင်းပေးခြင်း၊ လက်ဆောင်ပေးခြင်း၊ တွဲဖက်ပေးခြင်း၊ ဆေးလိပ်ကို ပစ္စည်းရောင်းစက်ဖြင့် ရောင်းခြင်း၊ အသက် ၁၈ နှစ် မပြည့်သေးသူအား ရောင်းခြင်း၊ ပေးကမ်းခြင်း၊ ၁၈ နှစ်မပြည့်သေးသူကို ဆေးလိပ်ဖြန့်ဖြူး ရောင်းချရာတွင်ခိုင်းစေခြင်း၊ ၁၈ နှစ်မပြည့်သေးသူထံမှ ပစ္စည်းကို ဆေးလိပ်နှင့်လဲလှယ်ခြင်း၊ ဆေးလိပ်သောက်ခွင့်မရှိသောနေရာ သို့မဟုတ် ဆေးလိပ်သောက်ခွင့်ရှိသော သီးသန့်နေရာဖြစ်ကြောင်း ဖော်ညွှန်းထားသည့် စာတန်းနှင့် အမှတ်အသားများကို ဖျက်ဆီးခြင်းမပြုရပါ။

စီးကရက်ကို တစ်လိပ်ချင်းဖြစ်စေ၊ အလိပ် ၂၀ ထက်နည်းသော အထုပ်ဖြင့်ဖြစ်စေ ရောင်းခြင်းမပြုရပါ။ ဆေးလိပ်သောက်ခြင်းကြောင့် ကျန်းမာရေးကို ဆိုးရွားစွာ ထိခိုက်စေနိုင်ကြောင်း သတိပေး စာတန်းနှင့် ၁၈ နှစ်မပြည့်သေးသူကို ဆေးလိပ်ရောင်းခြင်းမပြုကြောင်း အသိပေးစာတန်းကို ဆေးလိပ်ရောင်းသည့်နေရာတွင် မြင်သာစွာ ဖော်ပြထားရှိရန် ပျက်ကွက်ခြင်းမပြုရပါ။

မည်သူမဆို ဖော်ပြပါတားမြစ်ထားချက်တစ်ရပ်ရပ်ကို ကျူးလွန်ဖောက်ဖျက်ခဲ့သော် ဖောက်ဖျက်ကျူးလွန်ခဲ့သည့် ပြစ်မှုအပေါ်အခြေခံ၍ သတ်မှတ်ထားသော ငွေဒဏ်ဖြစ်စေ၊ ထောင်ဒဏ်ဖြစ်စေ၊ ငွေ ဒဏ်နှင့် ထောင်ဒဏ် နှစ်ရပ်လုံးဖြစ်စေ ချမှတ်ခြင်းခံရပါမည်။

## ဆေးလိပ်နှင့် ပညာရှင်များအမြင်

ပါမောက္ခ ဒေါက်တာမောင်က သူ၏ 'ဆေးလိပ်ဖြတ်ကြစို့' ဟူသောဆောင်းပါးတွင် 'ဆေးလိပ်ဟု ခေါ်ဆိုခြင်းမှာ မှားယွင်းနေကြောင်း၊ လက်ညှိုးလုံးအရွယ်ရှိသော အတောင့်ငယ်ကလေးတွင် မည်သည့်ဆေးဝါးမျှမပါရှိကြောင်း၊ ပြင်းထန်သောအဆိပ်များကိုသာ လိပ်ထားခြင်းဖြစ်ကြောင်း၊ အဆိပ်လိပ်ဟု ခေါ်တွင်သင့်ကြောင်း၊ မြွေတစ်ကောင်၏အဆိပ်သည် ခေါင်းဘက်တွင်သာရှိကြောင်း၊ ဆေးလိပ်တစ်လိပ်သည်ရှူသွင်းသောအရင်းဘက်တွင် အဆိပ်ရှိနေသကဲ့သို့ အငွေ့များထုတ်လွှင့်နေသော အဖျားဘက်သည်လည်း အဆိပ်များကိုထုတ်ပေးကြောင်း၊ ဆေးလိပ်ငွေ့ကိုရှူမိသော အနီးအနားရှိသူများသည် ဆေးလိပ်သောက်နေသကဲ့သို့ အဆိပ်ငွေ့သင့်ကြရကြောင်း၊ အမြီးရောခေါင်းပါ အဆိပ်ရှိသောမြွေတစ်ကောင်နှင့်တူလှကြောင်း' ရေးသားထားသည်မှာ အထူးမှတ်သားဖွယ်ရာဖြစ်သည်။

စာမျက်နှာ ၁၈ သို့ ❐

## မန္တလေးတွင် လူသစ်တန်း ကာယဗလမောင်ပြိုင်ပွဲ ကျင်းပမည်

**မန္တလေး ဖေဖော်ဝါရီ ၂၁**

မန္တလေးတိုင်းဒေသကြီး လူသစ်တန်း ကာယဗလမောင်ပြိုင်ပွဲကို မတ် ၃၁ ရက်တွင်ဗထူးအားကစားခန်းမ၌ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

လူသစ်တန်း ကာယဗလမောင်ပြိုင်ပွဲ၌ ပထမရရှိထားသူများ၊ ရွှေမန်းမောင်ပြိုင်ပွဲတွင်ပထမ၊ ဒုတိယနှင့် တတိယဆုရရှိထားသူများ၊ ပြည်နယ်နှင့်တိုင်းဒေသကြီး ကာယဗလအားကစားပြိုင်ပွဲတွင် ဆုရရှိခဲ့သူများ ပါဝင်ယှဉ်ပြိုင်ခွင့်ပြုမည်မဟုတ်ကြောင်း၊ ပြိုင်ပွဲဝင်အားကစားသမားများသည် မန္တလေးတိုင်းဒေသကြီးတွင် နေထိုင်သူများဖြစ်ရမည်ဖြစ်ပြီး မန္တလေးတွင် ကျောင်းတက်နေသူများနှင့် အလုပ်လုပ်ကိုင်နေသူများဖြစ်ပါက သက်ဆိုင်ရာမှ နေထိုင်ကြောင်းထောက်ခံစာ တင်ပြရမည်ဖြစ်သည်။

ပြိုင်ပွဲတွင်ပါဝင်လိုသူများအနေဖြင့် မတ် ၂၈ ရက် နောက်ဆုံးထား၍ ဗထူးအားကစားခန်းမအနီးရှိ ကာယဗလ၊ ကာယကြံ့ခိုင်မှုလေ့ကျင့်ရေးခန်းမ၌ ခါးနံပါတ်များ ကိုယ်တိုင်ကိုယ်ကျ ထုတ်ယူရမည်ဖြစ်ကြောင်း သိရသည်။

**တင်မောင်(မန်းကိုယ်ပွား)**



ဖေဖော်ဝါရီ ၁၆ ရက်က လှိုင်မြို့နယ် အမှတ် ၁၃ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးတွင် ရပ်ကွက်တွင်းနေထိုင်သူများအား မူခင်းဖြစ်ပွားမှုလျော့နည်းရေးအတွက် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးသန်းဌေးက မှုခင်းအသိပညာပေးဆွေးနွေးဟောပြောစဉ်။ ကိုရဲ



ရန်ကုန်မြို့ ကမာရွတ်မြို့နယ် အမှတ် (၇) ရပ်ကွက် ကျွန်းတောလမ်း Junction Square တွင် ကမာရွတ်မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးသိန်းဟန်၊ ဒုရဲမှူး မျိုးဦးနှင့် တာဝန်ရှိသူများသည် မှုခင်းပြခန်းယာဉ်ဖြင့် ပြည်သူ ၁၅၀ ခန့်အား မှုခင်းအသိပညာပေးဟောပြောခဲ့ပြီး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြသည်။ မြင့်မောင်

## အနုပညာသတင်း

### အကယ်ဒမီပွဲဆိုတာ အနုပညာလောကရဲ့အကြီးမားဆုံးပွဲကြီးဖြစ်တဲ့အတွက် ဂုဏ်ယူပြီးပွဲတက်မယ်လို့ဆိုလာတဲ့ အကယ်ဒမီအိန္ဒြာကျော်ဇင်



အကယ်ဒမီ အိန္ဒြာကျော်ဇင်ဟာ လတ်တလောအနုပညာလုပ်ငန်းတွေ ဆက်လက်လုပ်ကိုင်လျက်ရှိပြီး ဖိတ်ကြားထားတဲ့ပွဲတွေတက်ရောက်ဖြစ်ခဲ့ကြောင်း သိရပါတယ်။ အိန္ဒြာကျော်ဇင်နဲ့တွေ့ဆုံခိုက် အကယ်ဒမီပွဲ နဲ့ပတ်သက်ပြီး သူက ခုလိုလည်းပြောပါတယ်။

" အကယ်ဒမီပေးပွဲဆိုတာကတော့ အနုပညာလောကရဲ့အကြီးမားဆုံးပွဲကြီးပါ။ အစ်မတို့က ဂုဏ်ယူပြီး ရတဲ့သူတွေကိုအားပေးဖို့တက်မှာပါ။ အကယ်ဒမီကတော့ မခန့်မှန်းတတ်တာတော့ မဟုတ်ဘူး။ အူဝဲတို့ ခန့်မှန်းပြီးတော့လည်း ကိုယ်ပြောတဲ့အတိုင်းမဖြစ်ရင်မကောင်းဘူးလေ။ ဇာတ်ကားကောင်းတွေ ဒီနှစ်အများကြီးပါတယ်။ သရုပ်ဆောင်တွေလည်းအများကြီးပေါ့။ အကုန်လုံး သူ့ကဏ္ဍအလိုက် တော်တဲ့သူတွေအားလုံးရကြပါစေလို့" ပြောပါတယ်။

အကယ်ဒမီအိန္ဒြာကျော်ဇင်သည် မြန်မာပြည်၏ နယ်ပယ်စုံမှထူးချွန်သူများဖြစ်သည့် ကမ္ဘာကလေးစားရသည့်မြန်မာပြည်ဖွားများအား ရွေးချယ်ဆုချီးမြှင့်သော "Pride Of Myanmar 2018 " ဆုပေးပွဲတွင် ဖျော်ဖြေရေးကဏ္ဍဖြင့် လတ်တလောဆုရှိထားကြောင်း သိရသည်။

**ချောမိမိမုန်း**

### ပထမဆုံးတက်မယ့် အကယ်ဒမီပွဲမို့ ကျက်သရေရှိရှိနဲ့ထူးထူးဆန်းဆန်းလေးတက်ချင်တဲ့ နေခြည်ဦး



လူမှုကွန်ရက်စာမျက်နှာများတွင် မိတ်ကပ်ဘလော့ကာတစ်ယောက်အဖြစ် အမျိုးသမီးထုကြီးတစ်ခုလုံးကို ဆွဲဆောင်နိုင်သူ နေခြည်ဦးကတော့ လက်တလောအနုပညာလုပ်ငန်းတွေ ဆက်လက်လုပ်ကိုင်နေကြောင်း သိရပါတယ်။

သူ့ရဲ့ပထမဆုံးဇာတ်ကားဖြစ်တဲ့ "ရန်သူ " ရုပ်ရှင်ကားဟာလည်း ပရိသတ်တွေအားပေးလက်ခံမှုရရှိခဲ့တာကြောင့် ပရိုဂျူဆာတွေ၊ ဒါရိုက်တာတွေနဲ့အတူ သရုပ်ဆောင်တဲ့ မင်းသား၊ မင်းသမီးတွေကိုလည်း ကျေးဇူးအထူးတင်ကြောင်း နေခြည်ဦးက ပြောကြားခဲ့ပါတယ်။

အကယ်ဒမီပွဲနဲ့ ပတ်သက်ပြီး နေခြည်ဦးက "အကယ်ဒမီဆိုတာတီဗွီကပဲ အိမ်ကဆွေမျိုးတွေနဲ့အတူ ကြည့်ခဲ့ရတဲ့ပွဲကို အခု ကိုယ်တိုင်တက်ရတော့မယ်ဆိုတော့ ကိုယ့်ဆွေမျိုးတွေကလည်း ရင်ခုန်ပါတယ်၊ ပထမဆုံးတက်ရမယ့်ပွဲလေးဖြစ်တဲ့တွက် ကျက်သရေရှိရှိလေးလည်းတက်ချင်တယ်၊ ထူးထူးဆန်းဆန်းလေးလည်းတက်ချင်တယ်ဆိုတော့ တော်တော်ခေါင်းစားပြီးပြင်ဆင်နေရတယ်"လို့ ဆိုပါတယ်။

ယခုနှစ်တွင် အကယ်ဒမီမှန်းနိုင်တဲ့ရုပ်ရှင်ဇာတ်ကားကောင်းများ အများကြီးဖြစ်တဲ့အတွက် ထူးချွန်ဆုရတဲ့ အနုပညာညီအစ်ကိုမောင်နှမတွေကို အားပေးဖို့တက်မှာဖြစ်တယ်လို့ သူကဆိုပါတယ်။

နေခြည်ဦးဟာ မေလမတိုင်ခင် ရုပ်ရှင်ကားနှစ်ကား ဆက်လက်ရိုက်ကူးသွားဖို့ရှိပြီး အရင်ကားတွေနဲ့မတူတဲ့ဇာတ်ရုပ်နဲ့ အခွင့်အရေးရတုန်း ကြိုးစားသွားမှာဖြစ်တယ်လို့ သိရပါတယ်။

### ရုပ်ရှင်သစ်အတွက် ဆွေးနွေးနေတဲ့ ဆောင်းဆန်ဟွန်း

တောင်ကိုရီးယားရဲ့နာမည်ကျော်မင်းသားတစ်ဦးဖြစ်တဲ့ ဆောင်းဆန်ဟွန်းရဲ့ရုပ်ရှင်သစ်ကို ကြည့်ရှုရဖို့ရာ ပိုမိုနီးကပ်လာခဲ့ပြီဖြစ်ပါတယ်။ မင်းသားဟာ လတ်တလောမှာတော့ ရုပ်သံဇာတ်လမ်းတွဲရုပ်ရှင်သစ်တစ်ကားကို လက်ခံရိုက်ကူးပေးဖို့ရာ ဆွေးနွေးနေကြောင်း စွန်ပီဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

ဒီအကြောင်းတွေကိုတော့ မင်းသားရဲ့ ဖျော်ဖြေရေးအေဂျင်စီက ပြီးခဲ့တဲ့ ဖေဖော်ဝါရီ ၁၉ ရက်မှာ ထုတ်ဖော်ပြောကြားခဲ့တာ ဖြစ်ပါတယ်။ ဆောင်းဆန်ဟွန်းဟာ tv N ရုပ်သံလိုင်းမှ ရိုက်ကူးထုတ်လွှင့်သွားမယ့် ဇာတ်လမ်းတွဲမှာ ပါဝင်သွားဖို့ရာ ကမ်းလှမ်းခံထားရပြီး ဆွေးနွေးမှုတွေ ပြုလုပ်နေပြီဖြစ်တယ်လို့ သိရပါတယ်။ ဒီဇာတ်လမ်းတွဲကိုတော့ " The Great Show" လို့ ယာယီအမည်ပေးထားကြောင်းလည်း သိရပါတယ်။

ဒီဇာတ်လမ်းတွဲဟာ နိုင်ငံရေးလောကအကြောင်း ပုံဖော်သွားမယ့် ဇာတ်လမ်းမျိုးဖြစ်ပြီး လက်ခံရိုက်ကူးဖြစ်ပါက ဒီရုပ်ရှင်မှာ ဆောင်းဆန်ဟွန်းကို ငယ်ရွယ်တဲ့ နိုင်ငံရေးသမားတစ်ဦးအဖြစ် တွေ့မြင်ရမှာလည်း ဖြစ်ပါတယ်။ **အေးပြည့်**

## ဆေးလိပ်၊ ဆေးရွက်ကြီးနှင့် ဥပဒေ

စာမျက်နှာ (၁၇) မှ

**ဆေးလိပ်ဖြတ်ရန်မခက်ပါ**

"ဆေးလိပ်ဖြတ်ရတာလွယ်ပါတယ်။ ကျွန်တော်ဆို အခါတစ်ရာလောက်ဖြတ်ပြီးပြီ" ဟု မာ့ခ်တွိန်းက ဆေးလိပ်ဖြတ်ရခက်ပုံကို သရော်ပြီး ပြောခဲ့ဖူးသည်။ အမေရိကန်နိုင်ငံ ဟားဗတ်တက္ကသိုလ်၏ စိတ်ပညာပါမောက္ခ Dr. Walter Mischel ၏ ၎င်းဆေးလိပ်ပြတ်သွားပုံကို ပါမောက္ခဒေါက်တာမောင်က သူ၏ဆောင်းပါးတွင် ဤသို့ ရေးသားဖော်ပြခဲ့သည်။

သူသည် နေ့စဉ် စီးကရက်သုံးဘူးအပြင် ဆေးတံကိုပါ သောက်သုံးနေသူဖြစ်သည်။ တစ်နေ့တွင် ဆေးရုံတစ်ခု၏ ခုတင်ပေါ်၌ လူနာတစ်ဦးအား အမှတ်မထင် သတိပြုမိလိုက်သည်။ ထိုလူနာသည် ဦးခေါင်းဆံပင်ကို ပြောင်စင်အောင်ရိတ်ထားပြီး ကိုယ်ပေါ်တွင် အစိမ်းရောင်ကြက်ခြေခတ်အမှတ်အသားများ မှတ်သားထားသည်။ အဆုတ်ကင်ဆာကြောင့် ဓာတ်ရောင်ခြည်ပေးရန် မှတ်သားထားခြင်းဖြစ်သည်။ ညှိုးငယ်သောမျက်နှာနှင့် ဘဝ၏နောက်ဆုံးအချိန်ကို စောင့်ဆိုင်းနေသော ထိုလူနာ၏ ပုံရိပ်သည် သူ၏စိတ်ထဲတွင်စွဲမြဲသွားသည်။ Dr. Mischel သည် ဆေးလိပ်သောက်ခြင်းနှင့်ပတ်သက်သမျှကို သိရှိရန် လေ့လာတော့သည်။ မကြာမီ သူဆေးလိပ်ပြတ်သွားတော့သည်။ သူ၏အတွေ့အကြုံကို ပြန်လည်ပြောပြစဉ် Dr. Mischel သည် ဆေးလိပ်သောက်လိုသော ဆန္ဒဖြစ်ပေါ်လာလျှင် အသိတရားနှင့် တွဲဖက်ထားသော ထိုလူနာ၏ပုံရိပ်ဖြင့် အစားထိုးလိုက်ခြင်းဖြင့် ဖျောက်ဖျက်ပစ်နိုင်ကြောင်း ပြောပြသည်။

**ဥပဒေနှင့်အညီ ထိရောက်စွာထိန်းချုပ်ကြပါ၊ အသိပညာလည်းပေးကြပါ**

ဆေးလိပ်နှင့်ဆေးရွက်ကြီးထွက်ပစ္စည်း သောက်သုံးမှုထိန်းချုပ်ရေးဥပဒေသည် သောက်သုံးမှုကို ထိန်းချုပ်ရန် အဓိကဦးတည်သည်။ ဥပဒေအရ သောက်သုံးသူများလိုက်နာရန် သောက်သုံးမှုနှင့်ဆိုင်သည့် တားမြစ်ချက်များ ပြဋ္ဌာန်းထားသကဲ့သို့ ထုတ်လုပ်ခြင်း၊ ဖြန့်ဖြူးရောင်းချခြင်းများနှင့် စပ်လျဉ်း၍လည်း တားမြစ်ချက်နှင့် ပြစ်ဒဏ်များ သတ်မှတ်ပြဋ္ဌာန်းထားသည်။ ဤတွင် သောက်သုံးသူကိုသာမက ဥပဒေအတိုင်း လိုက်နာခြင်းမရှိသည့် ထုတ်လုပ်သူနှင့် လက်လီလက်ကား ဖြန့်ဖြူးရောင်းချသူများကိုပါ ဥပဒေနှင့်အညီ ထိန်းချုပ်အရေးယူရန်လိုအပ်သည်။ လက်တွေ့မြင်တွေ့နေရမှုများအရ အားနည်းနေသေးသည်။

မြန်မာနိုင်ငံတွင် တောရော မြို့ပါ ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်းကို စွဲစွဲလမ်းလမ်း သောက်သုံးနေကြသည်။ ငွေကြေးကုန်ကျမှုနှင့် ကျန်းမာရေးထိခိုက်ကြောင်း အမှတ်မထား၊ သတိမမူနိုင်သူများလည်း ရှိနေသေးသည်။ သိပင်သိသော်လည်း မဆင်ခြင်နိုင်ကြ။ သိရှိနားလည် လက်ခံဆင်ခြင်နိုင်အောင် ရှုထောင့်ပေါင်းစုံမှ ယခုထက်ပို၍ ကျယ်ကျယ်ပြန့်ပြန့် ထိထိရောက်ရောက် အသိပညာပေးရန် လိုအပ်သည်။

**ဆေးလိပ်ပြတ်အောင်ဖြတ်ကြမယ်**

မည်သို့ဆိုစေ ဆေးလိပ်သောက်ခြင်း၊ မသောက်ခြင်း၊ ဆေးလိပ်ဖြတ်ခြင်း၊ မဖြတ်ခြင်းသည် မိမိတို့တစ်ဦးချင်းစီပေါ်တွင် မူတည်သည်။ အများစုက ဆေးလိပ်သောက်ခြင်းသည် မကောင်းမှန်းသိပါ၏။ ကျန်းမာရေးကိုထိခိုက်စေသည်ကိုလည်း သိနေ၏။ သို့သော် ပြတ်အောင်မဖြတ်နိုင်၊ သောက်မြဲသောက်နေသည်။ စိတ်၏ချင်ခြင်းနှင့် အကျင့်ကိုပြင်နိုင်ရန်၊ ဖြတ်နိုင်ရန် ခက်ခဲကြသည်။ စင်စစ်တွင် ဆေးလိပ်သောက်ခြင်းသည် ရုပ်ခန္ဓာ၏တောင်းဆိုမှုထက် စိတ်၏ဆန္ဒအလိုသာဖြစ်သည်။ လူတစ်ဦးချင်းအနေဖြင့်မူ ရုပ်ပိုင်းဆိုင်ရာထက် စိတ်ကိုထိန်းချုပ်ရန်သာ အဓိကဖြစ်သည်။

ငွေကြေးနှင့် ကျန်းမာရေးထိခိုက်စေပြီး မည်သို့မျှ အကျိုးမရှိသော ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်းများသောက်သုံးမှုကို ထိန်းချုပ်ရန် အရင်းခံပဓာနမှာ သောက်သုံးသူတစ်ဦးချင်းစီက မိမိတို့၏ စိတ်ကို ပိုင်နိုင်စွာ ထိန်းချုပ်ကြရမည် ဖြစ်ကြောင်းပါ။

"ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်းများ သောက်သုံးခြင်းကင်းဝေး၍ ပြည်သူတို့၏ ကျန်းမာရေး၊ စီးပွားရေးနှင့် လူမှုရေးအဆင့်အတန်း မြင့်မားလာကြပါစေ"

"ဆေးလိပ်ငွေ့ကင်းစင်သည့် ပတ်ဝန်းကျင်ကိုဖန်တီးခြင်းဖြင့် ကျန်းမာရေးကိုထိခိုက်စေသည့် အန္တရာယ်မှ ကာကွယ်နိုင်ကြပါစေ"

"ဥပဒေနှင့်အညီ ထိရောက်စွာထိန်းချုပ်ခြင်းဖြင့် ဥပဒေပါရည်ရွယ်ချက်များကို ပြည့်ဝအောင် အကောင်အထည်ဖော် ဆောင်ရွက်နိုင်ကြပါစေ"





# ကြေးမုံစာအုပ်စင် စာအုပ်အမြင်

မော်ကွန်း

ကြေးမုံစာအုပ်စင် စာအုပ်အမြင်ကဏ္ဍတွင် စာအုပ်ထုတ်ဝေသူများ၊ စာအုပ်ဖြန့်ချိသူများ၊စာရေးဆရာများ၏ ထုတ်ဝေသော စာအုပ်များကို စာဖတ်ပရိသတ်များ ကျယ်ကျယ်ပြန့်ပြန့်သိရှိလေ့လာဖတ်ရှုနိုင်ရန်အတွက် စုစည်းဖော်ပြပေးလိုက်ပါသည်။ (စာတည်း)

## ကိုလိုနီခေတ် မြန်မာ့ရုပ်ရှင်သူရဲကောင်း ပဲရော့ ဦးဆန်နီ (၁၈၉၈-၁၉၅၆)




အလင်းဆက် (IR)စီစဉ်ရေးသားသည့် ကိုလိုနီခေတ် မြန်မာ့ရုပ်ရှင်သူရဲကောင်း ပဲရော့ ဦးဆန်နီ (၁၈၉၈-၁၉၅၆) စာအုပ်ထွက်ရှိလာသည်။

အဆိုပါစာအုပ်သည် မြန်မာ့ရုပ်ရှင်သမိုင်းထဲတွင် ထူးခြားစွာပါဝင်သော ပဲရော့ဦးဆန်နီအကြောင်း၊ ပဲရော့ဦးဆန်နီ၏ ရုပ်ရှင်ဇာတ်ကားများ အကြောင်း၊ ပဲရော့ဦးဆန်နီ၏စာပေအကျိုးဆောင်ရွက်မှုအကြောင်း စသည်တို့ကို ပြည့်စုံစွာဖော်ပြထားသည်။ ဗြိတိသျှခေတ်၊ ဂျပန်ခေတ် ကာလတစ်လျှောက် မြန်မာ့ရုပ်ရှင်ပညာရှင်များ၊ တေးပြုစာဆိုများ၊ စာရေးဆရာကြီးများ၏အနုပညာဖြင့်တိုက်ပွဲဝင်ခဲ့သော အကြောင်းအရာများကို ရေးသားထားသည်။

**စာအုပ်ကို - ဂျာနယ်လစ်စာပေ၊ အမှတ်-၃၅၊ အာသာဝတီလမ်း၊ (၄၀) ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်၊ ရန်ကုန်မြို့ ဖုန်း-၀၉ ၂၆၁၇၇၈၆၀၇ မှ တန်ဖိုးငွေကျပ် ၅၅၀၀ ဖြင့် ဖြန့်ချိသည်။**

## ဆရာဝန်ကတော်၏ မှတ်တမ်းများ





စာရေးသူစိမ်းမြမြ စီစဉ်ရေးသားသည့် ဆရာဝန်ကတော်၏မှတ်တမ်းများ စာအုပ် ထွက်ရှိလာသည်။

အဆိုပါစာအုပ်တွင် ပခုက္ကူမြို့ကိုအခြေခံပြီး မြို့ကလေး၏ သဘာဝ ဓလေ့၊ စရိုက်၊ ပူဆွေးမှု၊ ဝမ်းနည်းမှု၊ ဘေးဒုက္ခကျရောက်မှု၊ ထင်ရှားသည့် စာပေ၊ ဂီတအနုပညာရှင်များ၊ ပွဲတော်မျိုးစုံနှင့် ပခုက္ကူမြို့၏ ပုံရိပ်များကို ရေးသားထားသည်။ ဆရာဝန်ကတော်ဆိုသည်ကား ပညတ်ချက်တစ်ခုသာ ဖြစ်သည်။ လူထဲကလူ၊ မိန်းမထဲကမိန်းမ၏ မှတ်တမ်းများသာဖြစ်ပြီး ကမ္ဘာမကျော်၊ နိုင်ငံမကျော်သည့် စာရေးဆရာမတစ်ယောက်၏ နှလုံးသားတွင် ရေးမှတ်ထားသည့် သင်္ကေတများစွာ၊ အမှတ်တရများစွာ၊ မှတ်တိုင်များစွာကို ခြုံငုံ၍ ဖော်ပြထားခြင်းဖြစ်သည်။

**စာအုပ်ကို- ရှင်မတောင်စာပေ၊ အမှတ်- ၂၉၆၊ ၁ / အနော်မာ(၇)လမ်း၊ သာကေတ မြို့နယ်၊ ရန်ကုန်မြို့ ဖုန်း-၀၉ ၇၉၈၁၈၉၁၄၈ မှ တန်ဖိုးငွေကျပ် ၅၀၀၀ ဖြင့် ဖြန့်ချိသည်။**

## ဇူလိုင်မိုး "ဟင်းလင်းပြင်ထဲ"




ကဗျာစာပေ ဖတ်ရှုလိုသူများအတွက် စာရေးသူ အေးအမ်တီ စီစဉ်ရေးသားသည့် ဇူလိုင်မိုး ဟင်းလင်းပြင်ထဲကဗျာများစာအုပ် ထွက်ရှိလာသည်။

ကမ္ဘာ့လိပ်များသည် မွေးဖွားကြီးပြင်းခဲ့သည့်နေရာနှင့် မိုင်ထောင်ချီ ဝေးကွာသည့် ပင်လယ်ရပ်ခြားနေရာများတွင် ကျင်လည်ကျက်စားကြ သော်လည်း သူတို့ ဘယ်လောက်ဝေးကွာသည့်နေရာကိုရောက်ရောက် မွေးဖွားရာကိုပြန်လာကြသည်။ ထိုနည်းတူ migratory ငှက်များသည်လည်း သူတို့ကျက်စားရာ မိုင်ထောင်ချီဝေးကွာသည့်နေရာကနေ သူတို့မွေးဖွားရာ အရပ်ကို မှတ်မိ၍ ပြန်လာကြသည်။ စာရေးသူသည် ဆောင်းအခါ ရေခဲ သည့် မစ္စစီပီဖြစ်ဖျားတွင် နေထိုင်ရင်း ပင်လယ်သမုဒ္ဒရာများခြားထား သည့် ဧရာဝတီ၊ ချင်းတွင်း၊ သံလွင်၊ စစ်တောင်း စသည့်မြစ်ကြီးလေးသွယ်ကို အမြဲသတိရနေသည့် migratry ငှက်လား၊ ကမ္ဘာ့လိပ်လား မကွဲပြားသည့်သူ တစ်ယောက် ဖြစ်မှန်းမသိဖြစ်ခဲ့ရကြောင်း ခံစားချက်ကို ရေးစပ်ထားသည်။

**စာအုပ်ကို - ဆိပ်ကမ်းသာစာပေ၊ ဆိုင်အမှတ်-၁၃၊ ၃၈-လမ်းပလာဇာဈေးသစ်ကြီး၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့ ဖုန်း-၀၉ ၇၈၆၈၃၇၃၀၅ မှ တန်ဖိုးငွေကျပ် ၃၀၀၀ ဖြင့် ဖြန့်ချိသည်။**

## ပန်းလှေပေါ်က ဆည်းဆာအလှ




ရဲမှိုင်း(စစ်ကိုင်း) စီစဉ်ရေးသားသည့် ပန်းလှေပေါ်က ဆည်းဆာအလှ စာအုပ် ထွက်ရှိလာသည်။

အဆိုပါစာအုပ်တွင် စာရေးသူ မိမိကိုယ်မိမိ ဆန်းစစ်ဝေဖန်ထားသော အတ္တနောမတိကဗျာများ၊ သူ့မိသားစုနှင့် မိတ်ဆွေရောင်းရင်းများအကြောင်း ချစ်ခင်သတိရစွာဖြင့် ရေးဖွဲ့ထားသောကဗျာများ၊ စာရေးသူနေထိုင်သည့် မြန်မာ့ရေမြေသဘာဝအလှနှင့် မြန်မာ့ရိုးရာ အစဉ်အလာများကို ခံစားရေးဖွဲ့ထားသော ကဗျာများ၊ မြန်မာ့နိုင်ငံရေးနှင့်ပတ်သက်၍ စာရေးသူအားတက်ခဲ့ရသည်များ၊ အားမလိုအားမရ ဖြစ်ခဲ့ရသည်များနှင့် သူ၏ခံစားချက်များကို ကဗျာရေးဖွဲ့ထားသည်။

**စာအုပ်ကို - မျိုးဆက်သစ်စာပေ၊ ဖုန်း-၀၉ ၄၂၀၀၈၃၆၈၈ မှ တန်ဖိုးငွေကျပ် ၂၅၀၀ ဖြင့် ဖြန့်ချိသည်။**

## မွှေးသောရနံ့တို့ဖြင့်သာ




ထက်လင်းအောင်စီစဉ်ရေးသားသည့် မွှေးသောရနံ့တို့ဖြင့်သာ စာအုပ် ထွက်ရှိလာသည်။

အဆိုပါစာအုပ်တွင် ပတ်ဝန်းကျင်သည် သတ္တဝါများရှင်သန်ကြီးထွားနေ ထိုင်နိုင်ရန် အလွန်အရေးကြီးသည်။ လူ့လောကတွင် အကောင်းနှင့် အဆိုး နှစ်ခုစလုံး ဖြစ်တတ်ပေမယ့် အားသာသည်က ဆိုးသည့်ဘက်ဖြစ်ပြီး ဘုရားရိပ်၊ တရားရိပ်ဝန်းကျင်တွင် နေထိုင်သော်လည်း သူတော်ကောင်းသူမြတ်လောင်း ဖြစ်နိုင်ခြေ အလွန်နည်းပါးလေသည်။ အရက်ဆိုင်၊ လောင်းကစား၊ သောက် စားပျော်ပါးသည့် ဝန်းကျင်တွင် နေထိုင်သည်က ပျက်စီးဖို့လမ်းစ လွန်စွာ များပြားသည်။ စိတ်သည် မကောင်းမှု၌ မွေ့လျော်တတ်သည်ကို ဗုဒ္ဓက မိန့်ကြားထားကြောင်း အဆိုပါစာအုပ်တွင် ရေးသားထားသည်။

**စာအုပ်ကို - ဂျာနယ်လစ်စာပေ၊ အမှတ်-၃၅၊ အာသာဝတီလမ်း၊ ၄၀-ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်၊ ရန်ကုန်မြို့ ဖုန်း- ၀၉ ၂၆၁၇၇၈၆၀၇ မှ တန်ဖိုးငွေကျပ် ၂၃၀၀ ဖြင့် ဖြန့်ချိသည်။**

## ကြောင်ကလေးများနှင့် မမြီးတို





ယဉ်ယဉ်(အနာဂတ်အလင်းသစ်) စီစဉ်ရေးသားသည့် ကြောင်ကလေးများ နှင့် မမြီးတိုစာအုပ် ထွက်ရှိလာသည်။

ယခုအခါ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် ကလေးစာပေ ပွဲတော်များကို ကျင်းပလျက်ရှိရာ ကလေးသူငယ်များ စာပေဖတ်ရှုလေ့လာ ခြင်းဖြင့် အသိဉာဏ်၊ ဗဟုသုတများတိုးပွားလာပြီး ယဉ်ကျေးလိမ္မာလာ မည်ဖြစ်သည်။ ဘယ်လိုအချိန်ပဲဖြစ်ဖြစ် သူတစ်ပါးဒုက္ခရောက်နေပါက ကူညီပေးနိုင်ရန်နှင့် သူတစ်ပါးဆီက အကူအညီယူခဲ့ပြီးပါကလည်း ပြန်လည် ကျေးဇူးသိတတ်စေရန် တစ်ဦးမေတ္တာတစ်ဦးမှာ ဆိုသည့်စကားကဲ့သို့ ကလေးသူငယ်များ အဆိုပါစာအုပ်ကိုဖတ်ရှုခြင်းဖြင့် သူတစ်ပါးကို ကူညီ ရိုင်းပင်းခြင်း၊ ကြင်နာတတ်သည့်စိတ်ထားများရှိခြင်း၊ ယဉ်ကျေးလိမ္မာသူများ ဖြစ်လာစေရန် ရည်ရွယ်၍ ရေးသားထားသည်။

**စာအုပ်ကို - ပြေဦးစာပေ၊ တိုက်-၁၂၊ အခန်း-၆၄၊ ပြည်ရိပ်မွန် (၆)ရပ်ကွက်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့ ဖုန်း-၀၉ ၇၃၀၆၀၂၆၉ နှင့် ၀၉ ၇၇၀၈၅၀၄၆၄ တို့မှ တန်ဖိုးငွေကျပ် ၁၅၀၀ ဖြင့် ဖြန့်ချိသည်။**

## နိုင်ငံတကာ IQ Tests ဉာဏ်စမ်းပုစ္ဆာများ





ကျောင်းသား ကျောင်းသူများ လေ့လာနိုင်စေရန် အောင်နိုင်သူအယ်ဒီတာ အဖွဲ့ကစီစဉ်သည့် နိုင်ငံတကာ IQ Tests ဉာဏ်စမ်းပုစ္ဆာများစာအုပ် ထွက်ရှိလာသည်။

အဆိုပါစာအုပ်သည် ကျောင်းသား ကျောင်းသူများ၏ ဉာဏ်ရည် ဉာဏ်သွေးမြင့်တက်စေမည့် စာအုပ်တစ်အုပ်ဖြစ်သည်။ ဂဏန်းသင်္ချာ ဉာဏ်စမ်းရှိ မေးခွန်းများကို လေ့ကျင့်ခြင်းဖြင့် ကျောင်းသား၊ ကျောင်းသူများ သင်္ချာစွမ်းရည်မြင့်မားလာစေခြင်း၊ ပုံဉာဏ်စမ်းများအခန်းတွင်လည်း ဖြတ်ထိုးဉာဏ်များကို အသုံးပြု၍ ဖြေရှင်းရသောကြောင့် လေ့ကျင့်သင့်သော မေးခွန်းများဖြစ်သည်။ ရူပဗေဒဆိုင်ရာ ဉာဏ်စမ်းတွင်လည်း ရူပဗေဒနှင့် သက်ဆိုင်သည့် အခြေခံသဘောတရားဆိုင်ရာ မေးခွန်းများကို ထည့်သွင်းပေး ထားသည်။ ဉာဏ်စမ်းပုစ္ဆာများ၏ အဖြေများကို စာအုပ်၏ နောက်တွင် ဖော်ပြထားသည်။ ထိုစာအုပ်ကိုလေ့လာခြင်းဖြင့် ဉာဏ်စမ်းပုစ္ဆာများကို ဖြေရှင်းရာတွင် ရှင်းလင်းလွယ်ကူစေမည်ဖြစ်သည်။

**စာအုပ်ကို - မဇ္ဈိမစာပေ၊ အမှတ်- ၂၃၇၊ ပထမထပ်-ဝဲ၊ ၃၉လမ်း၊ အပေါ်ဘလောက်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့ ဖုန်း-၀၁ ၈၃၉၂၈၃၅ နှင့် ၀၉ ၇၇၃၇၇၄၇၃၃ တို့မှ တန်ဖိုးငွေကျပ် ၃၀၀၀ ဖြင့် ဖြန့်ချိသည်။**

## Publisher 2016




ကွန်ပျူတာပညာ လေ့လာလိုက်စားလိုသူများအတွက် စာရေးသူ ဦးအောင်မြင့် (M.E., Australia) စီစဉ်ရေးသားသည့် Publisher 2016 စာအုပ် ထွက်ရှိလာသည်။

Publisher 2016 ကို Micorsoft ကနေ P22nd,Sep'2015မှာ release လုပ်ပါတယ်။Publisher ဟာ Word နဲ့ဆင်တူပေမယ့် သူက page layout နဲ့ design ကို အဓိကထားပါတယ်။ Word က စာရိုက်တာနဲ့ proof ဖတ်ဖို့အတွက်ပါ။ Publisher 2016 က stand alone program မဟုတ်ပါဘူး။ Office suit နဲ့ လိုက်လျော ညီထွေ အသုံးပြုလို့ရပါတယ်။ CMYcoor printing လည်း လုပ်နိုင်ပါတယ်။ Publisher 2016 ဟာ layout tool အနေနဲ့ လူကြိုက်များနေပါတယ်။ နောက်ပြီး business card ၊ greeting card၊ certificate၊ calendar၊ newsletters နဲ့ တခြား printed publication တွေကိုလည်း အဆင့်မြင့်မြင့် အလွယ်တကူ ဖန်တီးနိုင်ကြောင်း ဖော်ပြထားသည်။

**စာအုပ်ကို - အောင်မြင်စာပေ၊ အမှတ်(၇) သီတာလမ်း၊ ကျောက်မြောင်း၊ ရန်ကုန်မြို့ ဖုန်း- ၀၁ ၅၄၁၇၄၅ နှင့် ၀၁ ၅၅၂၁၀၃ တို့မှ တန်ဖိုးငွေကျပ် ၄၀၀၀ ဖြင့် ဖြန့်ချိသည်။**

Myanmar Imperial University

MIU

မြန်မာနိုင်ငံသားများ၏ အောင်မြင်မှုများအတွက်

# Myanmar Imperial University



တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီးသူများအတွက်

## BA(Hons:)

- Business & Management
- Marketing Management
- International Hospitality Management

စီးပွားရေးနယ်ပယ်တွင် ပိုမိုကောင်းမွန်သောအခွင့်အလမ်းများအတွက်

## MBA Master of Business Administration

သုတေသနပြုလုပ်ရာတွင် ထူးချွန်သူများအတွက်

## DBA Doctorate in Business Administration

ခေါင်းဆောင်မှုနှင့်စီမံခန့်ခွဲမှုအတွက်

## Diploma in Management & Leadership

Part time - 6 months Intensive Programme

# MIU ကိုဘာကြောင့်ရွေးချယ်သင့်တာလဲ ?

UON University of Northampton

Pearson

■ ACADEMIC EXCELLENCY

နိုင်ငံတကာမှ ကမ္ဘာကျော်တက္ကသိုလ်များ၏ ပညာရေးစနစ်အတိုင်း အကောင်းဆုံး Qualified Academic Resources များ Academic Reference Books များကိုအသုံးပြုပြီး အင်္ဂလန်နိုင်ငံ မှ Dr ဘွဲ့ရ Professors များ Lecturers များ အပြင် ပြည်တွင်းမှ နိုင်ငံတကာသင်ကြားမှုအတွေ့အကြုံရှိ Dr ဘွဲ့ ၊ PhD ဘွဲ့ နှင့် Master ဘွဲ့ရ ဆရာ ဆရာမကြီးများမှ Theory အပြင် လက်တွေ့ အသုံးချပညာရပ်များကိုပါ သင်ကြားပေးသွားမှာ ဖြစ်ပါတယ်။

■ KNOWLEDGE BASED/ WORK BASED ASSIGNMENT

ပြည်တွင်းမှ အအောင်မြင်ဆုံး စီးပွားရေးအဖွဲ့အစည်းများ ကုမ္ပဏီများ နိုင်ငံတကာ စီးပွားရေးနယ်ပယ်မှ အတွေ့အကြုံကောင်းများ ပိုင်ဆိုင်ထားသည့် စီးပွားရေးလုပ်ငန်းရှင်များ၏ ဝန်းရံမှုနှင့် အတူ Business and Leadership Seminar များ Workshop များကျင်းပကာ Real Life Experience များကို မြင်လည်စေမှာဖြစ်ပြီး သင်ကြားမှုပုံစံများကိုလည်း အသုံးပြုသင်ကြားပေးသွားမှာ ဖြစ်ပါတယ်။

■ CULTURE OF LEADERSHIP

၂၁ ရာစုမှာ ဦးဆောင်နိုင်စွမ်းဟာ ကဏ္ဍအသီးသီးမှာ အရေးပါလာခြင်းကြောင့် MIU မှ ကျောင်းသားလူငယ်များအား ကိုယ်ပိုင် စဉ်းစားတွေးခေါ်နိုင်စွမ်း ဦးဆောင်နိုင်စွမ်းနှင့် ပုဂ္ဂိုလ်ရေးဆုံးဖြတ်နိုင်စွမ်းတို့ကို မြှင့်တင်ပေးထားတဲ့ ပတ်ဝန်းကျင်ကောင်းတစ်ခုကို ဖန်တီးပေးသွားမှာဖြစ်ပါတယ်။

■ UNIVERSITY CAMPUS LIFE

UK မှတက္ကသိုလ်များ၏ Campus Facilities အတိုင်း နိုင်ငံတကာအဆင့် Theatre ခန်းမ Imperial Hall များအပါအဝင် အဆင့်မြင့် စာသင်ခန်း (၂၀) ကျော်၊ အားကစားပြိုင်ပွဲများအတွက် Sports Complex ၊ Imperial Fitness Center ၊ စာအုပ်ပေါင်း (၂၀၀၀) ကျော်ပါဝင်သည့် Imperial Library ၊ လွယ်ကူစွာစားသောက်အနားယူနိုင်ရန် Imperial Bistro တို့ဖြင့်ဖွဲ့စည်းထားသည့် နိုင်ငံတကာအဆင့် Campus Life ကို ပြည်တွင်းမှာတင် ရရှိနိုင်မှာပဲဖြစ်ပါတယ်။

■ CHANCE TO STUDY UK DIPLOMA, BACHELOR, MASTER AND DOCTORATE IN MYANMAR

လူငယ်များအတွက် နိုင်ငံခြားသို့ သွားရန်မလိုအပ်တော့ပဲ ပြည်တွင်းမြန်မာနိုင်ငံတွင်သာလေ့လာခွင့်ရနိုင်သော အင်္ဂလန်ပညာရေး ။

■ SENSE OF MYANMAR HERITAGE AND TRADITION

မြန်မာယဉ်ကျေးမှုအမွေအနှစ်များကို တန်ဖိုးထားပြီး မြန်မာမှု မြန်မာတန် မြန်မာအငွေ့အသက်များကို လူငယ်များမှ မြတ်နိုးတန်ဖိုးထားတတ်သော ယဉ်ကျေးမှုအမွေအနှစ်များထုံးစွဲနေသည့် ပတ်ဝန်းကျင်ကောင်းတစ်ခုဖြစ်အောင် MIU မှ ဖန်တီးပေးထားပါတယ်။

■ DREAM-BASED APPROACH

အနာဂတ်အိပ်မက်များကို အကောင်အထည်ဖော်ချင်သည့် လူငယ်များအတွက် စိတ်အားထက်သန်မှုနှင့် ယုံကြည်မှုများ အိပ်မက်များကို လုံးဆော်ပေးပြီး အနာဂတ်အိပ်မက်များကို ပုံဖော်နိုင်သည့် ယုံကြည်ချက်၊ ခံယူချက်၊ ပညာနှင့်အတွေ့အကြုံများကို MIU မှ ဖန်တီးပေးထားပါတယ်။


■ CAREER OPPORTUNITIES

အင်္ဂလန်နိုင်ငံမှတိုက်ရိုက်အသိအမှတ်ပြုသော နိုင်ငံတကာအသိအမှတ်ပြုဘွဲ့ဖြစ်သည့်အပြင် မြန်မာနိုင်ငံ၏ ထိပ်တန်းစီးပွားရေးကုမ္ပဏီများ အဖွဲ့အစည်းများနှင့်လည်း ချိတ်ဆက်ထားသောကြောင့် အများထက်သာလွန်သော အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုရရှိနိုင်မှာပဲဖြစ်ပါတယ်။










01 380233-234 / 09 732 10001 အမှတ်(၁)၊ဈေးမြောက်လမ်း (ဦးဝိစာရအဝိုင်းအနီး)၊ ဘုရားကြီးရပ်ကွက်၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။


PACIFIC Group
Oramin-F
အမျိုးသမီး အဆင့်မြင့်အားဆေး
Oramin-F ကို ယခင်မူလလက်ဟောင်းပုံစံ ကတ်ခွံအကြည်ရောင် ဆေးလုံးအစိမ်း ပုံစံမှ အသွင်သစ် ကတ်ခွံအစိမ်းရောင် Oramin-F စာတမ်းပါ ဆေးလုံးအညိုရောင် ပုံစံသစ်သို့ ပြောင်းလဲရောင်းချ ဖြန့်ဖြူး၍ Customer များ လက်သို့ ပို့ဆောင်ပေးသွားမှာ ဖြစ်ပါတယ်။ လက်ရှိအချိန်ကာလတွင် နဂိုမူလလက်ဟောင်း ပုံစံရော၊ အသွင်သစ် ပုံစံသစ်ရော အမြို့မြို့ အနယ်နယ်ရှိ ဆေးဆိုင်များတွင် ဝယ်ယူရရှိနိုင်ပါကြောင်း အသိပေးအပ်ပါတယ်။
(၁၀) နှစ် ကျော်တိုင် အမျိုးသမီးများ ယုံကြည်စိတ်ချစွာ သုံးစွဲနေသော Oramin-F သည် မပြောင်းလဲသောအာနိသင်ဖြင့် ပိုမိုကောင်းမွန်တဲ့ဆေး ကတ်ပုံစံသစ်ဖြင့် သုံးစွဲသူမိဘပြည်သူများထံ ဖြန့်ဖြူးမည်ဖြစ်ပါကြောင်း သတင်းကောင်းပါးလိုက်ပါတယ်။
မပြောင်းလဲတဲ့အာနိသင်၊ မပြောင်းလဲတဲ့ဘူးဒီဇိုင်း၊ လှပတဲ့ဆေးကဒ်ပုံစံသစ်နဲ့ .....
နှပျိုလင်းလက်စွမ်းအင်ထက် အမျိုးသမီးတိုင်းအတွက်
'အော်ရာမင်-အက်ဖ်'
Oramin-F
Soft Cap.
Korean Ginseng + Royal Jelly
30 Cap.
Natural Korean Ginseng
Royal Jelly
Multi-Vitamins
Minerals
AA Medical Products Ltd.
လှပတဲ့ဆေးကတ်
ပုံစံသစ်
Oramin-F
Oramin-F
A A Medical Products Ltd.
Medical
Customer Hotline (1): 01-9000674, 9000677-681 (Ext: 100, 200, 300, 400, 203)
Customer Hotline (2): 01-370010 (Ext: 322, 332, 316, 327)
Korean ginseng & royal jelly

NAY GABAR MYANMAR
NGBM Construction Co.,Ltd








ROYAL MAUNG BAMAR RESIDENCE ၂၀၁၉ ခုနှစ် ဒုတိယအကြိမ် အထူးအရောင်းပြပွဲအား ဖေဖော်ဝါရီလ (၂၃) (၂၄) ရက်နေ့များတွင် အမှတ်(၁၅၊၁၅-က) မွှာရုံလမ်း လှိုင်မြို့နယ်ရှိ PROJECT တည်ရှိရာနေရာတွင် ကျင်းပပြုလုပ်သွားမည်ဖြစ်ပါသဖြင့် လာရောက်လေ့လာဝယ်ယူနိုင်ပါသည်။














Show Room : Tower (A),Unit-1B,Royal Sin Min Condo,Corner Of Strand Rd & Ahlone St,Ahlone Twp,Yangon.
Ph : 09-5022717, 01-218023, 09-250076710, 09-450208797. Email : ngbm.con@gmail.com Website: www.naygabarmyanmar.com

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
## ဦးဘကြင်
## အသက်(၉၃)နှစ်

မန္တလေးမြို့ဝါးတန်းရပ်နေ ဦးကာ-ဒေါ်အုန်းခင်(သင်းနံ့လက်ဖက်စို လက်ဖက်ခြောက်ပွဲရုံ)တို့၏ သား၊ ဦးထွန်းဦး-ဒေါ်အုန်းတင် (ပြည်သူ့သစ္စာ ဆီစက်)တို့၏ သားသမက်၊ ဦးသိန်းငွေ-ဒေါ်ဆွေဆွေကြင် (မဟာရုရွှေဆိုင်)၊ ဦးမျိုးကြင်-ဒေါ်ခင်သန်းအေး (မိုးကုတ်မြို့)၊ ဒေါ်ဝေဝေကြင်၊ ဒေါ်ချစ်ချစ်ကြင် တို့၏ ဖခင်၊ မမေသူသိန်းငွေ၊ ကိုစည်သူသိန်းငွေ၊ ကိုသန်းနိုင်ထွန်း-မမေမြတ်နိုးကြင်(စင်ကာပူ)၊ ဒေါက်တာကောင်းမြတ်မျိုးကြင်-မမိုးမိုးအောင် (လုရတီအမျိုးသမီးဖက်ရှင်နှင့်ဒီဇိုင်း)တို့၏ အဘိုး၊ မေဘလ်မြတ်နိုးထွန်း၊ ကေသရီမြတ်နိုးထွန်းတို့၏ ဘိုးဘိုးကြီး၊ မန္တလေးမြို့ ဂုဏ်တန်ရပ်၊ (၈၃)လမ်း၊ ၃၁×၃၂ လမ်းကြားနေ ဒေါ်သောင်းသောင်းကြင် ၏ ချစ်လှစွာသောခင်ပွန်းသည် ၂၀-၂-၂၀၁၉ (ဗုဒ္ဓဟူးနေ့) ည ၇ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၂-၂-၂၀၁၉ (သောကြာနေ့) နံနက် ၁၁ နာရီတွင် အထက်ပါနေအိမ်မှ အေးရိပ်ငြိမ်သုသာန်သို့ ပို့ဆောင် သဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

---

### ကပ္ပတိန် စိုးလင်းသန်း (၄၉) နှစ်
**B.S.C (D.S.A) အပတ်စဉ် (၃၃)**
**ဗိုလ်မှူး (ငြိမ်း)၊ တပ်မတော်-ရေ**
### ဒေါ်ချောစုစုလင်း (၄၅)နှစ်
**B.S.C (Chem)**

ရန်ကုန်မြို့ မြောက်ဒဂုံမြို့နယ်၊ (၃၆)ရပ်ကွက်နေ ဦးသန်း-ဒေါ်သန်းမြင့်တို့၏သားနှင့် သမီးချွေးမ၊ မိတ္ထီလာမြို့နေ (ဦးစိုးမြင့်-ဒေါ်မြခိုင်)တို့၏သားသမက်နှင့် သမီး၊ ဦးမင်းအောင်(ခေတ္တ-စင်ကာပူ)၏ ညီနှင့်ညီမ၊ ကိုစိုးမြင့်သန်း၊ ကိုစိုးမိုးသန်း(အီလက်စထရိုပိုစတားကုမ္ပဏီ)တို့၏အစ်ကိုနှင့် အစ်မ၊ မအိမ်သက်ပိုင်မှူး၊ မသော်တာထက်စံတို့၏ချစ်လှစွာသော ဖခင်နှင့် မိခင်သည် ၂၁-၂-၂၀၁၉ (ကြာသပတေးနေ့)တွင် ရုတ်တရက်ကွယ်လွန်သွားပါသဖြင့် ၂၃-၂-၂၀၁၉ (စနေနေ့) နံနက် ၁၀ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ မိတ်ဆွေများအား အကြောင်းကြားအပ်ပါသည်။(တိုက်-၄၁၊ခြောက်လွှာ-A၊ပုသိမ်လမ်း၊စမ်းချောင်းမြို့နယ် နေအိမ်မှကားများ နံနက် ၇း၃၀ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

---

### အထူးဝမ်းနည်းကြေကွဲခြင်း
### Capt:စိုးလင်းသန်း (ဗိုလ်မှူး-ငြိမ်း) စတသ(၃၃)
### အသက်(၄၉)နှစ်
### ဒေါ်ချောစုစုလင်း B.S.C (Chmy) အသက်(၄၅)နှစ်

သူငယ်ချင်း စိုးလင်းသန်းနှင့် ဇနီး ဒေါ်ချောစုစုလင်းတို့ မမျှော်လင့်ဘဲ ရုတ်တရက် ကွယ်လွန်သွားပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူ ထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**စတသ (၃၃)မှ သူငယ်ချင်း မိသားစုများ**

---

## အထူးဝမ်းနည်းကြေကွဲခြင်း
### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်အုန်းကြည်
## အသက်(၉၄)နှစ်

သစ်တောထွက်ပစ္စည်းဖက်စပ်ကော်ပိုရေးရှင်းကုမ္ပဏီလီမိတက်ဥက္ကဋ္ဌ ဦးခွန်အောင်စိုး-ဒေါ်နန်းအေးအေးမြင့်တို့၏ မိခင်ဖြစ်သူသည် ၁၉-၂-၂၀၁၉ ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ဒါရိုက်တာအဖွဲ့နှင့်ဝန်ထမ်းများ**

**သစ်တောဖက်စပ်**

---

### ဝမ်းနည်းကြေကွဲခြင်း
### ပါမောက္ခ ဒေါ်ခင်မမ
**ဒုတိယ ပါမောက္ခချုပ်(ငြိမ်း)၊ မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ်(ရေဆင်း)**
### အသက် (၇၂) နှစ်

မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ်၊ ပါမောက္ခချုပ်(ငြိမ်း)ဒေါက်တာဦးမောင်မောင်စံ(စာရေးဆရာ ကြည်မင်း/ကျော်စောမင်း)၏ဇနီးဖြစ်သူ ကျေးဇူးရှင် ဆရာမကြီး ဒေါက်တာဒေါ်ခင်မမ အသက် (၇၂) နှစ်သည် ၂၀-၂-၂၀၁၉ ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**(၂၀၁၁) ဘွဲ့ရ မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်**

**ကျောင်းသား/ကျောင်းသူများ**

---

### ဝမ်းနည်းကြေကွဲခြင်း
### ပါမောက္ခ ဒေါက်တာ ဒေါ်ခင်မမ
**ဒုတိယပါမောက္ခချုပ်(ငြိမ်း)၊ မွေးဆေးတက္ကသိုလ်**
### အသက်(၇၂)နှစ်

ဒုတိယပါမောက္ခချုပ်(ငြိမ်း)၊ ပါမောက္ခဒေါက်တာဦးမောင်မောင်စံ (စာရေးဆရာ ကြည်မင်း)၏ ဇနီး ပါမောက္ခဒေါက်တာဒေါ်ခင်မမသည် ၂၀-၂-၂၀၁၉ ရက် နံနက်တွင် ကွယ်လွန်သွားကြောင်း သိရပါသဖြင့် မိသားစုနှင့် ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**၁၉၇၂-၇၈ တိမွေး-ကု တက္ကသိုလ်**

**တပည့်ဟောင်းများ**

---

## အနိစ္စ

### ဘုရား၊ ကျောင်း ဒါယိကာမကြီး
### ဒေါ်ယိုဝါး(ခ)လောင်ယိုဝါး
**(ပုသိမ်မြို့)**
### အသက်(၉၉)နှစ်

ပုသိမ်မြို့ မာတရပ်၊ ကမ်းနားလမ်း၊ အမှတ်(၄၇၄)နေ (ဦးလောင်စင်-ဒေါ်လု)တို့၏ သမီး၊ (ဦးစွန်းနီး-ဒေါ်စပု)တို့၏ သမီးချွေးမ၊ ဦးလိုင်ဟုတ်(ခ)ရှာလိုင်ဟုတ်၏ ချစ်လှစွာသောဇနီး၊ ဦးလှအေး-(ဒေါ်ရှုကြည်)၊ (ဦးကြည်လွင်)-ဒေါ်လှလှမြင့်၊ ဦးအုန်းခင်-ဒေါ်မော်မော်ဝင်း၊ (ဦးတင်မောင်)-ဒေါ်ကြည်ကြည်ခင် (ခေတ္တ-U.S.A)၊ ကိုငွေဝင်း၊ ကိုသောင်းငွေ၊ ကိုစိုးဝင်းတို့၏ မွေးသမိခင်၊ မြေးကိုးယောက်၊ မြစ်နှစ်ယောက်တို့၏ အဘွားသည် ၂၁-၂-၂၀၁၉ (ကြာသပတေးနေ့) နံနက် ၁၁း၄၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၃-၂-၂၀၁၉ (စနေနေ့) မွန်းလွဲ ၂ နာရီတွင် သရောင်းချောင်းသုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်ပြီး ကျန်ရှိသောအရိုးပြာကို ကြက်မောက်ကုန်း၌ ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါ၍ ရပ်ဝေး ရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

---

### ဦးကြိုစစ်ခင်(ခ)ဦးချစ်ခင်
### အသက်(၉၆)နှစ်
**(ယခင်ရွှေတောင်တန်းလမ်း)**

ရန်ကုန်မြို့ လမ်းမတော်မြို့နယ်၊ (၆) ရပ်ကွက်၊ အနော်ရထာလမ်း၊ အမှတ် (၁၉၈) သုံးလွှာ(A)နေ (ဦးကြိုစီဖောင်-ဒေါ်ငွေပို့)တို့၏ သားကြီး၊ (ဒေါ်တန်မွန်း)၏ ခင်ပွန်း၊ ဦးစောလွင်-ဒေါ်အုန်းရီ၊ ဒေါ်ရှုကြည်-(ဦးသိန်းဝင်း)၊ (ဦးကျော်စိန်)-ဒေါ်တန်ဘိလေ၊ ဒေါ်ဒေစီ-ဦးမြင့်ဝင်း၊ ဦးအောင်လင်း-ဒေါ်ရှုတီ၊ ဒေါ်ခင်သန်းမြင့်-ဦးခင်မောင် တို့၏ အစ်ကိုကြီး၊ ဒေါ်ခင်ဝင်း၊ ဒေါ်သန်းသန်းဝင်း-ဦးငြိမ်းမောင်၊ ဒေါ်စန်းစန်းဝင်း၊ ဒေါ်စန်းစန်းရီ-ဦးသန်းနိုင်ထွန်း၊ (ဒေါ်စန်းစန်းထွေး-ဦးကြည်ဝင်း)၊ (ဦးဝင်းကြူ)၊ ဦးဟိုမင်း-ဒေါ်သဇင်အောင် တို့၏ မွေးသဖခင်ကျေးဇူးရှင်၊ မြေး ၁၀ ယောက်၊ မြစ်သုံးယောက်တို့၏ ချစ်လှစွာသော အဘိုးသည် ၂၁-၂-၂၀၁၉ (ကြာသပတေးနေ့) နံနက် ၉း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၃-၂-၂၀၁၉ (စနေနေ့) နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၉ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

---

### ခရစ်တော်၌ အိပ်ပျော်ခြင်း
### နော်နီးရာ
### အသက် (၈၀)

ရန်ကုန်မြို့ အင်းစိန်မြို့နယ်၊ တောင်သူကုန်းရပ်ကွက်၊ မ/၂၄၊ စောဘဲလေလမ်းနေ (ဦးဖိုးဟန်-နော်ရာဟဲ)တို့၏မွေးချင်း ခုနစ်ယောက်မြောက် တတိယသမီး၊ (ဦးစောဘုထော)၏ ချစ်လှစွာသော ဇနီး၊ Saw Andrew Taw-ဆရာမနော်ဖေါသာ၊ စောစိုင်းခေထော၊ နော်လူစီထော-Yo Shi Ya၊ နော်ဆာမယ်ထော-(စောကော်ကွီး)၊ စောဩဂတ်ထော-နော်စီပိုးရာ၊ (စောမြသိန်း)တို့၏မိခင်ကြီး၊ မြေးကိုးယောက်၊ မြစ်တစ်ယောက်တို့၏ ဘွားဘွားကြီး နော်နီးရာသည် ၂၀-၂-၂၀၁၉ (ဗုဒ္ဓဟူးနေ့) ည ၈း၃၀ နာရီတွင် ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ၂၂-၂-၂၀၁၉ (သောကြာနေ့) နံနက် ၉ နာရီတွင် နံ့သာကုန်းကရင်နှစ်ခြင်းအသင်းတော်၌ ဝတ်ပြုကိုးကွယ်၍ ရေဝေးခရစ်ယာန်ဂိုဏ်းပေါင်းစုံ ဥယျာဉ်တော်၌ မြေသို့ အပ်နှံမည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီး ဆွေမျိုးမိတ်ဆွေသင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ပါမောက္ခ ဒေါက်တာဒေါ်ခင်မမ (Vilma Nyi Bu)
**B.V.S (Rgn), M.V. Sc (Yezin), D.V.C.S (Palmerston North)**
**ဒုပါမောက္ခချုပ်(စီမံ)(ငြိမ်း)၊ ရေဆင်းမွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ်**
### အသက် (၇၂) နှစ်

ရန်ကုန်မြို့ စမ်းချောင်းမြို့နယ်၊ စမ်းချောင်းတောင်ရပ်ကွက်၊ မြင့်မိုရ်လမ်း၊ အမှတ်(၇)နေ (ဦးညီပု-ဒေါ်ကြင်စီ)တို့၏သမီးကြီး၊ (ဦးအောင်မွန်)-ဒေါ်တင်အေးတို့၏ ညီမ၊ (ဦးဉာဏ်ဝင်း-ဒေါ်ဒေါ်လီ)၊ ဒေါက်တာကျော်စိုး-ပါမောက္ခ ဒေါက်တာမာတူးညီပု (ဒေါ်ခင်ကြည်ဖောင်ဒေးရှင်း)၊ ဦးဝင်းမြင့်-ဒေါ်ခင်မာထွေးတို့၏ အစ်မ၊ ဒေါက်တာရဲဇော်ဟန်-မနှင်းလဲ့ဝေ(မင်းတိရစ္ဆာန်ဆေးကုခန်း)၊ ကိုချမ်းအေးလင်း(ခေတ္တ-စင်ကာပူ)-မစုသက်နှင်း (လက်ထောက်ညွှန်ကြားရေးမှူး၊ စီးပွား/ကူးသန်းဝန်ကြီးဌာန)၊ ကိုလှိုင်းသစ်ဇင်ဝေ(ခ)သာလွန်ဖောင်းထက်(အယ်ဒီတာချုပ်၊ ရန်ကုန်ခေတ်သစ်မီဒီယာ၊ တွဲဖက်အတွင်းရေးမှူး-၂၊ မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီ)-မမြနှင်းအေး (အကြီးတန်းအမှုဆောင်အယ်ဒီတာ၊ The Voice Weekly)၊ မခင်နှင်းကြည်သာ (တစ်ကိုယ်တော်ပရဟိတသမားများကွန်ရက်)တို့၏ မိခင်၊ မြေးသုံးယောက်တို့၏ ချစ်လှစွာသောအဘွား၊ ဒေါက်တာမောင်မောင်စံ(ခ)စာရေးဆရာ ကြည်မင်း/ကျော်စောမင်း(မွေး/ဆေး၊ ဒုပါချုပ်-ငြိမ်း)၏ဇနီး ဒေါက်တာဒေါ်ခင်မမသည် ၂၀-၂-၂၀၁၉ ရက် နံနက် ၇ နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၊ အထူးကြပ်မတ်ကုသဆောင်၌ ကွယ်လွန်သွားပါသဖြင့် ၂၂-၂-၂၀၁၉ (သောကြာနေ့) ညနေ ၄ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၂း၃၀နာရီတွင် ထွက်ပါမည်။) [ကွယ်လွန် သူအားရည်စူး၍ ၂၆-၂-၂၀၁၉ (အင်္ဂါနေ့)တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

### ဘုရား၊ ရဟန်း၊ ကျောင်း၊ ရေတွင်း၊ ရေကန် ဒါယကာကြီး
## ဦးအောင်သူဆန်း(ခ)ကိုလတ် အသက်(၇၀)

ရန်ကုန်မြို့နေ (ဗိုလ်မှူးတင့်ဆန်း-ဒေါ်တင်တင်ရီ)-ဒေါ်တင်တင်ညွန့် တို့၏ သား၊ FMI City နေ (ဦးကြင်မောင်-ဒေါ်ခင်ဝင်း)တို့၏ သားသမက်၊ ဘုရင့်နောင်သိန်းပွဲရုံနေ (ဒေါ်ငွေငွေရီ)၏ ခင်ပွန်း၊ [ဘိုဘို(ခ)ဟိန်းအောင်သူလင်း]၏ ဖခင်၊ (ဦးသက်တင်ဆန်း)-ဒေါ်ရီရီစိန်၊ ဗိုလ်မှူးကြီးစိုးမြင့်(ငြိမ်း)-ဒေါ်ချိုချိုဆန်း၊ ဦးဇော်လွင်-ဒေါ်လဲ့လဲ့ဆန်း တို့၏ ညီ/မောင်၊ ဦးဇော်သူဆန်း-ဒေါ်ရီရီမိုး၊ (ဦးကျော်သူဆန်း)-ဒေါ်စင်မြကြည်၊ ဦးမျိုးသူဆန်း-ဒေါ်ခင်ခင်ငြိမ်း၊ (ဦးသန်းထွဋ်ဦး)-ဒေါ်ဝင်းလင်းဆန်း၊ (ဦးကြည်သူဆန်း)-ဒေါ်ယဉ်ယဉ်ရွှေ တို့၏အစ်ကို၊ တူ/တူမ ၂၀ ယောက် တို့၏ ဦးလေး၊ မြေး ၂၆ ယောက်၊ မြစ်နှစ်ယောက် တို့၏ အဘိုး သည် ၂၁-၂-၂၀၁၉ (ကြာသပတေးနေ့) နံနက် ၆း၅၀ နာရီတွင် ခုတင်(၅၀၀)ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၃-၂-၂၀၁၉ (စနေနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (အမှတ်-၅၈၀၊ အနန္တဂုဏ်ရည်လမ်း၊ မေတ္တာညွန့်နေအိမ်မှ ကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၇-၂-၂၀၁၉ (ဗုဒ္ဓဟူးနေ့) နံနက် ၇ နာရီမှ ၁၁ နာရီအထိ အမှတ်-၅၈၀၊ အနန္တဂုဏ်ရည်လမ်း၊ မေတ္တာညွန့်နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

---

### ဘုရား၊ ရဟန်း၊ ကျောင်း၊ ရေတွင်း၊ ရေကန် ဒါယကာကြီး
## ဦးအောင်သူဆန်း(ခ)ကိုလတ်
## အသက်(၇၀)

ရန်ကုန်မြို့ ယခင် ဘုရင့်နောင်ပွဲရုံနေ (ဦးကြင်မောင်-ဒေါ်ခင်ဝင်း)တို့၏ သားသမက်၊ [ဒေါ်ငွေငွေရီ(ခ)မကြည်ပိုး]၏ ခင်ပွန်း၊ [ဘိုဘို(ခ)ဟိန်းအောင်သူလင်း]၏ ဖခင်၊ (ဦးစိုးအောင်)-ဒေါ်လဲ့လဲ့ဝင်း၊ ဦးဆန်နီ-ဒေါ်ဘေဘီထင်အောင်-ဒေါ်သန်းသန်းအေး၊ ဒေါ်ငွေငွေစိန်တို့၏ အစ်ကို၊ ဦးမြဟန်(ခ)ဦးချိန်း-ဒေါ်ကြည်စန်းချစ်၊ ဦးလှအောင်(ခ)ဦးကျွမ်း-ဒေါ်ငြိမ်းငြိမ်းအေး၊ ဦးသန်းထွဋ်(ခ)ဦးတိုးတိုး-ဒေါ်ခင်ဝင်းရီ(ခ)မတုပ်တုပ်တို့၏ အစ်ကို၊ တူ/တူမ ၁၆ ယောက် တို့၏ ဦးလေး၊ မြေး ၁၀ ယောက် တို့၏ အဘိုးသည် ၂၁-၂-၂၀၁၉ (ကြာသပတေးနေ့) နံနက် ၆း၅၀ နာရီတွင် ခုတင်(၅၀၀)ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၃-၂-၂၀၁၉ (စနေနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (အမှတ်-၅၈၀၊ အနန္တဂုဏ်ရည်လမ်း၊ မေတ္တာညွန့်နေအိမ်မှကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၇-၂-၂၀၁၉ (ဗုဒ္ဓဟူးနေ့) နံနက် ၇ နာရီမှ ၁၁ နာရီအထိ အမှတ်-၅၈၀၊ အနန္တဂုဏ်ရည်လမ်း၊ မေတ္တာညွန့်နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

---

### အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူခြင်း
## ဟာဂျီဦးအောင်ထွန်း(သစ်တောဦးစီးဌာန)
## အသက် (၅၂) နှစ်

ရန်ကုန်မြို့၊ဗိုလ်တထောင်မြို့နယ်၊(၄၂)လမ်းနေ [HJ ဦးသိန်းကျော် (အကောက်ခွန်ဌာန)]-ဟာဂျီမဒေါ်နုနုတို့၏သား၊ ကျောက်တံတားမြို့နယ်၊ ဆိပ်ကမ်းသာလမ်းနေ ဦးဘစံ(ကုန်သွယ်လယ်ယာ-ငြိမ်း)-(ဒေါ်လှလှသန်း)တို့၏သားသမက်၊ ဒေါ်နီနီစံ (အထက-၂၊ ဗိုလ်တထောင်မြို့နယ်)၏ခင်ပွန်း၊ မနှင်းရတီအောင် (ဆေးဘက်ဆိုင်ရာ နည်းပညာတက္ကသိုလ်)၊ မနှင်းဝတီအောင်(ရန်ကုန်နည်းပညာတက္ကသိုလ်)တို့၏ဖခင်၊ Australiaနိုင်ငံ၊ Sydney မြို့နေ ဒေါ်သိန်းသိန်းနု-ဦး ခင်မောင်ကြီး၊ ဒေါ်သိန်းသိန်းရီ-ဦးခင်ဇော်၊ ဦးအောင်လင်း-ဒေါ်ခင်ရီတို့၏ညီ/မောင်၊ Londan မြို့နေ Dr.ညီလေးမောင်၊ Australia နိုင်ငံ၊ Sydney မြို့နေ Dr.သိန်းသိန်းယု-ဦးတင်မောင်၊ ဒေါ်သိန်းထွေးနုတို့၏အစ်ကိုသည် ၁၇-၂-၂၀၁၉ (တနင်္ဂနွေနေ့)တွင် အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူသွားပါသဖြင့် ၁၈-၂-၂၀၁၉ (တနင်္လာနေ့) ညနေ ၅ နာရီတွင် ရေဝေး သုသာန်၌ ဒါဖနာပြီးစီးပါကြောင်း ရပ်နီးရပ်ဝေးရှိ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြား အပ်ပါသည်။ ကျန်ရစ်သူမိသားစု

---

## ဝမ်းနည်းကြေကွဲခြင်း
## ပါမောက္ခဒေါက်တာခင်မမ
### ဒုတိယ ပါမောက္ခချုပ်(ငြိမ်း)၊ မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ်
## အသက် (၇၂) နှစ်

မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ်၊ ဒုတိယ ပါမောက္ခချုပ် (ငြိမ်း)၊ ပါမောက္ခ ဒေါက်တာမောင်မောင်စံ၏ချစ်လှစွာသောဇနီး ပါမောက္ခ ဒေါက်တာခင်မမ အသက် (၇၂) နှစ်သည် ၂၀-၂-၂၀၁၉ ရက် နံနက်ပိုင်းတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် ကျန်ရစ်သူဆရာတို့၏ မိသားစုနှင့် ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ချစ်တပည့်များ**

**1996-2003 Batch**
**UVS, Yezin**

---

## ဦးကိုကိုသိန်း (မြောင်းမြ)
**ငွေစာရင်းမင်းကြီးရုံး(ငြိမ်း)**
### အသက်(၉၁)နှစ်

ရန်ကုန်မြို့ သဃ်န်းကျွန်းမြို့နယ်၊ ၁၆/၃ ရပ်ကွက်၊ ပြည်သာယာလမ်း၊ အမှတ်(၃၄၁/A)နေ (ဦးဘိုးရင်-ဒေါ်ရွှေစိန်)တို့၏ သား၊ ဒေါ်ရင်မေ၏ ခင်ပွန်း၊ (ဒေါ်မမသိန်း)၊ [ဒေါ်မမကြည်(ကျန်းမာရေးဆရာမ-ငြိမ်း)]တို့၏ မောင်၊ ဒေါ်မမရီ၊ (ဒေါ်မမအေး)တို့၏ အစ်ကို၊ ဦးဇော်ဇော်သိန်း၊ ဒေါ်မော်မော်သိန်း၊ ဦးကိုကိုနိုင်သိန်း၊ ဦးညီညီနိုင်သိန်းတို့၏ ဖခင်ကြီး၊ မြေးလေးယောက်၊ မြစ်နှစ်ယောက် တို့၏ ဘိုးဘိုးကြီးသည် ၂၀-၂-၂၀၁၉ (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁၂း၁၅ နာရီတွင် အထက်ပါနေအိမ်၌ ကွယ် လွန်သွားပါသဖြင့် ယင်းနေ့ ညနေ ၄း၃၀ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်ပြီးဖြစ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၂၆-၂-၂၀၁၉ (အင်္ဂါနေ့) နံနက် ၇ နာရီမှ ၁၀ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် အသိပေးအကြောင်းကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## ဦးခင်မောင်လေး (၈၂)နှစ်
**မြန်မာ့ဆိပ်ကမ်းအာဏာပိုင် (ငြိမ်း)**
**ပါတီယူနစ်ကော်မတီဝင် (ပုဇွန်တောင်မြို့နယ်)**

မကွေးတိုင်းဒေသကြီး၊ ရေနံချောင်းမြို့နယ်၊ စိန်ပန်းပင်ရွာနေ (ဦးထွန်းလှိုင်-ဒေါ်ဖွားယုံ)တို့၏သား၊ ရေနံချောင်းမြို့နယ်၊ ညောင်လှရပ်နေ (ဦးဟုတ်လှိုင်-ဒေါ်ထွန်းရင်) တို့၏သားသမက်၊ ဦးတင့်နိုင်(ဗိုလ်မှူး-ငြိမ်း)-ဒေါ်စုစုလှိုင်(ဒုတိယဝန်ကြီး-ငြိမ်း၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန)၊ ဦးယုလေးမောင်-ဒေါ်မြသန်း (ခ) မိချို (ဝမ်းဘဲခေါက်ဆွဲစက်ရုံ)၊ ဦးယုလေးအောင် (အုပ်ချုပ်ရေးမှူး၊ စည်ပင်၊ တာမွေ)-ဒေါ်ခိုင်ခိုင်အေး(အရှေ့ပိုင်းခရိုင်၊ စည်ပင်ရုံး)၊ ဒေါက်တာကျော်သူ-ဒေါ်သူဇာအောင်(MACLE Gem Trade Leboratory)တို့၏ မွေးသဖခင်၊ မောင်ဆန်းဦးမောင်၊ မောင်မင်းခန့်ကျော်သူတို့၏ အဘိုး၊ ဒဂုံမြို့သစ်တောင်ပိုင်းမြို့နယ်၊ (၂၅)ရပ်ကွက်၊ ရွှေနှင်းဆီ(၃)လမ်း၊ အမှတ်(၁၂)နေ ဒေါ်အုံးမြင့်၏ ခင်ပွန်းသည် ၂၁-၂-၂၀၁၉ (ကြာသပတေးနေ့) နံနက် ၅း၀၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၃-၂-၂၀၁၉ (စနေနေ့) ညနေ ၃ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁း၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၇-၂-၂၀၁၉ (ဗုဒ္ဓဟူးနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

---

### ဘုရား၊ ရဟန်း၊ ကျောင်း၊ တံတား ဒါယိကာမကြီး
## ဒေါ်ဝင်းမေ
## အသက်(၇၇)နှစ်
**နေပြည်တော်**

ရန်ကုန်မြို့ ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်၊ (၃၉/A)ရပ်ကွက်၊ အမှတ်(၃၉၉)၊ ဦးဘဝင်းလမ်းနေ (ဦးဂွမ်းနန်း-ဒေါ်ကုလားမ)တို့၏ သမီး၊ (ဦးသာရင်-ဒေါ်ပုလေး)တို့၏ သမီးချွေးမ၊ ဒေါ်ကျင်ဒေါင်း ၏ ညီမ၊ [ဦးစံရှိန် (ရဲမှူး-ငြိမ်း)]၏ ဇနီး၊ ဦးထင်ကျော်ဝင်း-ဒေါ်သစ်သစ်ရှိန်၊ ဒေါ်ပိုင်ပိုင်စံ၊ ဦးရဲမောင်မောင်မြင့်-ဒေါ်စိုင်စိုင်ရှိန် တို့၏ မွေးသမိခင်၊ မမေဖုန်းသစ်ကျော် (ပထမနှစ်-ဂုဏ်ထူးတန်း၊ ဘူမိဗေဒဌာန၊ ဒဂုံတက္ကသိုလ်)၏ အဘွား ဒေါ်ဝင်းမေသည် ၂၁-၂-၂၀၁၉ (ကြာသပတေးနေ့) နံနက် ၅း၅၀ နာရီတွင် လမ်းမတော်မြို့နယ်၊ ရွှေလမင်းအထူးကုဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ ဆန္ဒအရ ယင်းနေ့ နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင် သင်္ဂြိုဟ်ပြီးစီးပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၂၇-၂-၂၀၁၉ (ဗုဒ္ဓဟူးနေ့)တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ရပ်နီးရပ်ဝေး ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## ဦးစိန်ကျော်သန်း
**စက်ရုံမှူး (ငြိမ်း)၊ အမှတ်-၂ ဓာတ်မြေဩဇာစက်ရုံ၊ ကျွန်းချောင်း**
**မြန်မာ့ရေနံဓာတုလုပ်ငန်း**
### အသက် (၇၃) နှစ်

ရန်ကုန်မြို့ တာမွေမြို့နယ်၊ ဗညားဒလလမ်း၊ အမှတ်(၁၃၄)၊ ငါးလွှာနေ (ဦးဘထွန်း-ဒေါ်လွင်လွင်)တို့၏သား၊ သရက်မြို့နေ (ဦးချိစလင်-ဒေါ်ခင်အေး)တို့၏ သားသမက်၊ ဒေါ်ဝင်းဝင်းအေး(လက်ထောက်စက်ရုံမှူး-ငြိမ်း၊ ရေနံချက်စက်ရုံ-သန်လျင်)၏ခင်ပွန်း၊ ကိုရဲမြင့်အောင်(PEB Steel)-မငြိမ်းစန္ဒီမောင်(MMN Shipping)၊ မမေသီတာလွင် (TPBI & MYANMAR STAR)၊ မဆုထက်လွင်(MYAT MIBA Construction)တို့၏ဖခင် ဦးစိန်ကျော်သန်းသည် ၂၀-၂-၂၀၁၉ (ဗုဒ္ဓဟူးနေ့)တွင် ကွယ်လွန်သွားပါသဖြင့် ၂၂-၂-၂၀၁၉ ရက် ညနေ ၅ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၂ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၆-၂-၂၀၁၉ (အင်္ဂါနေ့) နံနက် ၇ နာရီမှ ၁၀ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

---

## ဦးစိန်ကျော်သန်း
**စက်ရုံမှူး (ငြိမ်း)၊ အမှတ်-၂ ဓာတ်မြေဩဇာစက်ရုံ၊ ကျွန်းချောင်း**
**မြန်မာ့ရေနံဓာတုလုပ်ငန်း**
### အသက် (၇၃) နှစ်

ရန်ကုန်မြို့ တာမွေမြို့နယ်၊ ဗညားဒလလမ်း၊ အမှတ်(၁၃၄)၊ ငါးလွှာနေ (ဦးဘထွန်း-ဒေါ်လွင်လွင်)တို့၏သား၊ (ဦးလှကျော်မင်း)-ဒေါ်သန်းသန်းနွဲ့၊ (ဦးအောင်သူရ-ဒေါ်မြင့်မြင့်ဦး)၊ (ဦးလှမြတ်ဦး)၊ (ဦးထွန်းအောင်ရှိန်ဝင်း)-ဒေါ်မူမူသစ်၊ ဦးလှဘဦးတို့၏အစ်ကို၊ မစုရည်နွယ်၊ Dr.ဝေလင်းရှိန်၊ မစုသီရိခေတ်၊ ကိုကောင်းလတ်သူ၊ မဖူးသစ်နွယ်တို့၏ဘကြီး ဦးစိန်ကျော်သန်းသည် ၂၀-၂-၂၀၁၉ (ဗုဒ္ဓဟူးနေ့)တွင် ကွယ်လွန်သွားပါသဖြင့် ၂၂-၂-၂၀၁၉ ရက် ညနေ ၅ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၂ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၆-၂-၂၀၁၉ (အင်္ဂါနေ့) နံနက် ၇ နာရီမှ ၁၀ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

# ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ် ကိုရီးယား-မြန်မာ လွှတ်တော်များအကြား ချစ်ကြည်ရေးအသင်းဥက္ကဋ္ဌအား လက်ခံတွေ့ဆုံ

**နေပြည်တော် ဖေဖော်ဝါရီ ၂၁**

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်သည် ကိုရီးယား-မြန်မာ လွှတ်တော်များအကြား ချစ်ကြည်ရေးအသင်းဥက္ကဋ္ဌ H.E. Mr. Kim Jaewon အား ယနေ့ညနေ ၃ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

**အမြင်ချင်းဖလှယ်ဆွေးနွေး**

ထိုသို့တွေ့ဆုံစဉ် မြန်မာ-ကိုရီးယားနှစ်နိုင်ငံ အစိုးရအချင်းချင်း၊ လွှတ်တော်အချင်းချင်း၊ ပြည်သူအချင်းချင်း ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှု ဆက်လက်တိုးမြှင့်ဆောင်ရွက်ရေး၊ လွှတ်တော်များ၏ ဥပဒေပြုရေးဆိုင်ရာ ကိစ္စရပ်များ၊ ရင်းနှီးမြှုပ်နှံမှုများ တိုးမြှင့်ရေးနှင့် စိုက်ပျိုးရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် နည်းပညာအထောက်အကူပြုရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

**တက်ရောက်**

တွေ့ဆုံပွဲသို့ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးထွန်းထွန်းဟိန်၊ ကော်မတီဥက္ကဋ္ဌများဖြစ်ကြသော ဦးခင်မောင်ဝင်း၊ ဦးဇော်သိန်း၊ ဦးခင်အေးနှင့်ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

**သတင်းစဉ်**



ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ် ကိုရီးယား-မြန်မာ လွှတ်တော်များအကြား ချစ်ကြည်ရေးအသင်းဥက္ကဋ္ဌ H.E. Mr. Kim Jaewon အား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။

# ရွှေဘို-မြစ်ကြီးနားကားလမ်း အကျယ် ၁၈ ပေချဲ့၍ နိုင်လွန်ကတ္တရာခင်း

**ရန်ကုန် ဖေဖော်ဝါရီ ၂၁**

ရွှေဘို-မြစ်ကြီးနားကားလမ်းသည် စစ်ကိုင်းတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်ကို ဆက်သွယ်ထားသော ပြည်ထောင်စုလမ်းမကြီးဖြစ်ပြီး စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ရွှေဘိုမြို့မှ ကချင်ပြည်နယ် နန့်စီအောင်အထိ ၃၈၉ မိုင်ရှိသည်။ ရွှေဘိုခရိုင် ရွှေဘိုမြို့နယ်တွင် မိုင်တိုင်အမှတ် ၀/၀ မှ ၈/၅ အထိ ၈ မိုင် ၅ ဖာလုံ၊ ခင်ဦးမြို့နယ်တွင် မိုင်တိုင်အမှတ် ၈/၅ မှ ၂၂/၄ အထိ ၁၃ မိုင် ၇ ဖာလုံနှင့် ကန့်ဘလူမြို့နယ်တွင် မိုင်တိုင်အမှတ် ၂၂/၄ မှ ၈၄/၃ အထိ ၆၁ မိုင် ၇ ဖာလုံတို့ကို ဖြတ်သန်းဖောက်လုပ်ထားသည်။



ရွှေဘို-မြစ်ကြီးနားလမ်းအား နိုင်လွန်ကတ္တရာခင်းထားသည်ကို တွေ့ရစဉ်။

**စတင်ဖောက်လုပ်**

ပြည်ထောင်စုလမ်းမကြီး ဖြစ်သောကြောင့် ပြည်ထောင်စုအစိုးရအဖွဲ့က စီမံခန့်ခွဲသောလမ်းဖြစ်သည်။ လမ်း၏နောက်ခံသမိုင်းမှာ လမ်းစတင်မဖောက်လုပ်မီက ရွှေဘိုမှ မြောက်ဘက်ဗီးကုန်းအထိ ဆည်မြောင်းဌာနပိုင် မဟာနန္ဒာတူးမြောင်းဘက်မှ ယာဉ်များသွားလာကြသည်။ လမ်းစတင်ဖောက်လုပ်သော ၁၉၆၂-၁၉၆၃ ခုနှစ်က လမ်းကို ရွှေဘိုမှ စတင်မဖောက်လုပ်ဘဲ ဗီးကုန်းမှ စတင်ဖောက်လုပ်ခဲ့သည်။ မူလစီမံကိန်းအရ ဗီးကုန်းမှ ကောလင်း-ရွှေတွင်းလမ်းဆုံအထိ ဖောက်လုပ်ပြီး ကောလင်း-ရွှေတွင်းလမ်းဆုံမှ ဝန်းသိုလမ်းဟောင်းအတိုင်း ဖြတ်ကာ မဲဇာမြစ်ကို မီးရထားတံတားဖြင့်ဖြတ်ကျော်ပြီး အင်းတော်-နဘားအထိလည်းကောင်း၊ နဘားမှ နန့်စီအောင်အထိလည်းကောင်း ဖောက်လုပ်ခဲ့သည်။

၁၉၆၂-၁၉၆၃ ခုနှစ်မှစတင်၍ ၁၉၇၄-၁၉၇၅ ခုနှစ်အထိ ဗီးကုန်း-ယမနေ-ဘော အပိုင်းအထိ ၄၂ မိုင်နှင့် နဘား-နန့်စီအောင် အထိ ၂၂ မိုင် တို့ကို မြေကြီးလမ်းအဖြစ်

**စာမျက်နှာ ၁၃ ကော်လံ ၅ သို့ ❖**

# အာဆီယံ ယူ-၂၂ ပြိုင်ပွဲ မြန်မာနှင့် မလေးရှား ယနေ့ကစားမည်

**ရန်ကုန် ဖေဖော်ဝါရီ ၂၁**

ကမ္ဘောဒီးယားနိုင်ငံ၌ ကျင်းပလျက်ရှိသည့် ၂၀၁၉ အာဆီယံ ယူ-၂၂ ပြိုင်ပွဲ အုပ်စုနောက်ဆုံးနေ့ကို ဖေဖော်ဝါရီ ၂၂ ရက်တွင် ကျင်းပမည်ဖြစ်ပြီး မြန်မာအသင်းအနေဖြင့် ဆီမီးဖိုင်နယ်တက်ရောက်ခွင့် လက်ကျန်မျှော်လင့်ချက်အတွက် အဆုံးအဖြတ်ခံယူရမည်ဖြစ်သည်။ အုပ်စု(ခ)နောက်ဆုံးနေ့အဖြစ် ဖေဖော်ဝါရီ ၂၂ ရက် မြန်မာစံတော်ချိန် ညနေ ၆ နာရီတွင် မြန်မာနှင့် မလေးရှား၊ ကမ္ဘောဒီးယားနှင့် အင်ဒိုနီးရှားအသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

မြန်မာအသင်းသည် အဖွင့်ပွဲတွင် အင်ဒိုနီးရှားကို သရေကျခဲ့သလို ဒုတိယပွဲတွင် အိမ်ရှင်ကမ္ဘောဒီးယားကို အရေးနိမ့်ခဲ့သောကြောင့် ဆီမီးဖိုင်နယ်တက်ရောက်ခွင့် အနည်းငယ်သာ ကျန်ရှိတော့ခြင်းဖြစ်သည်။ မြန်မာအသင်းသည် ဆီမီးဖိုင်နယ် တက်ရောက်ခွင့်အတွက် မလေးရှားကိုအနိုင်ရရန် လိုအပ်သလို နှစ်မှတ်ရထားသည့် အင်ဒိုနီးရှားအသင်း နိုင်ပွဲမရမှသာ တက်ရောက်နိုင်မည်ဖြစ်သည်။ မြန်မာအသင်းသည် ပထမပွဲကစားရမည်ဖြစ်သောကြောင့် မလေးရှားကိုအနိုင်ရရန် လိုအပ်သလို ဒုတိယပွဲ ကစားရမည့်ပွဲတွင်

**စာမျက်နှာ ၁၃ ကော်လံ ၅ သို့ ❍**

## ကြေးမုံ သတင်း အညွှန်း



**OIC၊ EU နှင့် UNHRC တို့၏ မြန်မာနိုင်ငံဆိုင်ရာ လူ့အခွင့်အရေးအခြေအနေ ဆုံးဖြတ်ချက်အား ထိထိရောက်ရောက် တုံ့ပြန်သွားရေး တိုက်တွန်းကြောင်းအဆို လက်ခံဆွေးနွေးရန် ဆုံးဖြတ်**

စာမျက်နှာ » ၆

.......................

**နိုင်ငံခြားရေးဝန်ကြီးဌာနက ဘင်္ဂလားဒေ့ရှ်သံအမတ်ကြီးအား ခေါ်ယူ၍ နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေးလုပ်ငန်းစဉ် စတင်ရေးနှင့် ဘင်္ဂလားဒေ့ရှ်ဘက်မှ ထိန်းသိမ်းထားသော ရဲတပ်သားအား ပြန်လည်လွှဲပြောင်းရေး ကိစ္စရပ်များ ပြောကြား**

စာမျက်နှာ » ၉

"ထူးချွန် ပြောင်မြောက်သူတို့၏ အောင်မြေအမှန်"

ဂုဏ်ထူး ဦးသိန်းနိုင် ကိုယ်ပိုင်အထက်တန်းကျောင်း

(KG မှ တက္ကသိုလ်ဝင်တန်းအထိ)

ဤအထက်တန်းကျောင်းကြီးတွင် တက်ရောက်နေသူ ဘော်ဒါကျောင်းသား/သူများနှင့် DAY ဘော်ဒါများ အားလုံး

■ နံနက် ၇း၃၀ နာရီ မှ ၁၂း၁၅ နာရီအထိ ကျောင်းတက်ချိန်။
■ ၁၂း၁၅ မှ ၁း၀၀ နာရီအထိ နေ့လယ်စာ ထမင်းစားချိန် ခေတ္တနား။
■ နေ့လယ် ၁း၀၀ နာရီ မှ ၅း၃၀ နာရီအထိ ဝါရင့် ကျွမ်းကျင် GUIDE ဆရာ (၆) ဦးနှင့် GUIDE အချိန်။
■ ညနေ ၆း၀၀ နာရီ မှ ၇း၃၀ နာရီအထိ သီးခြား ဝါရင့် ကျွမ်းကျင် GUIDE တစ်ဖွဲ့နှင့် ထပ်မံ GUIDE လုပ်ပြီး တစ်နေ့တာ လေ့ကျင့်ခန်းများ ပြီးစီးအောင် လုပ်ချိန်။
■ ည ၈း၃၀ မှ ၁၀း၃၀ နာရီအထိ စာ အရကျက်ချိန်။

မူလတန်းအတွက် အထူးစီစဉ်ထားရှိမှု

ပညာရေး အဆင့်မြင့် ဝခန်းသွင်း ဘော်ဒါ နှင့် နေ့တက် ဘော်ဒါ

မြေအမှတ် ၂၀(A)+၂၀(B)၊ ORANGE SUPER MART နှင့်ကပ်လျက် ရွှေနားပန်ဘုရားလမ်း၊ ဝေဇယန္တာလမ်းမကြီး၊ သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်။

ဆရာမ ဒေါ်ကြည်ကြည်တင် M.Sc(Final)

အတုမရှိ၊ အတူမရှိ ပညာရေးအင်အား

• မြန်မာစာ-ဂုဏ်ထူးဦးသိန်းနိုင်
• အင်္ဂလိပ်စာ-ဆရာနေအုပ်(စိန်ပေါ်လ်) -ဂုဏ်ထူးဦးအောင်နိုင်
• သင်္ချာ-ဒေါက်တာညီညီ(Ph.D)
• ရူပဗေဒ-ပါမောက္ခ ဒေါက်တာထွန်းခင်
• ဓာတုဗေဒ-ဆရာမကြီး ဒေါ်ဆွေညွန့်လွင် -ဆရာ ဇော်လင်းအောင်
• ဇီဝဗေဒ-ဒေါက်တာ ဇီဝ(Dr. ညီညီနိုင်)
• ဘောဂဗေဒ-စိုင်းစိန်မြင့်အောင်

စာစီစာကုံးတန်းများ

၈၊၉၊၁၀ သင်ရိုးကုန်တန်းခွဲများ

မတ်လ (၉) ရက် ဖွင့်မည်။

ဂုဏ်ထူးမြန်မာစာ နည်းပြ